# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်းတောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ အမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်း ဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။ **ဇရာဝဂ်(ဓမ္မပဒ-၁၄၆)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၁၄)





မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး သံဃာတော်အပါး နှစ်သောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် နှစ်နိုင်ငံပြည်သူများက ဆရာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။ သတင်းစဉ်

# မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေး သံဃာတော်အပါး နှစ်သောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မန္တလေးမြို့၌ စည်ကားသိုက်မြိုက်

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာအလှူရှင်များနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဓမ္မကာယဖောင်ဒေးရှင်း အလှူရှင်များ စုပေါင်းလှူဒါန်းသည့် သံဃာတော် အပါး နှစ်သောင်း ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို မန္တလေးမြို့ ချမ်းမြသာစည်လေဆိပ်၌ ယနေ့နံနက်ပိုင်းက အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာလင်းနှင့် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အိန္ဒိယကောင်စစ်ဝန်ချုပ်နှင့် ဧည့်သည်တော်များ၊ အလှူရှင်များ၊ ဌာနဆိုင်ရာ အသီးသီးနှင့် စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❀

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကြာမီကာလအတွင်း အိန္ဒိယနိုင်ငံ သွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံတွင် ကျင်းပမည့် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက် ဆက်ဆံရေး (၂၅)နှစ်မြောက် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်ရန်အတွက် မကြာမီကာလအတွင်း အိန္ဒိယသမ္မတနိုင်ငံသို့ သွားရောက်မည် ဖြစ်သည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

၂၁-၁-၂၀၁၈

| | | |
|---|---|---|
| ဟားခါး | -၂ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၂ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၂ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၄ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၄ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၅ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၅ | ဒီဂရီစင်တီဂရိတ် |
| သီပေါ | ၆ | ဒီဂရီစင်တီဂရိတ် |
| လားရှိုး | ၆ | ဒီဂရီစင်တီဂရိတ် |
| နောင်ချို | ၆ | ဒီဂရီစင်တီဂရိတ် |
| ညောင်ရွှေ | ၆ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၆ | ဒီဂရီစင်တီဂရိတ် |


**မန်းရွှေစက်တော်ဘုရား ခြေတော်ရာနှစ်ဆူနှင့် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ** စာ » ၉

**ညောင်ချောင်းသာကမ်းခြေ ဇန်နဝါရီ ၂၃ ရက်တွင် ဖွင့်မည်၊ အပန်းဖြေ လည်ပတ်သူများဖြင့် စည်ကားနေ** စာ » ၉

**ကယ်လီဖိုးနီးယား မြောက်ပိုင်းတွင် အမျိုးသမီး တစ်သိန်းကျော်ခန့် လူထုစုဝေးမှုတွင် ပါဝင်** စာ » ၁၄





# အဂတိလိုက်စားမှုတိုက်ဖျက်ရေး ခြေလှမ်းများ

မြို့နယ်တရားသူကြီးတစ်ဦး၊ မြို့နယ်ဥပဒေအရာရှိတစ်ဦးနှင့် အထက်တန်းရှေ့နေတစ်ဦးတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က မကြာသေးမီက တရားစွဲဆိုအရေးယူဆောင်ရွက်ခဲ့သည်။ သစ်တောဥပဒေဖြင့် အရေးယူခံရသောအမှုမှ သက်သေခံမော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာမသိမ်းဘဲ ပိုင်ရှင်ထံ ပြန်ပေးစေရေးအတွက် ကျပ်ငွေ သိန်းဆယ်ဂဏန်းများနှင့်ချီ၍ လာဘ်ငွေရယူခဲ့ခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူက တိုင်ကြားခဲ့ရာမှ တရားသူကြီး၊ ဥပဒေအရာရှိနှင့် ရှေ့နေတို့မှာ ဥပဒေနှင့် တစ်ပြန်တစ်လှည့် ရင်ဆိုင်ရသည့်ဘဝသို့ ကျရောက်ခဲ့ရခြင်းဖြစ်သည်။ သတင်းတွင် ဖော်ပြထားချက်အရ ၎င်းတို့မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်ဟု ဆိုထားရာ တရားဥပဒေ၏အာဏာစက်ဝန်းမှ မည်မျှကြာကြာ ပြေးနိုင်ပါမည်နည်းဟူ၍ စောကြောဖွယ်ရာဖြစ်သည့်အပြင် ရာထူးတာဝန်က ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုသူတို့အတွက် သတိသံဝေဂယူဖွယ်ရာပင်ဖြစ်သည်ဟု ညွှန်းဆိုလိုသည်။

ယမန်နှစ် နိုဝင်ဘာလ ၂၃ ရက်နေ့က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အသစ်ကို နိုင်ငံတော်သမ္မတက ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီးသည့်နောက် ကော်မရှင်သစ်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို လက်ရှိအခြေအနေအရ အတတ်နိုင်ဆုံး၊ အကောင်းဆုံး ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရသည်။ လက်ရှိအခြေအနေအရဟု ဆိုရာတွင် ၂၀၁၃ ခုနှစ်ကပြဋ္ဌာန်းခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပါရှိနေသည့် အားနည်းချက်များကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းလုပ်ဆောင်နိုင်မှု အတိုင်းအတာမှာ အကန့်အသတ်များရှိနေခဲ့ပြီး ဥပဒေပါ အချို့သောအချက်အလက်များကြောင့် အဂတိလိုက်စားမှုများကို တိုင်ကြားရန်၊ စုံစမ်းဖော်ထုတ်ရန်အတွက် အခက်အခဲ အဟန့်အတားများသဖွယ်ရှိနေခြင်းကြောင့်ပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် အမြစ်တွယ်လျက်ရှိသည့် အဂတိလိုက်စားမှုများမှာ အောက်ခြေလမ်းဘေး လက်ဖက်ရည်ဖိုး၊ ကွမ်းဖိုးအဆင့်မှသည် ဘီလီယံနှင့်ချီသည့် အဆင့်ထိ နေရာဌာနတိုင်းတွင် ရှိနေသည်ဟု ပြည်သူအများက ယုံကြည်ထားကြသလို နိုင်ငံတကာတွင်လည်း အဂတိလိုက်စားမှုအညွှန်းကိန်းအရ အမျိုးသားရေးဂုဏ်သိက္ခာကို ညစ်နွမ်းထိပါးလျက်ရှိနေရာ အမြစ်ပြတ်သည်အထိ ဖယ်ရှားရှင်းလင်းသွားရမည်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ဟုပင်ဆိုရမည်ဖြစ်သည်။ ယခုအခါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြထားပြီးဖြစ်ရာ ယခင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏လုပ်ငန်းများကို ထိထိရောက်ရောက် မလုပ်ကိုင်နိုင်အောင် အဟန့်အတားဖြစ်နေသည့် ဥပဒေပုဒ်မများကို အစားထိုးဖြည့်စွက်ပြင်ဆင်မှုများ ပြုလုပ်ထားသည်။ ဥပဒေကိုအတည်ပြုပြဋ္ဌာန်းနိုင်ပြီဆိုပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ သွက်သွက်လက်လက် ထိထိရောက်ရောက်လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း ရှုမြင်မှုများ၊ သုံးသပ်မှုများရှိနေသည်ကိုလည်း တွေ့ရသည်။

အဂတိလိုက်စားမှုသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ကိုယ်ကျင့်သိက္ခာကို ထိခိုက်စေနိုင်သလို နိုင်ငံနှင့်လူမျိုးတို့၏ ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်းစေသည်။ အဂတိလိုက်စားမှု ကျယ်ကျယ်ပြန့်ပြန့် အမြစ်တွယ်နေသည့် တိုင်းပြည်မျိုးတွင် လူတို့၏ အကျင့်စရိုက်များ နိမ့်ကျစေခြင်း၊ တရားဥပဒေစိုးမိုးမှု ပျက်ပြားစေခြင်း၊ သဘာဝသယံဇာတများ ဆုံးရှုံးစေခြင်း၊ ဆင်းရဲနွမ်းပါးမှုသံသရာမှ ရုန်းမထွက်နိုင်ခြင်း၊ နိုင်ငံ့ဘဏ္ဍာများ ဆုံးရှုံးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျခြင်း စသည်တို့အပါအဝင် မြောက်မြားလှစွာသော ဆိုးကျိုးများကိုခံစားရကာ နာလန်မထူနိုင်သည့် နိုင်ငံဘဝသို့ ရောက်ရှိနေစေမည် ဖြစ်သည့်အလျောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အားမာန်အသစ်နှင့် ခြေလှမ်းများကို ကြိုဆိုအပ်ပါကြောင်း။ ။

## စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်

**သီပေါ ဇန်နဝါရီ ၂၁**

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအလေ့အကျင့်ကောင်းများရရှိပြီး လယ်ယာထွက်ကုန်များ ပိုမိုအထွက်ကောင်းရေးနှင့် ကျေးလက်လူနေမှု စီးပွားဘဝတိုးတက်လာစေရေးကို ရည်ရွယ်လျက် သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပန်မြိုင်းကျေးရွာတွင် ဇန်နဝါရီ ၁၈ ရက်က ရွာဦးဘုန်းတော်ကြီးကျောင်း၌ အသိပညာပေးသင်တန်းဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရာဇာအောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးတို့က စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပို့ချ၍ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပြီး လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## နှစ်လဲသက်တမ်းတိုးယာဉ်များအတွက် နှစ်လဲမော်တော်ယာဉ် စစ်ဆေးရက်ချိန်းကို ကြိုတင်စာရင်းသွင်းရမည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နှစ်လဲသက်တမ်းတိုးယာဉ်စီးရေများပြားသဖြင့် အချိန်ကြာမြင့်ခြင်း၊ လမ်းများပေါ်တွင် တန်းစီစောင့်ဆိုင်းရသည့် ယာဉ်များကြောင့် ယာဉ်ကြောကျပ်တည်းမှု ဖြစ်ပေါ်ခြင်းများ လျော့နည်းသက်သာစေရန်အတွက် နှစ်လဲမှတ်ပုံတင်ယာဉ်စစ်ဆေးရက်ချိန်းကို ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System) ကို ဇန်နဝါရီ ၂ ရက်မှစတင်၍ ပြောင်းလဲကျင့်သုံး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Online Booking System စတင်ကျင့်သုံးသည့် ဇန်နဝါရီလအတွင်း၌ ယာဉ်ပိုင်ရှင်များအနေဖြင့် Online Booking System ကို သတိမပြုမိကြခြင်း၊ မည်သို့လုပ်ဆောင်ရမည်ကို မသိရှိခြင်းတို့ကို ထည့်သွင်းစဉ်းစားလျက် Booking မလုပ်ဘဲရုံးသို့ ရောက်ရှိလာသော ယာဉ်အားလုံးကို လုပ်ငန်းများ လက်ခံဆောင်ရွက်ပေးလျက်ရှိသော်လည်း ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်လဲ မှတ်ပုံတင်ယာဉ် စစ်ဆေးရက်ချိန်းကို ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System)ဖြင့် ဆောင်ရွက်မှုမရှိသည့် မော်တော်ယာဉ်အား သက်တမ်းတိုးလုပ်ငန်းများလက်ခံဆောင်ရွက်ပေးမည် မဟုတ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြိုတင်အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့အကျိုးပြု သက်ံချောင်းတံတား မကြာမီ ဖွင့်လှစ်မည်

**ဘိုကလေး ဇန်နဝါရီ ၂၁**



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း မိုင်တိုင် (၈/၅) တွင်တည်ရှိသော သက်ံချောင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ ၂၀၁၂ ခုနှစ် မေ ၅ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလကုန်၌ အပြီးသတ် တည်ဆောက်မည်ဖြစ်သည်။

အဆိုပါတံတားကြီးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက်တွင် ဘိုကလေးမြို့နယ်နှင့် ကျေးရွာပေါင်း ၂၀ ကျော်ကို ဆက်သွယ်ပေးထားကာ တံတားကြီးမှာ ပေ ၂၃၁၀(၇၀၄ မီတာ) ရှည်လျားသည်။ ယာဉ်သွားလမ်းမှာ ၂၄ ပေ ကျယ်ဝန်းပြီး လူသွားလမ်းမှာ တစ်ဖက်စီကို သုံးပေ ခြောက်လက်မ ကျယ်ဝန်းသည်။ သံကူကွန်ကရစ်တံတားဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ်မှာ ၂၁၅ ပေနှင့် အမြင့် ပေ ၄၀ ရှိသည်။

ဤတံတားကြီး ပြီးစီးပါက ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်ရှိ ကျေးရွာပေါင်း ၂၀ ၌ နေထိုင်ကြသော ပြည်သူများ၏ သဘာဝဘေးကြုံတွေ့ပါက လျင်မြန်စွာရှောင်တိမ်းနိုင်ခြင်း၊ ထောက်ပံ့ရေးပစ္စည်းများ လျင်မြန်စွာ ပေးပို့နိုင်ခြင်း၊ ကျေးရွာနေပြည်သူများ၏ စီးပွားရေး၊လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍတို့တွင် ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်းနှင့် ဒေသထွက်ကုန်စည်များလည်း ရန်ကုန်တိုင်းဒေသကြီးသို့ တိုက်ရိုက်ကုန်သွယ်နိုင်မည်ဖြစ်သဖြင့် အဓိက ကုန်စည်စီးဆင်းမှု အသက်သွေးကြောလမ်းမကြီးတစ်ခု ဖြစ်လာတော့မည်ဖြစ်ကြောင်း စီမံကိန်း၏ တာဝန်ရှိသူများထံမှ သိရသည်။

**ဘိုကလေး(မြန်/ဆက်)**

## အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ရဲတပ်သားသစ် (အမျိုးသမီး) သင်တန်းဆင်း

**ရမည်းသင်း ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း ရဲတပ်သားသစ်(အမျိုးသမီး)သင်တန်း အမှတ်စဉ်(၄၂/၂၀၁၇) သီဟတပ်ခွဲ သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၉ ရက်က ရမည်းသင်းမြို့ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ကြီး ရဲမှူးကြီး စန်းလွင်က ရဲတပ်သားသစ် (အမျိုးသမီး) သင်တန်းအမှတ်စဉ် (၄၂/ ၂၀၁၇) သင်တန်းဆင်း သီဟတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီး သင်တန်းဆင်းတပ်ခွဲအား လိုက်လံစစ်ဆေးကာ စံပြကျောင်းသူဆုရ ကျောင်းသူ အမှတ် (၁၀၅) အိသော်ဇင်၊ လေ့ကျင့်ရေး ထူးချွန်ဆုရ ကျောင်းသူ အမှတ်(၄၄)မေဖြိုးသူ၊ဥပဒေထူးချွန်ဆုရ ကျောင်းသူ အမှတ်(၇၇)ခိုင်သဇင်ဦးနှင့် ရဲကျင့်ဝတ် ထူးချွန်ဆုရ ကျောင်းသူ အမှတ်(၁၀၉) မျိုးစန္ဒာဝင်းတို့ကို ကျောင်းအုပ်ကြီးက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မောင်မွှေး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၀-၁-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၁၀/၈၃၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၂၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၅၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၆ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၇ ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ ·၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၂ ·၁ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၀ |
| တရုတ် | တစ်ယွမ် | ၂၀၉ ·၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ ·၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✽ ရှေ့ဖုံးမှ

ရှေးဦးစွာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကြွရောက်တော်မူကြသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ပြည်ပနိုင်ငံများမှ ကြွရောက်လာကြသည့် ဆရာတော် သံဃာတော်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အဖွဲ့က လေဆိပ်ခန်းမဆောင်၌ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

**အခမ်းအနား ဖွင့်လှစ်**

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က ဖယောင်းတိုင်များအား ထွန်းညှိပူဇော်ကြပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်များက ပန်းများကပ်လှူပူဇော်ကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတိုက် ဆရာတော်ကြီး၏ ဩဝါဒအသံဖိုင်ကို နာယူကြပြီး ကြွရောက်လာကြသည့် ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားသဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ထိုင်းနိုင်ငံမှ အလှူရှင်ခြောက်ဦးက ပစ္စည်းလေးပါး ဆက်ကပ်မှုကို တိုင်တည်ရွတ်ဆို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ကမ္ဘာတစ်လွှားသို့ ထွန်းကား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ယနေ့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာ-ထိုင်း အလှူရှင်များက သံဃာတော်အပါး နှစ်သောင်း ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကြီးကို ကျင်းပဆောင်ရွက်ခွင့်ရသဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များအားလုံးတို့၏ ကိုယ်စား ဝမ်းမြောက်ဝမ်းသာကြည်နူးမှုဖြစ်ရပါကြောင်းနှင့် ယခုကဲ့သို့ ဆရာတော်သံဃာတော် အရှင်သူမြတ်များက ပရိယတ္တိ ပဋိပတ္တိတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပြီး ဒါယကာ ဒါယိကာမများဘက်ကလည်း ပစ္စည်းလေးပါးတို့ကို လှူဒါန်းခြင်းဖြင့် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဟူသော ဥပမာကဲ့သို့ ဆရာဒကာ လက်တွဲညီညာစွာ ဆောင်ရွက်ပါက မြတ်စွာဘုရားရှင်သာသနာတော်မြတ်ကြီးသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့မှသာမက ကမ္ဘာတစ်လွှားသို့ပင် ထွန်းကားပြန့်ပွားနိုင်မည်ဟု ယုံကြည်မိပါကြောင်း လျှောက်ထားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များနှင့် ထိုင်းနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များအတွက် ကုသိုလ်ဒါနမျိုးစေ့ချ၍ ဗုဒ္ဓပူဇာမင်္ဂလာကို ဆည်းပူးဆောင်ရွက်နိုင်ကြစေရန် ယခုကဲ့သို့ ထိုင်းနိုင်ငံ ဓမ္မကာယ အလှူရှင်များနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်တကွ မြန်မာနိုင်ငံအတွင်းရှိ အလှူရှင်များ အားလုံးတို့က ကုသိုလ်တရားများကို အစဉ်ထာဝရ တိုးပွားအောင် ဆောင်ရွက်ကြရန် အခွင့်အခါကောင်းကြီးကို ရရှိခဲ့ကြသည့်အတွက် နှစ်နိုင်ငံ ပြည်သူများ ကိုယ်စား ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း လျှောက်ထားသည်။

ထို့နောက် ထိုင်းနိုင်ငံ အလှူရှင်များက ဝမ်းမြောက်စကားလျှောက်ထားပြီး သံဃာတော်အပါး နှစ်သောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးလင်းက ကျေးဇူးတင်စကား ပြန်လည်လျှောက်ထားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာဘိဝံသထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**သဒ္ဓါတရားထက်သန်**

ယင်းနောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက် ကျင်းပရာ သံဃာတော်အပါး နှစ်သောင်းတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည့် နေရာသို့ ကြွရောက်ပါရန် ပင့်ဖိတ်ပြီး အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက သံဃာတစ်ပါးလျှင် ဝတ္ထုငွေကျပ် သုံးသောင်းစီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်း ကုသိုလ်ပြုကြသည်။

**စေတနာရှင်များက ဒါနပြု**

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးသို့ မန္တလေးမြို့နှင့် အနီးဝန်းကျင်ဒေသများမှ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ယာဉ်လိုင်းများ၊ အခြေခံပညာနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက လုပ်အားပေး ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ လာရောက်ကြသည့် ဧည့်ပရိသတ်များအား စေတနာရှင် အလှူရှင်များကလည်း အာဟာရမုန့်များ၊ နှမ်းမနဲများ၊ အားဖြည့်အချိုရည်များနှင့် သောက်ရေသန့်များကို ဒါနပြုခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)၊ အေးမြ(မန္တလေး)**



မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး သံဃာအပါး နှစ်သောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဆရာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်စဉ်။ သတင်းစဉ်



အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတို့က ဖယောင်းတိုင် ဆီမီးထွန်းညှိပူဇော်စဉ်။ သတင်းစဉ်



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

# သာသနာတော်ကြီး တိုးတက်စည်ပင် ပြန့်ပွားအောင်လုပ်တဲ့အတွက် ကုသိုလ်တွေ အများကြီးတိုးပွားပါတယ်

ဇန်နဝါရီ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာအလှူရှင်များနှင့် ထိုင်းနိုင်ငံ ဓမ္မကာယဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် သံဃာတော်အပါးနှစ်သောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ လေယာဉ်ကွင်းအတွင်း နှင်းမှုန်များအကြား၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



ဆရာတော် ခမ်းမဟာခုံဆန်ဓမ္မစနို
(ဓမ္မကာယကျောင်းတိုက် ထိုင်းနိုင်ငံ)



ပြည်ထောင်စုဝန်ကြီး
သူရဦးအောင်ကို



တိုင်းဒေသကြီးဝန်ကြီးချုပ်
ဒေါက်တာ ဇော်မြင့်မောင်



သီဟသုဓမ္မသိင်္ဂီ
ဒေါ်ရင်ရှင်



သုဓမ္မမဏိဇောတဓရ
ဦးစိုးလင်း

အဆိုပါ သံဃာတော်အပါးနှစ်သောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် ဆရာတော် သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အခမ်းအနား ဖြစ်မြောက်အောင် ဆောင်ရွက်ကြသူများနှင့် လှူဒါန်းကြသူများ၏ ကြည်နူးပျော်ရွှင်စွာ ပြောကြားခဲ့သည့် ပီတိစကားသံများကို ယခုလို ကြားသိခဲ့ရသည်။

**ပန်းမော်ဆရာတော်**
**ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ**
**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ)**

ဘုန်းဘုန်း သက်တော် ၈၉ နှစ်ရှိပြီ၊ သံဃာတော်အပါးနှစ်သောင်း ဆွမ်းကြီးလောင်းလှူပွဲကို တစ်ခါမှ မတွေ့ဖူးတဲ့အတွက် အခုလို မြင်တွေ့ရတာ ပီတိဖြစ်မိတယ်၊ သာသနာတော်ကြီး ဆက်လက်တိုးတက်စည်ပင် ပြန့်ပွားအောင် လုပ်တဲ့အတွက် ဒါယကာ ဒါယိကာမတွေလည်း ကုသိုလ်တွေ အများကြီး တိုးပွားပါတယ်၊ ဒီကုသိုလ် အရှိန်အဝါကြောင့် တိုင်းပြည်တစ်ခုလုံး ကျန်းမာချမ်းသာပြီး ဘုန်းကြီးသက်ရှည်၍ ရောဂါအန္တရာယ် ကင်းကြပါစေလို့ ဘုန်းဘုန်းက ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**
**(သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**

၂၀၁၇ ခုနှစ် ဒီဇင်ဘာလထဲမှာ ဘာသာသာသနာနဲ့ပတ်သက်ပြီး ခရစ္စမတ် အခမ်းအနားတွေကို ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ ကြီးကျယ်စွာ ကျင်းပခဲ့သလို အခြားမြို့တွေမှာလည်း ကျင်းပခဲ့ပါတယ်၊ ဒီလို ကျင်းပတဲ့အခါမှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တတ်အားသမျှ ကူညီပေးခဲ့ပါတယ်၊ တာဝန်ရှိသူတွေကလည်း ကိုယ်တိုင်တက်ရောက်ခဲ့ကြတယ်၊ ၂၀၁၈ နှစ်သစ် ဇန်နဝါရီရောက်လာတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ အထင်ကရဖြစ်တဲ့ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးမှာ သံဃာတော်အပါး တစ်သောင်းရှစ်ထောင်ကို ဆွမ်းဆန်စိမ်းလောင်းလှူပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကြီး ကျင်းပခဲ့ပါတယ်၊ အဲဒီအခမ်းအနားကလည်း ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့သမိုင်းမှာ အကြီးကျယ်ဆုံးနဲ့ အစည်ကားဆုံး အခမ်းအနား ဖြစ်ခဲ့ပါတယ်၊ အခု ဇန်နဝါရီလထဲမှာပဲ နေပြည်တော်မှာ မိုးထိမိုးမိကုမ္ပဏီနဲ့ နယ်ခံဒါယကာ ဒါယိကာမတွေအတူပူးပေါင်းပြီး သံဃာတစ်သောင်း ဆွမ်းလောင်းပွဲနဲ့ မဟာပဋ္ဌာန်းရွတ်ဆိုတဲ့ အခမ်းအနားကို ကျင်းပခဲ့ပါတယ်၊ အလားတူ ဒီနေ့မှာလည်း သံဃာတော်အပါးနှစ်သောင်းကို မြန်မာနဲ့ ထိုင်းနိုင်ငံတို့ ပူးပေါင်းပြီး မန္တလေးမြို့မှာ ဆွမ်းလောင်းပွဲကြီးကို ကျင်းပပါတယ်၊ ကျန်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း ဘာသာရေး အခမ်းအနားတွေနဲ့ တရားဓမ္မအသံတွေ ဖုံးလွှမ်းပြီး မြန်မာပြည်ကြီး အေးချမ်းသာယာအောင် ကုသိုလ်ကောင်းမှုတွေ လုပ်ဆောင်နေကြပါတယ်၊ ဒီကြားထဲမှာပဲ မလိုလားအပ်တဲ့ သွေးထိုးမှုတွေကြောင့် ရခိုင်ပြည်နယ် မြောက်ဦးဒေသမှာ ဝမ်းနည်းစရာဖြစ်စဉ်တွေလည်း ဖြစ်သွားခဲ့ပါတယ်၊ ဒါကလည်း အခြေအနေအမှန်ကို ဖော်ထုတ်ပြီးသွားရင် ပြေလည်သွားမှာ ဖြစ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်လည်း မြောက်ဦးဒေသကို တိုင်းရင်းသားတွေနဲ့ မြန်မာပြည်သူတွေရဲ့ဆန္ဒ၊ နိုင်ငံတော်အကြီးအကဲတွေရဲ့ဆန္ဒနဲ့အညီ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ဖို့အတွက် နိုင်ငံတကာပညာရှင်တွေကို ဖိတ်ခေါ်ကာ အသေးစိတ်ကွင်းဆင်းလေ့လာပြီး ညှိနှိုင်းအစည်းအဝေးပွဲ ကျင်းပဖို့လုပ်ထားပါတယ်၊ ဒီကိစ္စကို မဖြစ်မနေ ဆက်လုပ်သွားမှာပါ၊ နိုင်ငံရေးမှာ အပြုသဘောနဲ့ အဖျက်သဘောက ဒွန်တွဲနေပါတယ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ အစိုးရအဖွဲ့ဟာ လာမယ့်မတ်လမှာ နှစ်နှစ်သက်တမ်းပြည့်တော့မှာပါ၊ ဒီနှစ်နှစ်အတွင်းမှာ အတိုက်အခိုက် အတားအဆီး စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ကြုံတွေ့ခဲ့ရတာ အားလုံးမှတ်မိကြမှာပါ၊ ဒါတွေကို ကျော်လွှားပြီး အစိုးရသစ်အနေနဲ့ စီမံခန့်ခွဲမှုအပိုင်းမှာ အတွေ့အကြုံကောင်းတွေ ရရှိလာခဲ့ပါတယ်၊ မိတ်ကောင်းဆွေကောင်းတွေလည်း နိုင်ငံတကာမှာ ရရှိလာပြီဖြစ်ပါတယ်၊ အဲဒီအပေါ်မှုတည်လို့ ၂၀၁၈ ကစပြီး နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စီမံနိုင်မယ့် ခြေလှမ်းတွေကို စတင်လျှောက်လှမ်းနိုင်တော့မှာဖြစ်ပါတယ်၊ ဒါကြောင့် အခုလို ဘာသာရေးအခမ်းအနားတွေ ကျင်းပနိုင်ခြင်းကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး စီမံနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးရနိုင်ဖို့ အခြေခံကောင်းတွေ စတင်မြင်တွေ့နေရပြီလို့ ပြောကြားလိုပါတယ်။

**တိုင်းဒေသကြီးဝန်ကြီးချုပ်**
**ဒေါက်တာဇော်မြင့်မောင်**
**(မန္တလေးတိုင်းဒေသကြီး)**

ဒီသံဃာတော်နှစ်သောင်း ဆွမ်းဆန်စိမ်းလောင်းပွဲက မန္တလေးမြို့ရဲ့ပုံရိပ်ကို ဖော်ပြတာပါပဲ၊ မန္တလေး မြို့သူမြို့သားတွေက သာသနာနဲ့ ပတ်သက်ရင် စည်းလုံးတယ်၊ သာသနာမှာ ပစ္စည်းလေးပါး ဒါယကာလုပ်ရတာ ဝမ်းမြောက်ကြပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ အစိုးရအဖွဲ့က ကမကထ လုပ်ပေးတာပါ၊ ဒီလိုလောင်းလှူတဲ့ပွဲမှာ တတ်နိုင်သူတွေရော မတတ်နိုင်သူတွေပါ ပါဝင်လှူဒါန်းနိုင်အောင် သတင်းစာမှာ ကြော်ငြာပေးပါတယ်၊ ဒါကြောင့် အလှူငွေကလည်း ပြည့်စုံအောင် ရရှိသလို သံဃာတော်နှစ်သောင်းအတွက် တစ်ဦးချင်း လှူဒါန်းမယ့် အလှူရှင်တွေလည်း မထင်မှတ်ဘဲ အများအပြားရှိလာခဲ့ပါတယ်၊ ဒီပွဲကြီး အေးချမ်းအောင်မြင်အောင် ဆောင်ရွက်နိုင်တာက မန္တလေးမြို့ရဲ့ အောင်မြင်မှုကိုပြတာပါ၊ ဒီပွဲကြီးအတွက် တော်တော်ကို ကြိုးစားခဲ့ရပါတယ်၊ ဒီပွဲဟာ ပြည်သူတွေရဲ့ ကြိုးပမ်းမှုပါပဲ၊ ဒါကြောင့် အစိုးရနဲ့ပြည်သူ ညီညွတ်စွာ ဆောင်ရွက်မယ်ဆိုရင် ဘယ်အရာမဆို အောင်မြင်နိုင်တယ်ဆိုတာကို သတင်းပေးချင်ပါတယ်။

**ဒေါ်ရင်ရှင် (သီဟသုဓမ္မသိင်္ဂီ**
**New Star စိန်ရွှေရတနာဆိုင်)**

ကျွန်မတို့က သံဃာတော်အပါးနှစ်သောင်း ဆွမ်းလောင်းပွဲမှာ ထေရ်ကြီးဝါကြီး ဆရာတော်တွေနဲ့ ပြည်ပက ကြွရောက်လာတဲ့ သံဃာတော်တွေကို အရုဏ်ဆွမ်းနဲ့ နေ့ဆွမ်းဆက်ကပ်တဲ့ အလှူကို ပါဝင်လှူဒါန်းပါတယ်၊ ဒီလို ကြုံတောင့်ကြုံခဲအလှူပွဲမှာ လှူဒါန်းခွင့်ရတာ ဝမ်းသာပီတိဖြစ်ရပါတယ်၊ ကျွန်မရဲ့ကုသိုလ်တွေကို အားလုံး သာခုခေါ်ဆိုပြီး ကျွန်မနဲ့ ထပ်တူရရှိအောင် အမျှပေးဝေပါတယ်။

**ဦးကျော်ဝေ (မဟာသဒ္ဓမ္မဇောတိကဓဇ**
**အောင်ကောင်းကျော် ကုမ္ပဏီများအဖွဲ့ဥက္ကဋ္ဌ)**

ဒီပွဲကြီးမှာ ကျွန်တော်က အခမ်းအနား ပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါတယ်၊ အခုလို သံဃာတော်နှစ်သောင်းကို လှူဒါန်းတယ်ဆိုတာ တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ ဖြစ်မြောက်အောင် ဆောင်ရွက်လို့ မရနိုင်ပါဘူး၊ ပူးပေါင်းဆောင်ရွက်မှ ရမှာပါ၊ ဒီလို သံဃာတော်နှစ်သောင်းကို ဖူးမြော်ခွင့်ရတာ စိတ်ထဲမှာ အင်မတန်ကြည်နူးမိပါတယ်၊ ဗုဒ္ဓဘာသာကို ကမ္ဘာပြန့်အောင်၊ နိုင်ငံသူ နိုင်ငံသားတွေရဲ့ရင်ထဲမှာလည်း ကုသိုလ်တရားတွေ တိုးပွားလာအောင် ဒီလိုပွဲမျိုးတွေကို ဆောင်ရွက်ပေးသင့်ပါတယ်။ ကျွန်တော်တို့ ဘယ်လိုပဲပင်ပန်းပါစေ ဆက်ပြီးလုပ်သွားဖို့ ဆန္ဒရှိပါတယ်။

**ဆရာတော် ခမ်းမဟာခုံဆန်ဓမ္မစနို**
**(ဓမ္မကာယကျောင်းတိုက် ထိုင်းနိုင်ငံ)**

ဓမ္မကာယဖောင်ဒေးရှင်းအစီအစဉ်နဲ့ ဒီကို ကြွလာခဲ့တာပါ၊ ဆရာတော်နဲ့ သံဃာတော်အပါး ၁၀၀ ကျော်လောက် ပါဝင်ပါတယ်။ ဝေယျာဝစ္စအဖွဲ့က အယောက် ၂၀၀ ကျော်လောက် ရှိပါတယ်၊ ကမ္ဘာမှာ ဗုဒ္ဓသာသနာ တည်မြဲစေဖို့ အခုထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ ပူးပေါင်းပြီး ကုသိုလ်ပြုဆောင်ရွက်ခွင့်ရတာ အင်မတန် ဝမ်းမြောက်မိပါတယ်၊ သံဃာတော်အပါးနှစ်သောင်းကို လှူဒါန်းရတဲ့အတွက် ထိုင်းနဲ့မြန်မာက ဒါယကာနဲ့ ဒါယိကာမတွေကို အထူးကျေးဇူးတင်ပါတယ်။ အခုလို သာသနာအတွက် နှစ်နိုင်ငံ ဒါယကာ ဒါယိကာမတွေ ပူးပေါင်းပြီး ဆောင်ရွက်ကြတဲ့ ဒီအခမ်းအနားကြီးကို အမြဲသတိရပြီး ကြည်နူးနိုင်ကြပါစေ၊ နောင်လည်း ဒီလိုပွဲမျိုးဖြစ်မြောက်အောင် စွမ်းဆောင်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။

**ဦးစိုးလင်း (သုဓမ္မမဏိဇောတဓရ၊**
**အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ)**

ဒီအခမ်းအနားကြီးကို ဆောင်ရွက်ဖို့ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ အသီးသီးဖွဲ့ပြီး ရက် ၅၀ လောက် ကြိုးစားခဲ့ရတယ်၊ ဒီအလှူပွဲကြီးမှာ ထိုင်းနိုင်ငံဘက်က သိန်းလေးထောင်ပါဝင် လှူဒါန်းပါတယ်၊ ကျွန်တော်တို့ ကောက်ခံငွေက ဒီထက်ပိုပြီးရရှိပါတယ်၊ သံဃာတော်အပါးနှစ်သောင်း လှူဒါန်းဖို့ သိန်းရှစ်ထောင်မှန်းထားပြီး သံဃာတော်တစ်ပါးကို နဝကမ္မအလှူငွေ ကျပ်သုံးသောင်းနဲ့ အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ပြီး ကျန်ငွေကို အခမ်းအနား အသုံးစရိတ်တွေအနေနဲ့ သုံးစွဲခဲ့ပါတယ်၊ ကျွန်တော့်တစ်သက်မှာ ဒီလိုကြီးကျယ်ခမ်းနားတဲ့ အလှူပွဲမျိုးမကြုံခဲ့ဖူးပါဘူး၊ ဒီအလှူပွဲက သာသနာတော်အတွက် ထောက်ပံ့လှူဒါန်းမှုတွေရရှိသလို မန္တလေးတိုင်းဒေသကြီးရဲ့ ဂုဏ်ကိုလည်း မြှင့်တင်နိုင်ခဲ့ပါတယ်၊ အခုလာရောက်လောင်းလှူတဲ့ ပရိသတ်အပြင် ရုပ်မြင်သံကြားက ကြည့်နေတဲ့ တစ်ကမ္ဘာလုံးမှာရှိကြတဲ့ ဗုဒ္ဓဘာသာဝင်တွေအားလုံးရဲ့ ရင်ထဲမှာ ဖြစ်ပေါ်လာမယ့် ပီတိပမာဏကိုတွေးပြီး ဂုဏ်ယူဝမ်းသာလို့ မဆုံးပါဘူး၊ ဒီပွဲကို ကျွန်တော်တို့က ဦးဆောင်တယ်ဆိုပေမယ့် လိုအပ်တာအားလုံးကို အောက်ခြေသိမ်း လုပ်ကိုင်ပေးကြသူတွေရဲ့ လုပ်အားကို တန်ဖိုးဖြတ်လို့မရပါဘူး၊ အားလုံးကို ကျေးဇူးတင်ဝမ်းမြောက် လေးစားမိပါတယ်။

**ဒေါ်စန်း(သပိတ်ကျင်းမြို့)**

မန္တလေးမှာကျင်းပတဲ့ သံဃာတော်အပါးနှစ်သောင်းလောင်းလှူပွဲကို ဘယ်သူမဆို လာရောက်လှူဒါန်းနိုင်တယ်ကြားလို့ သပိတ်ကျင်းကနေ ညအိပ်လာပြီး ဆပ်ပြာနဲ့ဆန်ကို တတ်နိုင်သလောက် ရွာက နာရေးကူညီမှုအသင်းနဲ့ စုပေါင်းပြီး လာရောက်လှူဒါန်းတာပါ၊ တစ်ခါမှလည်း ဒီလို သံဃာတွေအများကြီးကို တစ်စုတစ်စည်းတည်း မဖူးမြော်ဖူး၊ မလှူဖူးလို့ အဒေါ်တို့ ရွာသူရွာသားတွေအားလုံး ပျော်ရွှင်ကြည်နူးနေကြပါတယ်။

**တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**



၂၀၁၈ ရိုးမ-ရန်ကုန် မာရသွန်ပြိုင်ပွဲတွင် ကလေးငယ်များလည်း ပါဝင်ယှဉ်ပြိုင်ကြစဉ်။ ဓာတ်ပုံ-တင်စိုး

❊ ကျောဖုံးမှ

အလှူပေါင်းစုံ၊ အရွယ်ပေါင်းစုံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ထားခြင်းကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် ပြိုင်ပွဲဝင် အရေအတွက် များပြားလာခြင်းဖြစ်သည်။ ကင်ညာအပြေးသမားများသည် ပြိုင်ပွဲအားလုံးတွင် ဗိုလ်စွဲနိုင်ခဲ့သလို ဒုတိယနှင့် တတိယဆုအများစုကိုလည်း ရယူနိုင်ခဲ့သည်။ မြန်မာ့အားကစားလောက ပြန်လည်ဦးမော့လာရေး ကြိုးပမ်းနေချိန်တွင် ယခုကဲ့သို့ မာရသွန်ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်ခြင်းက မြန်မာ့ပြေးခုန်ပစ်လောကအတွက် အကျိုးရှိစေခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် ၄၂ ကီလိုမီတာ အမျိုးသားပြိုင်ပွဲတွင် ကင်ညာနိုင်ငံသားများဖြစ်သည့် အမ်တိုဂိုက ၂ နာရီ ၁၉ မိနစ် ၂၇ စက္ကန့်ဖြင့် ပထမ၊ ပီတာက ၂ နာရီ ၁၉ မိနစ် ၅၅ စက္ကန့်ဖြင့် ဒုတိယ၊ လူးကပ်စ်က ၂ နာရီ ၃၁ မိနစ် ၂၁ စက္ကန့်ဖြင့် တတိယ၊ အမျိုးသမီးပြိုင်ပွဲတွင် ကင်ညာအပြေးမယ်များဖြစ်သည့် အန်ဂျူဂူနာက ၂ နာရီ ၅၁ မိနစ် ၁၁ စက္ကန့်ဖြင့် ပထမ၊ အီဒီနာက ၂ နာရီ ၅၁ မိနစ် ၁၂ စက္ကန့်ဖြင့် ဒုတိယ၊ ဗယ်လယ်တိုင်းက ၃ နာရီ ၁၃ မိနစ် ၃ စက္ကန့်ဖြင့် တတိယတို့ ရရှိကြသည်။ ၂၁ ကီလိုမီတာ အမျိုးသားပြိုင်ပွဲတွင် ကင်ညာနိုင်ငံသားများဖြစ်သည့် ဂျိုးဇက်က ၁ နာရီ ၁၀ မိနစ် ၃၂ စက္ကန့်ဖြင့် ပထမ၊ ချီဘီအိုက ၁ နာရီ ၁၀ မိနစ် ၃၃ စက္ကန့်ဖြင့် ဒုတိယ၊ အီနော့က ၁ နာရီ ၁၅ မိနစ် ၄ စက္ကန့်ဖြင့် တတိယ၊ အမျိုးသမီးပြိုင်ပွဲတွင် ဂျူလီယာ (ကင်ညာ)က ၁ နာရီ ၁၇ မိနစ် ၃၅ စက္ကန့်ဖြင့် ပထမ၊ နီလာစန်း (မြန်မာ)က ၁ နာရီ ၂၆ မိနစ် ၂၃ စက္ကန့်ဖြင့် ဒုတိယ၊ ရီရီချို (မြန်မာ)က ၁ နာရီ ၂၈ မိနစ် ၄၂ စက္ကန့်ဖြင့် တတိယတို့ ရရှိကြသည်။ ၁၀ ကီလိုမီတာ အမျိုးသားပြိုင်ပွဲတွင် အန်ဒိုလို(ကင်ညာ)နှင့် အမျိုးသမီးပြိုင်ပွဲတွင် အန်ဂျန်ဂါ (ကင်ညာ)က ဗိုလ်စွဲခဲ့သည်။ ဆုကြေးများအဖြစ် အမျိုးသား၊ အမျိုးသမီး ၄၂ ကီလိုမီတာပြိုင်ပွဲတွင် ပထမဆု ဒေါ်လာ ၂၇၀၀၊ ဒုတိယ ဒေါ်လာ ၁၄၀၀၊ တတိယဆု ဒေါ်လာ ၉၀၀၊ အမျိုးသား၊ အမျိုးသမီး ၂၁ ကီလိုမီတာပြိုင်ပွဲတွင် ပထမဆု ဒေါ်လာ ၁၆၀၀၊ ဒုတိယဆု ဒေါ်လာ ၉၀၀၊ တတိယဆု ဒေါ်လာ ၅၀၀၊ အမျိုးသား၊ အမျိုးသမီး ၁၀ ကီလိုမီတာပြိုင်ပွဲတွင် ပထမဆု ဒေါ်လာ ၈၀၀၊ ဒုတိယဆု ဒေါ်လာ ၄၀၀၊ တတိယဆု ဒေါ်လာ၂၅၀ ပေးအပ်ချီးမြှင့်ခဲ့သည်။

ရိုးမ-ရန်ကုန် မာရသွန်ပြိုင်ပွဲကို ခြောက်နှစ်မြောက် ကျင်းပခြင်းဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ စည်ကားစွာ ကျင်းပခဲ့ကာ မြန်မာ့ပြေးခုန်ပစ်လောကနှင့် ကျန်းမာရေးလိုက်စားလိုသူများအတွက် အကျိုးရှိသည့် ပြိုင်ပွဲတစ်ခု ဖြစ်စေခဲ့သည်။

**ရဲရင့်ရှိုင်း**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ဝယ်ယူရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၁

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ (Book Review) ပြုလုပ်မှု၊ ဝယ်ယူမှုအခြေအနေများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမဥက္ကဋ္ဌကျင်းပရာ (ယာပုံ) ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် တက်ရောက်သည်။**



**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ခရိုင်၊ မြို့နယ်နှင့် မြို့ရွာများရှိ ပြည်သူ့စာကြည့်တိုက်များအတွက် စာအုပ်များ ဖြည့်ဆည်းပေးနိုင်ရေးလမ်းညွှန်ချက်နှင့် Booking Review ပြုလုပ်မှု၊ ဝယ်ယူမှုအခြေအနေများ၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ စာကြည့်တိုက်များကို Community Center များ Community Library များဖြစ်အောင် ပြောင်းလဲလျက်ရှိရာ စာကြည့်တိုက်များ စာအုပ်ဝယ်ယူရာတွင် ဂန္ထဝင်မြောက်စာပေများသာမက လာရောက်ဖတ်ရှုသူများ စိတ်ဝင်စားသည့် စာပေများကိုလည်းထားရှိရေး၊ စာဖတ်သည့်အခါ စာအုပ်တစ်အုပ်ကို နက်နက်ရှိုင်းရှိုင်းခွဲခြမ်း စိတ်ဖြာသုံးသပ်ဝေဖန်ဖတ်ရှုမှတ်သားသည့် အလေ့အထ ထွန်းကားရေးအတွက် အမြို့မြို့အနယ်နယ်ရှိ စာကြည့်တိုက်များတွင် စာဖတ်ဝိုင်း Book Club များ စတင်ဖွဲ့စည်းလျက်ရှိမှု၊ Book Club များ ဖွဲ့၍ ဆွေးနွေးရာတွင် ရှုထောင့်အစုံ ကဏ္ဍအလိုက် ခေါင်းစဉ်များခွဲ၍ဆွေးနွေးနိုင်ရေး၊ ပို၍စည်ကားစေရန် ဒေသခံထင်ရှားသည့် စာရေးဆရာများ၊ ကဗျာဆရာများ၊ စာပေပညာရှင်များနှင့် အတွေ့အကြုံရှိ ပုဂ္ဂိုလ်များကို ဖိတ်ခေါ်ဆွေးနွေးကာ ၎င်းတို့၏ စာပေနှင့်ဆိုင်ရာ ဗဟုသုတများ မျှဝေစေခြင်း အစီအစဉ်များ လုပ်ဆောင်ခြင်းဖြင့် ပြည်သူလူထုက Book Club များကို ပိုမိုစိတ်ဝင်စားလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ တာဝန်ရှိသူများက နိုင်ငံတကာရှိ Book Club များ၏ အချက်အလက်များကို စုဆောင်းရှာဖွေပြုစုနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဝါယာ- သာစည် လျှပ်စစ်မြစ်ရေတင် စီမံကိန်း ထပ်ဆင့်ရေတင်စီမံကိန်းမှ ဧက ၁၀၀၀ သို့ စိုက်ပျိုးရေတိုးချဲ့ဖြန့်ဝေရန် ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဝါယာကျေးရွာအနီးရှိ ဝါယာ-သာစည် လျှပ်စစ် မြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် စီမံကိန်းတာဝန်ခံတို့က ထပ်ဆင့်ရေတင်စီမံကိန်းမှ စိုက်ပျိုးမြေဧက ၁၀၀၀ သို့ စိုက်ပျိုးရေတိုးချဲ့ဖြန့်ဝေပေးနိုင်ရေး စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။



**စိုက်ပျိုးရေအကျိုးပြုနိုင်ရေး**

ရှင်းလင်း တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဒေသအကျိုးပြုစီမံကိန်းဖြစ်သည်နှင့်အညီ ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် စံချိန်စံညွှန်းပြည့်မီစွာ အကောင်အထည်ဖော်တည်ဆောက်ရန်နှင့် သတ်မှတ်စိုက်ဧကပြည့်ဝစွာ စိုက်ပျိုးရေအကျိုးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေစကြိုမြို့နယ် ရွှေကျောင်းမြစ်ရေတင် ရေသောက်တောင်သူများအား တွေ့ဆုံပြီး ကိုယ်တိုင်လက်တွေ့ စိုက်ပျိုးအောင်မြင်ခဲ့သော SRI စိုက်ပျိုးနည်းစနစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်အသေးစိတ်တစ်ချက်ချင်းကို ဗီဒီယိုပြကွက်များဖြင့် ပြသရှင်းလင်းဟောပြောပြီး သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများကို တောင်သူများလက်လှမ်းမီ ပစ္စည်းများဖြင့် လုပ်ကိုင်ဖော်စပ်အသုံးပြုနည်းများ၊ မျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့များ စုပေါင်းဖွဲ့စည်းဆောင်ရွက်ကြခြင်းဖြင့် ဒေသအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ဒေသနေတောင်သူများ၏ မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းဆွေးနွေးကြပြီး လိုအပ်ချက်များရှိပါက ဝန်ကြီးဌာနရှိ ဦးစီးဌာနရုံးများတွင် စုံစမ်းဆက်သွယ် ဆောင်ရွက်နိုင်ကြပါကြောင်း ဆွေးနွေးပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဒေသနေတောင်သူကြီးများ အရစ်ကျစနစ်ဖြင့် စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ရန် ခင်းကျင်းပြသထားသော ဆိုနာလီကာ၊ ဂွတ်ဘရားသား၊ ရိုးမ၊ ရွှေဘုန်းကုမ္ပဏီများ၏ လယ်ယာသုံးစက်ကိရိယာများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းမှ နိုင်ငံတကာအောင်မြင်မှု မှတ်တိုင်သစ် Energy Globe National Award ဆု မြန်မာနိုင်ငံမှရရှိ

နေပြည်တော် ဇန်နဝါရီ ၂၁

**စည်းလုံးခြင်းသည် အင်အားဆိုသည့်နှင့်အညီ မြန်မာနိုင်ငံတွင် ပြည်သူအစုအဖွဲ့ဖြင့် ဆောင်ရွက်သောလုပ်ငန်းမှ နိုင်ငံတကာအသိအမှတ်ပြု ဆုတစ်ဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့ကြောင်း သိရသည်။ အီရန်နိုင်ငံ တီဟီရန်မြို့တွင် ဇန်နဝါရီ ၁၅ ရက်မှ ၁၆ ရက်ထိကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် Energy Globe Award ဆုပေးပွဲတွင် မြန်မာနိုင်ငံမှ သစ်တောစီမံအုပ်ချုပ်မှုဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းမှ နိုင်ငံတကာ မှတ်တိုင်သစ်အဖြစ် ၂၀၁၇ ခုနှစ်အတွက် Energy Globe National Award ဆုကို မြန်မာနိုင်ငံမှ ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။** (အောက်ပုံ)

**ကားပိုင်၊ အိမ်ပိုင်အဆင့်ထိ တိုးတက်လာ**

သစ်တောဦးစီးဌာနမှ အဆိုပါပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အောင်မြင်သော အစုအဖွဲ့ပိုင် သစ်တောများအနက်မှ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ရှိ ရိုးစုံကျေးရွာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောကို ရွေးချယ်ခဲ့သည်။ ရိုးစုံအစုအဖွဲ့ပိုင်သစ်တောကို အဖွဲ့ဝင် ၆၄ ဦး ပါဝင်သောအဖွဲ့မှ ၂၀၀၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ စုစုပေါင်း ဧရိယာဧက ၅၅၀ ကျယ်ဝန်းပြီး သဘာဝတောဧရိယာ ဧက ၇၀ ကို ထိန်းသိမ်းကာကျန်ဧက ၄၈၀ ကို အဖွဲ့ဝင်များ၏ မိသားစုဝင်ဦးရေအလိုက် အချိုးကျခွဲဝေကာ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းစနစ်ဖြင့် ယာသီးနှံနှင့် လျှော်ဖြူ(ဆေးကုလားမ) ပင်ကိုစိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ ယခင်က လက်လုပ်လက်စားအများစုဖြစ်သည့် အဖွဲ့ဝင်တို့သည် ယခုအခါ စိုက်ပျိုးထားသည့် လျှော်ဖြူပင်အစေးကို ထုတ်ယူရောင်းချခြင်းဖြင့် ကားပိုင်၊ အိမ်ပိုင်သည့် အဆင့်ထိ တိုးတက်လာသည်ကို တွေ့ရှိရသည်။

ထိုသို့ ယှဉ်ပြိုင်ခဲ့ရာတွင် သစ်တောဦးစီးဌာနမှ တင်သွင်းခဲ့သည့် ရိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောသည် ၂၀၁၇ ခုနှစ်အတွက် Energy Globe National Award ဆု ချီးမြှင့်ခံခဲ့ရသည်။ ၂၀၁၇ ခုနှစ် Energy Globe Award ဆုအတွက် နိုင်ငံပေါင်း ၁၇၈ နိုင်ငံမှ စီမံကိန်းပေါင်း ၂၀၀၀ ကျော် တင်သွင်းယှဉ်ပြိုင်ခဲ့သည့်အနက် အကောင်းဆုံးစီမံကိန်းများကို ရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆုပေးပွဲသို့ အီရန်နိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးများ အပါအဝင် နိုင်ငံပေါင်း ၄၁ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၈၀ ကျော် တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည်လည်း ဆုပေးပွဲသို့ တက်ရောက်ကာ Energy Globe National Award ဆုအား လက်ခံရယူခဲ့ခြင်းဖြစ်သည်။

သစ်တောဦးစီးဌာနသည် ထိုကဲ့သို့ မြန်မာနိုင်ငံရှိ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ၏ အောင်မြင်မှုကို နိုင်ငံတကာမှ သိရှိလာစေရန်အတွက် ကမ္ဘာ့တစ်ဝန်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝသယံဇာတများကို ထိရောက်စွာနှင့် ရေရှည်တည်တံ့စွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ ဖော်ပြပါကဏ္ဍများတွင် လူငယ်များ၏ အခန်းကဏ္ဍမြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ရွေးချယ်ပေးအပ်လျက်ရှိသည့် Energy Globe Award ဆုကို ၂၀၁၇ ခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ Energy Globe Award ဆုပြိုင်ပွဲကို သြစတြီးယားနိုင်ငံသား စွမ်းအင်လုပ်ငန်းရှင် ဝုလ်ဖဂန်နူမန် (Wolfgang Neumann)က ၁၉၉၉ ခုနှစ်တွင်စတင်အကောင်အထည်ဖော်ကျင်းပခဲ့ပြီး ယနေ့အချိန်တွင် ကမ္ဘာမှ အသိအမှတ်ပြုလေးစားရသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆုအဖြစ် ရပ်တည်လျက်ရှိသည်။ အဆိုပါဆုကိုရရှိခြင်းအားဖြင့်ကမ္ဘာ့အသိုက်အဝန်း၏ အသိအမှတ်ပြုမှုကို ရရှိရုံသာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ချိတ်ဆက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

**စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်**

Community Forestry (CF) ဟုခေါ်ဆိုသော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို မြန်မာနိုင်ငံတွင် ၁၉၉၅ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ခဲ့သည်။ အဆိုပါအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ မြန်မာ့သစ်တောသယံဇာတများကို စီမံအုပ်ချုပ်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးရန်ဖြစ်သည်။ အဆိုပါသစ်တောလုပ်ငန်းတွင် သစ်တောဦးစီးဌာနသည် ကူညီပံ့ပိုးသူဖြစ်ပြီး ဒေသခံပြည်သူတို့သည် ၎င်းတို့ဒေသရှိ သစ်တောသယံဇာတများကို ရေရှည်ထုတ်ယူသုံးစွဲနိုင်ရန်၊ မလျော့ပါးမပြုန်းတီးသွားစေရန် စီမံအုပ်ချုပ်သူတို့ ဖြစ်သည်။ စတင်ဆောင်ရွက်စဉ်က ဒေသခံတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော ထင်း၊ တိုင်၊ မျော စသည်တို့ကို ထောက်ပံ့ပေးနိုင်ရန်သာ ရည်ရွယ်ခဲ့သည်။ သို့သော် ခေတ်စနစ်နှင့် ကိုက်ညီစေရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်အသစ်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၆ရက်နေ့တွင် ထုတ်ပြန်ကာ သစ်တောအခြေခံစီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် ဒေသခံပြည်သူတို့ကိုယ်တိုင် စီမံခန့်ခွဲလျက်ရှိသည့် သစ်တောမြေဧရိယာ ဧကသိန်းကျော်ခန့်ရှိပြီး ၂၀၃၀ပြည့်နှစ်အကုန်တွင် ဧကပေါင်း ၂ ဒသမ ၂၇ ဧကသန်းအထိရှိလာရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ၏ အောင်မြင်မှုကို နှစ်စဉ်သုံးသပ်အကဲဖြတ်ရာတွင်ဒေသခံပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ထောက်ပံ့ပေးနိုင်ရုံသာမက စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်သည့် အဆင့်ထိ အောင်မြင်လျက်ရှိသည်ကို တွေ့ရှိလာရသည်။




မိမိတို့နိုင်ငံအနေဖြင့် ယခုကဲ့သို့ ကမ္ဘာမှလေးစား အသိအမှတ်ပြုခံရသည့် ဆုချီးမြှင့်ခံရခြင်းသည် ရိုးစုံအစု အဖွဲ့ပိုင်သစ်တော၏ အောင်မြင်မှုကိုအသိအမှတ်ပြုခံရခြင်းသာမက မြန်မာနိုင်ငံ၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၏ အောင်မြင်မှုကိုပါ နိုင်ငံတကာမှ အသိအမှတ်ပြုခံရခြင်းဖြစ်၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းသည် နိုင်ငံတကာအောင်မြင်မှု မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း ဂုဏ်ပြုထိုက်ပေသည်။

**သန်းဦး(လေးမျက်နှာ)၊ ဓာတ်ပုံ-သစ်တော**

# အစိုးရကို အကြည်ညိုပျက်အောင် ပြုမှုဟူသည်

**မောင်စာဂ**

၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူတို့က ရွေးကောက်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော လွှတ်တော်အသီးသီးမှ ပြည်ထောင်စုအစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များကို ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်ထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခရိုင်နှင့်မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးအပ်ထား၍ ရပ်ကွက်/ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာကကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိကြသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့်အတူ အပြုသဘောဆောင်သော ဝေဖန်အကြံပြုထောက်ပြပြောဆိုနိုင်ခွင့်များလည်းရှိသည်။ သို့ရာတွင် ယင်းသို့သော ပြောဆိုဝေဖန်မှုများသည် လွန်ကဲမှားယွင်းပြီး အစိုးရအပေါ် အကြည်ညိုပျက်စေသည့်သဘော သက်ရောက်မှု မရှိစေရန် အရေးကြီးသည်။ သို့ဖြစ်၍ အစိုးရကို အကြည်ညိုပျက်အောင် ပြုမူခြင်းနှင့်စပ်လျဉ်းပြီး အများပြည်သူသိရှိစေရန် အနှစ်ချုပ်မျှဝေပါရစေ။

### အကြည်ညိုပျက်အောင်ပြုမှု၏ အဓိပ္ပာယ်

ရာဇသတ်ကြီး၊ ၁၂၄ - က အရ မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြည်ထောင်စုအတွက် သို့မဟုတ် ပြည်ထောင်စုအဖွဲ့ဝင်များအတွက် ဥပဒေအရ တည်ထောင်ထားသော အစိုးရကို မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း ပြုလျှင် သို့မဟုတ် ထိုသို့ပြုရန် အားထုတ်လျှင် သို့မဟုတ် မေတ္တာပျက်အောင် လှုံ့ဆော်လျှင် သို့မဟုတ် ထိုသို့လှုံ့ဆော်ရန်အားထုတ်လျှင် ထိုသူကို ငွေဒဏ်နှင့်တကွ ထောင်ဒဏ်နှစ်နှစ်ဆယ် ဖြစ်စေ၊ ငွေဒဏ်နှင့်တကွ ခုနစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်သက်သက်ဖြစ်စေ ချမှတ်ရမည်။

အထက် ပုဒ်မ ၁၂၄ - က အရ မည်သူမဆိုဟုဆိုရာတွင် အကြည်ညိုပျက်အောင် ရေးသားသူသာမက ရေးသားချက်အား ကြေညာသူ၊ ဖြန့်ဖြူးသူတို့ကိုပါ ဤပုဒ်မအရ အရေးယူနိုင်သည်။ အကြည်ညိုပျက်စေမည့် အရေးအသားကို ပုံနှိပ်ထုတ်ဝေသူလည်း တာဝန်ရှိသည်။ ရေးသားသူမဟုတ်၍ တာဝန်မရှိဟု ငြင်းဆိုခြင်း မပြုနိုင်ပါ။

အကြည်ညိုပျက်အောင် ပြုရာတွင် နှုတ်ဖြင့်ပြောဆိုဟောပြောခြင်း၊ စာဖြင့်ရေးသားဖြန့်ချိ ကြေညာခြင်း၊ အမှတ်အသား သို့မဟုတ် ပုံသဏ္ဌာန်ပြုလုပ်ခြင်းစသည် နည်းအမျိုးမျိုးဖြင့် အကြည်ညိုပျက်အောင် ပြုနိုင်သည်။ ယင်းတွင် စာပေထုတ်ဝေခြင်း၊ သီချင်းဆိုခြင်း၊ ရုပ်သေးရုပ်ရှင် ပြဇာတ်ကပြခြင်း၊ ပန်းပုထုလုပ်ခြင်း၊ ဓာတ်ပုံပန်းချီပြသခြင်းစသည် နည်းမျိုးစုံ ပါဝင်သည်။

### အကြည်ညိုပျက်အောင်ပြုရာရောက်သည့် ဦးတည်ချက်

အကြည်ညိုပျက်အောင်ပြုရာတွင် ဦးတည်ချက် (၃) ချက်ရှိသည်-

(က) နိုင်ငံတော်အစိုးရကို မုန်းထားအောင်သော်လည်းကောင်း၊

(ခ) မလေးစားအောင်သော်လည်းကောင်း၊

(ဂ) မေတ္တာပျက်စေအောင်သော်လည်းကောင်း ပြုလုပ်ခြင်းဖြစ်သည်။ မေတ္တာပျက်အောင် ပြုခြင်းဆိုရာတွင် သစ္စာမဲ့ခြင်းနှင့် အငြိုးထားသောစိတ်လည်း ပါဝင်သည်။ မေတ္တာပျက်စေခြင်းသည် မေတ္တာမရှိအောင်ပြုခြင်းပင် ဖြစ်သည်။ ပုဒ်မ ၁၂၄ -က၏ ရှင်းလင်းချက် ၁ အရ မေတ္တာပျက်စေခြင်းဆိုသည့် စကားတွင် သစ္စာမဲ့ခြင်းနှင့် အငြိုးထားသော စိတ်လည်းပါဝင်သည်။

မုန်းထားခြင်းနှင့် မလေးစားခြင်းတို့သည် သဘောသဘာဝမတူညီကြပါ။ မလေးစားခြင်းမှာ မရိုသေခြင်း၊ နေရာမထားခြင်းဖြစ်သည်။ မုန်းထားစိတ်မရှိသော်လည်း မလေးစားစိတ်ရှိနိုင်သည်။ မလေးစားသော်လည်း သနားစိတ်ရှိနိုင်သဖြင့် မုန်းထားစိတ်ရှိသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ အစိုးရအပေါ် သစ္စာစောင့်ထိန်းခြင်းမပြုကြရန် ဟောပြောခြင်း၊ ရေးသားခြင်းတို့သည် အကြည်ညိုပျက်မှုပင် ဖြစ်သည်။

### အစိုးရဆိုသော စကားအဓိပ္ပာယ်

အစိုးရဆိုသောစကားရပ်နှင့်ပတ်သက်၍ ရာဇသတ်ကြီး ပုဒ်မ ၁၇ အရ “အစိုးရဆိုသည်မှာ ပြည်ထောင်စုနိုင်ငံတော် တစ်ဝန်းလုံးတွင် မည်သည့်အရပ်၌မဆို ဥပဒေအရ အုပ်ချုပ်မှုအာဏာရရှိသော သူတစ်ဦးကို ဖြစ်စေ၊ အများကိုဖြစ်စေ ဆိုလိုသည် ”ဟု ပြဋ္ဌာန်းထားသည်။

> **“နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုလျက်ရှိသည့် အစိုးရအပေါ် ကောင်းကျိုးလိုလားသော ရည်ရွယ်ချက်နှင့် စေတနာမှန်တို့ဖြင့် တရားနည်းလမ်းကျကျ ဝေဖန်ထောက်ပြ အကြံပြုခြင်းသည် အကြည်ညိုပျက်စေခြင်းမဟုတ်ပါ၊ သို့ရာတွင် ရည်ရွယ်ချက်နှင့် စေတနာမမှန်ကန်ဘဲ လွန်ကဲမှားယွင်းပြောဆိုရေးသား ပြုမူလုပ်ဆောင်ခြင်း မဖြစ်စေရန် သတိပြုဆင်ခြင်ကြရပါမည်”**

ယင်းပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အပါအဝင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအထိ နိုင်ငံတော်တစ်ဝန်းလုံးတွင် မည်သည့်အရပ်၌မဆို ဥပဒေအရ အုပ်ချုပ်မှုအာဏာရရှိသောသူတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ အကြည်ညိုပျက်အောင် ပြုမှုခဲ့သော် အစိုးရကို အကြည်ညိုပျက်အောင်ပြုမှု ကျူးလွန်ရာရောက်သည်။

### အသရေဖျက်မှုနှင့် အကြည်ညိုပျက်အောင် ပြုမှုတို့၏ ခြားနားချက်

ရာဇသတ်ကြီးပုဒ်မ ၄၉၉ အရ မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာစေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသူနှင့်စပ်လျဉ်းသော စွပ်စွဲခြင်းသည် ထိုသူ၏ အသရေကို နစ်နာစေသည်ကို သိလျက်နှင့် သော်လည်းကောင်း၊ ထိုသို့ယုံကြည်ရန် အကြောင်းရှိလျက်နှင့်သော်လည်းကောင်း၊ ၎င်းနှင့် စပ်လျဉ်းသည့်စွပ်စွဲချက်ကိုပြုလျှင် အဆိုပါလူပုဂ္ဂိုလ်၏ အသရေကို ဖျက်သည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းသို့ လူတစ်ဦးတစ်ယောက်၏အသရေကို ထိခိုက်စေလျှင် ရာဇသတ်ကြီး ပုဒ်မ ၅၀၀ အရ အသရေဖျက်မှု ကျူးလွန်ရာရောက်၍ နှစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးချမှတ်ရမည်ဖြစ်သည်။

ရာဇသတ်ကြီး ပုဒ်မ ၁၅၃-က အရ မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြည်ထောင်စုမြန်မာနိုင်ငံတွင်နေထိုင်သူအမျိုးအစားတစ်ခုနှင့်တစ်ခု ရန်ငြိုးစိတ်ထားအောင်သော် လည်းကောင်း၊ မုန်းတီးစိတ်ထားအောင်သော်လည်းကောင်း အားပေးအားမြှောက်ပြုလျှင် သို့တည်းမဟုတ် ထိုသို့အားပေးအားမြှောက်ပြုရန် အားထုတ်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

အစိုးရအား မုန်းတီးအောင်၊ မလေးစားအောင်၊ မေတ္တာပျက်အောင် လှုံ့ဆော်ခြင်းသည် အကြည်ညိုပျက်အောင်ပြုမှုဖြစ်၍ ၁၂၄ - က အရ အရေးယူခြင်းခံရမည်ဖြစ်သည်။ အသရေဖျက်မှုတွင် လူပုဂ္ဂိုလ်တစ်ဦးအား စွပ်စွဲချက်သည် မှန်ကန်သောအချက်ဖြစ်၍ ပြစ်မှုမမြောက်ပါဟု ထုချေနိုင်သော်လည်း အစိုးရအား အကြည်ညိုပျက်အောင်ပြုမှုတွင် ယင်းထုချေချက်မျိုးတင်ပြခြင်း မပြုနိုင်ပေ။ အသရေဖျက်မှုမှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် ကျူးလွန်သော ပြစ်မှုဖြစ်ပြီး အကြည်ညိုပျက်အောင်ပြုမှုမှာ အစိုးရအပေါ် ကျူးလွန်သည့်ပြစ်မှုဖြစ်သည်။ အကြည်ညိုပျက်အောင် ပြုခြင်းသည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို အစပျိုးခြင်း ဖြစ်သည်။ အစိုးရအားအတိုက်အခံပြုခြင်း၊ ဆူပူစေခြင်း၊ အစိုးရအာဏာကို ဖီဆန်စေခြင်းစသည့်ဖြစ်ရပ်များ ပေါ်ပေါက်အောင် ရည်ရွယ်ချက်ဖြင့် ပြုခြင်းဖြစ်သည်။

### အကြည်ညိုပျက်အောင် ပြုသည့်ပြစ်မှုကျူးလွန်ရာ မရောက်ခြင်း

ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၂၄- က ၊ အကြည်ညိုပျက်အောင်ပြုခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းရှင်းလင်းဖော်ပြထားသည်-

ရှင်းလင်းချက် ၂။ မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း၊ မေတ္တာပျက်အောင်သော်လည်းကောင်း ဖြစ်စေရန်လှုံ့ဆော်ခြင်း၊ သို့တည်းမဟုတ် လှုံ့ဆော်ရန် အားထုတ်ခြင်းမရှိဘဲ အစိုးရ၏ဆောင်ရွက်မှု အစီအစဉ်ကို ဥပဒေနှင့်ညီသောနည်းဖြင့် ပြောင်းလဲပြုပြင်စေရန် ရည်ရွယ်လျက် ထိုဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ခြင်းသည် ဤပုဒ်မအရပြစ်မှုမမြောက်။

ရှင်းလင်းချက် ၃။ မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း၊ မေတ္တာပျက်အောင်သော်လည်းကောင်းဖြစ်စေရန် လှုံ့ဆော်ခြင်း သို့တည်းမဟုတ် လှုံ့ဆော်ရန် ကြံစည်အားထုတ်ခြင်းမရှိဘဲ အစိုးရ၏ စီရင်အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုကို သို့တည်းမဟုတ် အခြားဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်။

ယင်းပြဋ္ဌာန်းချက်များအရဆိုပါက အစိုးရအပေါ် ဝေဖန်ပြောဆိုရေးသားဟောပြောမှုများ ပြုလုပ်ရာတွင် အစိုးရကို မလေးစားအောင်၊ မုန်းတီးအောင်၊ မေတ္တာပျက်အောင် ပြုလုပ်လိုစိတ်မရှိခြင်းသည် အဓိကဖြစ်သည်။ ယင်းသို့သော စိတ်ဆန္ဒများမရှိဘဲ အစိုးရ၏ဆောင်ရွက်မှုအစီအစဉ်ကို ဥပဒေနှင့်ညီသောနည်းဖြင့် ပြောင်းလဲပြုပြင်စေရန် ရည်ရွယ်လျက် ထိုဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ခြင်းနှင့် အစိုးရ၏ စီရင်အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ခြင်းတို့သည် အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်ရာရောက်မည် မဟုတ်ပါ။

### စီရင်ထုံးသာဓကများ

အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်မှုများနှင့် စပ်လျဉ်း၍ ထုံးပြုခဲ့သော စီရင်ထုံးများထဲမှ အချို့ကို ကောက်နုတ်ဖော်ပြပါမည် -

(က) အစိုးရကို အကြည်ညိုပျက်စေသည့် မိန့်ခွန်းပြောသည်ဆိုရာ၌ အစိုးရကို မလေးစားအောင်၊ မေတ္တာပျက်အောင်လှုံ့ဆော်ရန် အားထုတ်ရာရောက် မရောက် ဆုံးဖြတ်ရန် အဓိကမှာ ဟောပြောသူ၏ ရည်ရွယ်ချက်နှင့် ဟောပြောခံရသူ လူတန်းစား အပြင် ဟောပြောသည့်စကားများကို အဓိပ္ပာယ်ပေါက်မပေါက်နှင့် ကာလဒေသတို့ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ( U Damadaya V. King - Emperor. 1923, 1 Ran - 211)

(ခ) နိုင်ငံရေးမိန့်ခွန်းများနှင့်အရေးအသားများတွင် စကားလုံးတစ်လုံး၊ တစ်ပိုဒ်ကိုသာ မကြည့်ရဘဲ မိန့်ခွန်းနှင့် အရေးအသားတစ်ခုလုံး၏ အခြေခံသဘောနှင့် ရည်ရွယ်ချက်ကို ကြည့်ရမည်။ ထိုသို့ကြည့်ရာတွင် နိုင်ငံတော်အစိုးရကို မလေးစားအောင်၊ အကြည်ညိုပျက်အောင် စကားများပါလျှင် ပုဒ်မ ၁၂၄ - က မြောက်သည်။ ( Lay Maung V. The King . 1939, RLR.239)

(ဂ) အစိုးရကို အကြည်ညိုပျက်အောင် မိန့်ခွန်းပြောရာ၌ လူအများအား အစိုးရကို ကိုယ်ထိလက်ရောက် ပြောင်ပြောင်တင်းတင်း၊ ပြင်းပြင်းထန်ထန် စိတ်ကြွလာပြီး ပုန်ကန်ထကြွချင်အောင် ပြောလျှင်ကြီးလေး၍ ဟန့်တားလောက်သော ပြစ်ဒဏ်ပေးသင့်သည်။ စစ်ဖြစ်နေချိန်၌ ပြောလျှင် ပို၍ပင်ကြီးလေးသင့်သည်။ ( The King V. U Datthana 1940. RLR.681)

(ဃ) နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမှု ပုဒ်မ ၁၂၄ - က အရ ပြစ်မှုမြောက်ရန် အတွက် အစိုးရကို အကြည်ညိုပျက်အောင်၊ အကြမ်းဖက်အောင် လှုံ့ဆော်ခြင်း၊ ဆူပူအုံကြွအောင် ပြုလုပ်ခြင်းရှိရန် လိုအပ်သည့် အင်္ဂါရပ်မဟုတ်၊ အစိုးရကို အကြည်ညိုပျက်စေရန် အကြံရှိ မရှိ ဆိုရာမှာလည်း စကားလုံးများမှအပ ပြင်ပပတ်ဝန်းကျင် သက်သေခံချက် မလို။ ( The King V. U Saw Hla Pru and one. 1947, RLR, FB.82)

အချုပ်အားဖြင့်ဆိုရလျှင် အစိုးရကိုအကြည်ညိုပျက်စေမှုဆိုရာတွင် အစိုးရအား မလိုမုန်းထား မလေးစားအောင်၊ မေတ္တာပျက်အောင်၊ သစ္စာမဲ့အောင်၊ အငြိုးထားအောင် ပြောဆိုရေးသား၊ ပုံနှိပ်၊ ဖြန့်ချိစသည်တစ်နည်းနည်းဖြင့် ပြုမူဆောင်ရွက်ချက်တို့ ပါဝင်သည်။ ထို့အပြင် ထိုသို့ဖြစ်စေရန် လှုံ့ဆော်ကြံစည်အားထုတ်ခြင်းတို့သည်လည်းအကျုံးဝင်သည်။ ယင်းသို့ အစိုးရအကြည်ညိုပျက်စေမှုကို ကျူးလွန်သူသည် ကြီးလေးသောထောင်ဒဏ်၊ ငွေဒဏ်များ ချမှတ်ခြင်းခံရမည် ဖြစ်သည်။

နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုလျက်ရှိသည့် အစိုးရအပေါ် ကောင်းကျိုးလိုလားသော ရည်ရွယ်ချက်နှင့် စေတနာမှန်တို့ဖြင့် တရားနည်းလမ်းကျကျ ဝေဖန်ထောက်ပြ အကြံပြုခြင်းသည် အကြည်ညိုပျက်စေခြင်းမဟုတ်ပါ။ သို့ရာတွင် ရည်ရွယ်ချက်နှင့် စေတနာမမှန်ကန်ဘဲ လွန်ကဲမှားယွင်းပြောဆိုရေးသား ပြုမူလုပ်ဆောင်ခြင်း မဖြစ်စေရန် သတိပြုဆင်ခြင်ကြရပါမည်။

တစ်ဦးကိုတစ်ဦး၊ တစ်ဖွဲ့ကိုတစ်ဖွဲ့ မေတ္တာပျက်စေနိုင်သော၊ သစ္စာမဲ့စေနိုင်သော၊ မလိုမုန်းထား ရန်ငြိုးပွားစေနိုင်သော အပြုအမူ၊ အပြောအဆိုများကို သတိပြုဆင်ခြင် ရှောင်ကြဉ်နိုင်ကြပါစေ။

တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကျိုးလိုသော မေတ္တာစိတ်ဖြင့် ရှုမြင်ဆင်ခြင်၍ အတူတကွလက်တွဲပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြပါစေ။ ။

---

## ရထား၊ ကား၊ လူနှင့် တိရစ္ဆာန် တိုက်မှုမဖြစ်ပွားရန် အသိပညာပေး

**မော်လမြိုင် ဇန်နဝါရီ ၂၂-** မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက်မော်လမြိုင်ဘူတာကြီးတွင် ဇန်နဝါရီ ၂၁ရက်က မီးရထားစီးနင်းသူများနှင့် ယာဉ်မောင်းသူများအား မီးရထားနှင့်ကား၊ လူ၊ တိရစ္ဆာန်များ ကြိတ်တိုက်မှု လျော့နည်းကျဆင်းရေးမှုခင်းများ မဖြစ်ပွားရေးအတွက် အသိပညာပေးဆွေးနွေးခဲ့သည်။

ဟောပြောပွဲသို့ မော်လမြိုင်မီးရထားရဲတပ်ဖွဲ့အမှတ်(၁၅)တပ်ခွဲမော်လမြိုင်မှ တပ်ခွဲမှူး ဒုရဲမှူး ကျော်ဇေယျ၊ စခန်းမှူးရဲအုပ်အောင်မြင့်ကျော်၊ မော်လမြိုင်ဘူတာမှ ရုံပိုင်ကြီး(အထူးတန်း) ဦးတင်စိုးဝင်နှင့်အဖွဲ့၊ ရထားစီးခရီးသည်များ၊ ယာဉ်မောင်းများ တက်ရောက်ကြပြီး ဟောပြောပွဲတွင် ဒုရဲမှူးကျော်ဇေယျက ပြည်သူများအနေဖြင့် ရထားဆိုက်ရောက်ချိန်၊ထွက်ခွာချိန်များ၌ ပြေးတက်ခြင်း၊ ပြေးဆင်းခြင်း၊ ရထား မောင်းနှင်ချိန်များ၌ ရထားခေါင်မိုးပေါ်မှ တစ်တွဲနှင့် တစ်တွဲကူးခြင်းတို့ မပြုရန်နှင့် ရထားသံလမ်းကို ဖြတ်ကူးမည်ဆိုပါကဘယ်ညာကြည့်၍ ဖြတ်ကူးခြင်းအစရှိသည့် ဆောင်ရန်ရှောင်ရန်များ ဟောပြောခဲ့ကြောင်း သိရသည်။

**တင်ထွဋ် (မော်လမြိုင်)**

# ၂၀၁၆ ခုနှစ်အတွက် စာပေတစ်သက်တာဆု၊ စာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သော ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအား ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၂၁

**အမျိုးသားစာပေဆုများကို နိုင်ငံတော်ကချီးမြှင့်ခြင်းသည် အမျိုးသားအမွေအနှစ်အဖြစ် ကျန်ရစ်စေမည့် စာကောင်းပေမွန်များ ထွန်းကားပွားများလာစေရေးနှင့် ''အလိမ္မာ စာမှာရှိသည်''ဟူသော ဆိုရိုးစကားနှင့်အညီ စာကောင်းပေမွန်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေနိုင်သော မောင်းနှင်အား ဖြစ်လာစေရေးအတွက်ဖြစ်ကြောင်း တက္ကသိုလ်စိန်ရတုခန်းမတွင် ယနေ့ကျင်းပသော ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရ ပညာရေးဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်စဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တိုးတက်သောနိုင်ငံဖြစ်လိုလျှင် နိုင်ငံသားအားလုံးစာဖတ်ကြဖို့လိုအပ်ပြီး စာဖတ်ရန် စာကောင်းပေမွန်များလိုအပ်ကြောင်း၊ ကျောင်းသားလူငယ်များ စာမေးပွဲအတွက် အလွတ်ကျက်မှတ်ခြင်းမှ ဆက်စပ်တွေးခေါ်သည့် စွမ်းရည်မြင့်မားရန်အတွက် စာများများ ဖတ်ရန်လိုအပ်ကြောင်း၊ စာကြည့်တိုက်များတွင် စာအုပ်များဖြည့်ဆည်းရန်လိုအပ်ကြောင်း၊ စာဖတ်သည့်အလေ့အကျင့်အားကောင်းလာစေရန် နိုင်ငံတော်အနေဖြင့် ကလေးစာပေပွဲတော်များ ကျင်းပပေးလျက်ရှိကြောင်း၊ နိုင်ငံတကာစာအုပ်များ၊ သုတေသနစာတမ်းများဖတ်ရှုနိုင်ရန်အတွက် အင်္ဂလိပ်ဘာသာစကား အရည်အသွေးမြင့်မားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ရုံးသုံးဘာသာစကားဖြစ်သော မြန်မာစာပေ စာကောင်းပေမွန်များ ပေါ်ထွန်းလာရေးကို ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့် စာကောင်းပေမွန်များကိုလည်း အားပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**ကလောင်စွမ်းအားဖြင့် ပျိုးထောင်**

''စာပေမြင့်မှလူမျိုးတင့်မည်''ဆိုသော ဆိုရိုးစကားနှင့်အညီ နိုင်ငံတော်အပေါ် သစ္စာစောင့်သိသော၊ ဥပဒေကိုလေးစားလိုက်နာသော၊ ယဉ်ကျေးမှုကိုထိန်းသိမ်းသော၊ ကိုယ်ကျင့်တရားကောင်းသော လူမျိုးများဖြစ်လာအောင် စာပေကဦးဆောင်ပဲ့ပြင်ထိန်းကျောင်းနိုင်ခဲ့သည်ကို ခေတ်အဆက်ဆက်တွင် သာဓကများစွာတွေ့မြင်နိုင်ကြောင်း၊ စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်ကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်များသည် နိုင်ငံတော်တည်ဆောက်ရေးတွင် ပဓာနကျသဖြင့် ပညာတတ်လူတော်လူကောင်းများ မွေးထုတ်ပေးရသော ပညာရေးဝန်ထမ်းများထဲမှ နိုင်ငံတော်အဆင့်စာပေဆုများ နှစ်စဉ်ရရှိလျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းခဲ့သော၊ တာဝန်ထမ်းဆောင်လျက်ရှိသော ပညာရေးဝန်ထမ်းများက ၂၀၁၆ ခုနှစ် အတွက် အမျိုးသားစာပေ တစ်သက်တာစာပေဆု တစ်ဆု၊ အမျိုးသားစာပေဆု လေးဆုနှင့် စာပေဗိမာန်ဆု ခုနစ်ဆု ရရှိသည်ကို ဂုဏ်ယူပါကြောင်းနှင့် ပညာရေးဝန်ကြီးဌာနက ထပ်ဆင့်ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ယဉ်ကျေးလိမ္မာသော၊ ကိုယ်ကျင့်တရားကောင်းမွန်သော၊ စည်းကမ်းလိုက်နာသော၊ ဇာတိမာန်နိုးကြားသော၊ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်သော၊ ဗဟုသုတကြွယ်သော၊ အတွေးအခေါ်ရင့်ကျက်သော၊ ဆက်စပ်တွေး ခေါ်တတ်သော၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော နိုင်ငံ့သားကောင်းရတနာမွန်များကို စာပေပညာရှင်ကြီးများက မိမိတို့၏ ကလောင်စွမ်းအားဖြင့် ဆက်လက်ပြီး ပြုစုပျိုးထောင်ပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

**ဂုဏ်ပြုဆု ချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆုရရှိသူများကိုယ်စား မဟာသဒ္ဓမ္မဇောတိကဓဇ စည်သူဘွဲ့ရ အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဒေါက်တာခင်မောင်ညွန့်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်မြို့ပြအမွေအနှစ် အထိမ်းအမှတ်အဖြစ် ၂၁ ခုမြောက် အပြာရောင်ကမ္ပည်း အထက(၁) ဒဂုံအား တပ်ဆင်

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်မြို့ပြအမွေအနှစ် အထိမ်းအမှတ်အဖြစ် ၂၁ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့ နံနက် ၁၀ နာရီက တပ်ဆင်ခဲ့သည်။

ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ၂၁ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(ယာပုံ)**



အထက(၁) ဒဂုံအဖြစ် ကျော်ကြားသော နှစ် ၁၀၀ ကျော် သက်တမ်းရှိ ဤကျောင်းတော်ကြီးသည် မူလက မက်သဒစ်သာသနာပြု မိန်းကလေးကျောင်းအဖြစ် ၁၈၈၂ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ စတင်တည်ထောင်စဉ်က လွှစ္စလမ်း(ယခုဆိပ်ကမ်းသာလမ်း) တွင် တည်ရှိခဲ့ပြီး ၁၈၉၄ ခုနှစ်တွင် လန်ကတ်စတာလမ်း(ယခု နဝဒေးလမ်း) နှင့် အလံပြဘုရားလမ်းထောင့်ရှိ လက်ရှိနေရာသို့ ပြောင်းလဲဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ မူလအဆောက်မှာ ဝိတိုရိယခေတ်ပုံစံ သုံးထပ်အဆောက်အအုံဖြစ်ပြီး ၃ ဒသမ ၀၃ ဧက ကျယ်ဝန်းသော ကျောင်းပရဝဏ်အတွင်း တည်ဆောက်ထားခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် လေးထပ်အဆောက်အအုံတစ်ခု ထပ်မံဆောက်လုပ်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် အထက(၁) ဒဂုံအဖြစ် ပြောင်းလဲခဲ့သည်။

၁၉၈၆ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်တို့တွင် အဆောင်သစ်များထပ်မံတည်ဆောက်ခဲ့ပြီး လက်ရှိအချိန်တွင် စာသင်ခန်း ၆၁ ခန်း၊ ကျောင်းသားပေါင်း ၇၀၀၀ ကျော်ကို စာသင်ချိန်နှစ်ချိန်ခွဲ၍ သင်ကြားပေးလျက်ရှိသည်။ နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ခေတ်သစ်မြန်မာ့သမိုင်းတွင် ထင်ရှားသော နိုင်ငံ့ခေါင်းဆောင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေနှင့် အနုပညာနယ်ပယ်တွင် ကျော်ကြားသူများစွာကို မွေးထုတ်ပေးနိုင်ခဲ့သည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

## မြစ်ကြီးနားအသင်း(ရန်ကုန်) သက်ကြီး ပူဇော်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားအသင်း (ရန်ကုန်)သာရေး၊ နာရေးကော်မတီ၏ သတ္တမအကြိမ် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်မြို့ ရွှေတိဂုံ ဘုရားလမ်း တောင်ဘက်မုခ် ကျောက်စိမ်းတွင်း ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြစ်ကြီးနားအသင်း (ရန်ကုန်)ဦးဆောင်နာယက သီရိပျံချီ ဦးသိန်းဇော်နှင့်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့က အမှာစကားပြောကြားပြီး နာယကများ၊အလှူရှင်များနှင့် အသင်းသား အသင်းသူများက ကန်တော့ခံ သက်ကြီးဘိုးဘွားများအား ကန်တော့ကြသည်။ဆက်လက်၍ အသက် ၇၅နှစ်အထက် ကန်တော့ခံဘိုးဘွား ၁၀၆ ဦးတို့အား ငွေကျပ် ၈၀၀၀၀ နှင့်ပစ္စည်းများ ကန်တော့ကြပြီး ကန်တော့ခံသက်ကြီးအဘိုးတစ်ဦးက ဆုံးမဩဝါဒစကား ပြောကြားသည်။**တင်စိုး(မြန်မာ့အလင်း)**

# ရှမ်းပြည်နယ်တောင်ပိုင်း နောင်တရားဒေသအတွင်းရှိ အစားထိုးဖွံ့ဖြိုးမှုရေ့ပြေးစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းသည် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်တို့နှင့်အတူ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ် နောင်တရားဒေသအတွင်းရှိ ပေါ့အင်၊ မွေးပြင်၊ ပင်ခင်နှင့် လွယ်မော့ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီး**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၈ ရက်တွင် နောင်တရားမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဒေသခံတိုင်းရင်းသားများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးပွဲများကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး Pilot Project စီမံကိန်းတစ်ရပ်ပေါ်ထွန်းစေရေးအတွက် စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ ကိုယ်စားလှယ်များ အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး ပင်လောင်းမြို့နယ် နောင်တရားဒေသအတွင်းရှိ ပေါ့အင်၊ မွေးပြင်၊ ပင်ခင်နှင့် လွယ်မော့ကျေးရွာအုပ်စုတို့အား ရှေ့ပြေးစီမံကိန်း၏ ဧရိယာအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဌာနအသီးသီးမှ ကိုယ်စားလှယ်များ၏ နယ်မြေကွင်းဆင်း စိစစ်ချက်များအပေါ် အခြေခံပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ သုံးနှစ်စီမံကိန်းတစ်ရပ်အား ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ရှေ့ပြေးစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာများ ပါဝင်သောဆန်းစစ်ခြင်းအဖွဲ့နှင့် စဉ်ဆက်မပြတ် စိစစ်ခြင်း အဖွဲ့များလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ ဒေသအတွက် အမှန်တကယ်လိုအပ်တဲ့လုပ်ငန်းများ၊ အခက်အခဲများကိုရင်းနှီးပွင့်လင်းစွာ တင်ပြစေလိုကြောင်း၊ ရှေ့ပြေးစီမံကိန်းလုပ်ငန်းများ ထိရောက်အောင်မြင်နိုင်စေရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အင်မတန်မှအရေးကြီးကြောင်းနှင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရှေ့ပြေးစီမံကိန်း လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သီးခြားဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို သက်ဆိုင်ရာဌာနများအလိုက် ဆွေးနွေးတင်ပြပြီး ဒေသခံတိုင်းရင်းသားများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။





**လမ်းဖောက်လုပ်နေမှုစစ်ဆေး**

ထို့နောက် ပင်လောင်းမြို့နယ် နောင်တရားဒေသ ပေါ့အင်ကျေးရွာနှင့် တီခွဲကျေးရွာ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းနေမှုအခြေအနေနှင့် ဘုရားဖြူ-ဆောင်းနိုင်-ခန္ဓဲ (၉/၀)မိုင် မြေသားလမ်းဖောက်လုပ်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၉ ရက်တွင် ပင်လောင်းမြို့နယ် ခန္ဓဲ-ငှက်ပျော်ပင်-ကောင်ဝိုင်း-လွယ်တောင်း (၇/၀)မိုင် မြေလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ခန္ဓဲဘုန်းတော်ကြီးကျောင်းတွင် ဒေသခံတိုင်းရင်းသားများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ ဆက်လက်၍ လွယ်တောင်း-ကပ္ပတိန်-ညောင်ချဉ်(တောင်)၊ ညောင်ချဉ်(အရှေ့) (၄/၄)မိုင် မြေသားလမ်းဖောက်နေမှုနှင့် တောင်ခမောက်လမ်းခွဲ-ကင်မွန်းချုံ-မီးခြစ်ကျောက် (၃/၀)မိုင် ကတ္တရာလမ်းခင်းခြင်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၁

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။**

### နီပေါနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ နီပေါနိုင်ငံ သမ္မတ မစ္စ ဘီဒီယာ ဒေဗီ ဘန်ဒါရီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသော နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင် အဆွေတော်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ပါသည်။

အဆွေတော် ကာယသုခအပေါင်းနှင့် ပြည့်စုံပြီး ပျော်ရွှင်မှုအပေါင်း ခညောင်းပါစေကြောင်း ဆန္ဒမွန်ကောင်းတောင်းလိုက်သလို မြန်မာပြည်သူများ တိုးတက်စည်ပင်ဝပြောပါစေရန် ဆုတောင်းမေတ္တာပေးပို့ပါကြောင်း ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှား ဗဟာဒါဒေဗာက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသော နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင် နီပေါအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ပါသည်။

အဆွေတော် ကာယသုခအပေါင်းနှင့်ပြည့်စုံပြီး ပျော်ရွှင်မှုအပေါင်းခညောင်းပါစေကြောင်း ဆန္ဒမွန်ကောင်းတောင်းလိုက်သလို မြန်မာပြည်သူများ တိုးတက်စည်ပင်ဝပြောပါစေရန် ဆုတောင်းမေတ္တာပေးပို့သပါကြောင်း ဖော်ပြပါရှိပါသည်။

နှစ်နိုင်ငံကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးသည် နောင်လာမည့် အနာဂတ်ကာလများတွင် ဆက်လက်အခွန့်ရှည်တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ဆက်လက်ဖော်ပြထားပါသည်။

### ချက်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏နှစ်( ၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာတင်စတော့ပ်နစ်စကီးက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကျွန်ုပ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။ ဒီမိုကရေစီစနစ် ဖော်ဆောင်မှုဖြစ်စဉ်၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ခေတ်မီဖွံ့ဖြိုးရေး ဆောင်ရွက်မှုတို့ကို အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ပြီး မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ဖော်ဆောင်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။ အဆွေတော်၏ နိုင်ငံအတွင်း နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုကဏ္ဍများတွင် အောင်မြင်တိုးတက်မှုက ကျွန်ုပ်တို့နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာအောင် အားဖြည့်ပေးနိုင်ပြီး အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းမှုတို့ကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ အဆွေတော် ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းများ ပေးပို့အပ်ပါသည်ဟူ၍ ဖော်ပြပါရှိပါသည်။

### ဂျော်ဂျီယာနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်( ၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထံသို့ ဂျော်ဂျီယာနိုင်ငံ သမ္မတ မစ္စတာ ဂျော်ဂျီမာခ်ဘဲလားရှီဗလီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြလိုပါသည်။အထင်ကရဖြစ်သည့် ယခုကဲ့သို့နေ့တွင် ခင်မင်နှစ်လိုဖွယ်ကောင်းပြီး အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေမည့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးမှာ လွန်စွာအရေးကြီးသည်ဟု ဂျော်ဂျီယာနိုင်ငံက မှတ်ယူကြောင်း ဖော်ပြလိုပါသည်။ နှစ်နိုင်ငံဆက်ဆံရေးသည် လာမည့်နှစ်များတွင် ပိုမိုဖွံ့ဖြိုးတိုးတက်မှုရရှိပြီး ပိုမိုလေးနက်ခိုင်မာလာလိမ့်မည်ဟု ယုံကြည်လျက်ရှိပါသည်။ လေးစားရပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟူ၍ ဖော်ပြပါရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## လက်ပံတန်းမြို့ လောကဥသျှောင်မြတ်ဘုန်းရောင်စေတီ ဘုရားပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**လက်ပံတန်း ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ကျက်သရေဆောင် လောကဥသျှောင် မြတ်ဘုန်းရောင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ အကြိမ် (၁၂၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဗုဒ္ဓမြတ်စွယ်တော် မြို့တွင်းသို့ လှည့်လည် အပူဇော်ခံပွဲကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၂ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ဘုရားပွဲတော်တွင် ပဋ္ဌာန်းပူဇော်ခြင်း၊ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များအား မြို့တွင်းသို့ ဒေသစာရီ ကြွချီအပူဇော်ခံခြင်း၊ တောင်ပြုံးပွဲများကျင်းပခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ၊ ဇာတ်ပွဲများဖြင့် ဖျော်ဖြေမည့်အပြင် ဗုဒ္ဓမြတ်စွယ်တော်အား ဆင်ရတနာဖြင့် မြို့တွင်းသို့ လှည့်လည် အပူဇော်ခံမည်ဖြစ်ပါသဖြင့် ရပ်ဝေးရောက် မြို့သူ မြို့သားများနှင့် အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဖုန်း ၀၉- ၄၂၃၆၈၄၃၁၆၊ ၀၉-၂၅၀၄၁၅၁၆၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၅၃)

## တက္ကသိုလ်အလိုက် ပညာသင်ထောက်ပံ့ကြေးပေးအပ်

**တပ်ကုန်း ဇန်နဝါရီ ၂၁**

နေပြည်တော် တပ်ကုန်းမြို့အထက(၁)ပညာရေးပဒေသာပင် ကြီးကြပ်ရေးကော်မတီမှ ၂၀၁၇-၂၀၁၈ တက္ကသိုလ် ပညာသင်နှစ်အတွက် တက္ကသိုလ်အလိုက် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက်က အထက (၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့် တက်ရောက်ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် တပ်ကုန်းမြို့ အထက(၁)မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊တိမွေးကုတက္ကသိုလ်၊ စိုက်ပျိုးရေး၊ နည်းပညာ၊ စီးပွားရေးစသည့် တက္ကသိုလ်အသီးသီးသို့ တက်ရောက်ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူ ၁၈ ဦးအား တစ်လလျှင် ကျပ် ၁၀ သိန်းနှုန်းဖြင့် တစ်နှစ်အတွက် ငွေကျပ်သိန်း ၁၀၀ အား ပေးအပ်ချီးမြှင့်သည်။

**တင်ထွန်းတာ(တပ်ကုန်း)**




## အလောင်းတော်ကဿပတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များဖြင့် စည်ကား

**ကနီ ဇန်နဝါရီ ၂၁**

ယင်းမာပင်ခရိုင် ကနီမြို့နယ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်း တည်ရှိသော အလောင်းတော်ကဿပစံကျောင်းနှင့် ရုပ်ကလာပ်တော်တည်ရှိရာ လိုဏ်ဂူတော်ကြီးတို့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသူများ ရုံးပိတ်ရက်များတွင်သာ ဘုရားဖူးဧည့်သည်ဝင်ရောက်မှု များပြားစည်ကားလျက်ရှိကြောင်း သိရသည်။

"အခုအချိန်မှာတော့ တောင်ပေါ်မှာ ရာသီဥတုအခြေအနေအရ အအေးပိုတဲ့အတွက် ညအိပ်ခရီးသည် နည်းပါတယ်၊ နေ့ချင်းပြန်ခရီးသည်ကတော့ များပါတယ်၊ မနှစ်ကဒီလိုအချိန် ခရီးသည်တွေက အလွန်ကိုများတယ်၊ အခုနှစ်မှာတော့ နည်းပါတယ်၊ ပုံမှန်ဆို အခုအချိန်က အလွန်ကို စည်ကားရမယ့်အချိန်ပါ၊ ကျောင်းသားကျောင်းသူတွေကလည်း နောက်လထဲမှာ စာမေးပွဲတွေ ဖြေကြမှာဆိုတော့ မိသားစုလိုက် လာရောက်လည်ပတ်ကြတာ နည်းပါတယ်၊ သုံးလပိုင်းလောက်ဆိုရင်တော့ ခရီးသည်ဝင်ရောက်မှု ပိုမိုများလာနိုင်မှာပါ" ဟု အလောင်းတော်ကဿပစံကျောင်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် အလောင်းတော်ကဿပသို့ သွားရောက်နိုင်သည့် ကပိုင်-သပိတ်ဆေး ဘုရားဖူး ရာသီလမ်းကို ဇန်နဝါရီ ၇ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့သော်လည်း ဇန်နဝါရီလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်ဝင်ရောက်မှု ရုံးပိတ်ရက်များတွင် ပိုမိုများပြားလျက်ရှိကြောင်း အလောင်းတော်ကဿပ ဂေါပကအဖွဲ့မှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



အလောင်းတော်ကဿပသို့ လာရောက်ကြသည့် ဘုရားဖူးဧည့်သည်များကို တွေ့ရစဉ်။

## ခရီးသွားအာမခံဝယ်ယူထားသူ ထိခိုက်ဒဏ်ရာရရှိသွားသဖြင့် အာမခံကုမ္ပဏီက နစ်နာကြေးပေးအပ်

**ညောင်လေးပင် ဇန်နဝါရီ ၂၁**

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ပဲခူးမြို့ ဘုရားကြီးနယ်မြေ၌ ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုတွင် ထိခိုက်ဒဏ်ရာ ရရှိသွားပြီး ခရီးသွားအာမခံ ဝယ်ယူထားသူအား အာမခံကုမ္ပဏီမှ နစ်နာကြေးပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ ရက်က ညောင်လေးပင်မြို့နယ် ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ရှင်းလင်းပြောကြားပြီး ခရီးသွား အာမခံကုမ္ပဏီဖြစ်သော Young Insurance Co.,Ltd မှ မန်နေဂျာ ဒေါ်အေးသန်းက အာမခံကုမ္ပဏီ၏ ရည်ရွယ်ချက်နှင့် ခရီးသွားရင်း မိုင် ၁၀၀ အောက်ကို ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူထားရုံဖြင့် ရရှိမည့် ခံစားခွင့်များကို ရှင်းလင်းပြောကြားကာ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၅ ရက်က ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုတွင် ထိခိုက်ဒဏ်ရာ ရရှိသွားသူ အမှတ်(၅) မော်တော်ယာဉ်လိုင်းမှ ယာဉ်နောက်လိုက် ကိုအောင်နိုင်စိုးအား အာမခံ ဝယ်ယူထားသဖြင့် နစ်နာကြေး အာမခံ ရရှိငွေကျပ် ၇၄၂၀၀၀ အား တာဝန်ရှိသူများရှေ့တွင် ပေးအပ်သည်။

ညောင်လေးပင်- ရန်ကုန် မော်တော်ယာဉ်လိုင်းတွင် ခရီးသွားနေကြသော ခရီးသွားပြည်သူများ မိုင် ၁၀၀ အောက်ကို ငွေကျပ် ၁၀၀ ပေးဝယ်ရုံဖြင့် အာမခံလက်မှတ်ရရှိပြီး မတော်တဆခရီးသွားရင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်ရှိသော် ဆရာဝန်ဆေးစစ်ဆေးချက်အရ နစ်နာကြေး ရရှိနိုင်သလို သေဆုံးခဲ့ပါက နစ်နာကြေး ငွေကျပ်သိန်း ၂၀ အထိ ရရှိနိုင်ကြောင်းကိုလည်း တာဝန်ရှိသူက ပြောပြချက်အရ သိရသည်။ ညောင်လေးပင်- ရန်ကုန် မော်တော်ယာဉ်လိုင်းတွင် ခရီးသွားနေကြသော ခရီးသွားပြည်သူများအနေဖြင့် ကားဂိတ်များတွင် ခရီးသွားအာမခံကြေး ငွေကျပ် ၁၀၀ နှင့် ဝယ်ယူနိုင်ပါကြောင်းနှင့် ကုမ္ပဏီအနေဖြင့် သက်တမ်း ငါးနှစ်တာကာလအတွင်း အာမခံလက်မှတ် ဝယ်ယူထားသူများအား နစ်နာကြေးများ အိမ်တိုင်ရာရောက် လိုက်လံထုတ်ပေးလျက်ရှိကြောင်း၊ ခရီးသွား ပြည်သူများအနေဖြင့် လိုအပ်ပါက Young Insurance Co.,Ltd- အမှတ်(၈၆/၈၈) ပြည်လမ်း ရန်ကုန်မြို့ရှိ ရုံးချုပ်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## အနုပညာသက်သေထူခြင်း အခမဲ့ပန်းချီပြပွဲ ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

ပန်းချီလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမ်ကေတီအနုပညာစီမံခန့်ခွဲမှုအေဂျင်စီမှ နှစ်စဉ် စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်ပြသလျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းအမှတ် ၆၅ ရှိ ပန်းချီပြခန်းတွင် လေးကြိမ်မြောက်အဖြစ် အနုပညာသက်သေထူခြင်း ပန်းချီပြပွဲကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ပန်းချီဆရာ ဆရာမောင်သြ၊ ဆရာဝင်းဇင်၊ ဆရာအောင်စည်သူနှင့် ဆရာမိုးကျော်သန့်တို့၏ ထူးခြားဆန်းသစ်သည့် အတွေးအမြင်များဖြင့် ရေးဆွဲထားသည့် ပန်းချီကားလက်ရာမွန်များကို အခမဲ့ပြသသွားမည်ဖြစ်ပြီး ပန်းချီအနုပညာရပ်ကို စိတ်ဝင်စားသူနှင့် ပန်းချီလက်ရာမွန်ကောင်းများကို စုဆောင်းလိုသူများ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ပြသပွဲသို့ လာရောက်ကြည့်ရှုခံစားနိုင်ကြောင်း သိရသည်။

**ထင်ကျော်(မြန်မာ့အလင်း)**

# မန်းရွှေစက်တော် ဘုရားခြေတော်ရာနှစ်ဆူနှင့် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ



မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲတွင် ဘုရားရှင်၏ ပါဒခြေတော်ရာအား လှည့်လည်ပူဇော်ခံစဉ်။

မင်းဘူး ဇန်နဝါရီ ၂၁

**မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ခြေတော်ရာနှစ်ဆူနှင့် ၂၅၈၅ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီက အောက်စက်တော်ရာ အထူးတံတားမုခ်ဦးတွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့သည်။**

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စသာရနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းဦး တို့က အထူးတံတားရှေ့မုခ်ဦးတွင် အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက အောက်စက်တော်ရာ အလင်းပေါက်ဖန်အုပ်ဆောင်းတော်နှင့် အထက်စက်တော်ရာပါဒစေတီတော်မြတ်တို့ကိုဖွင့်လှစ်၍ ရွှေသင်္ကန်းတော်များ ဆက်ကပ်ပူဇော်ကြပြီး သံဃာတော်အရှင်သူမြတ်တို့မှ တံခွန်၊ ကုက္ကားများ ဆက်ကပ်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝန်ကြီးများ၊ တာဝန်ရှိသူများက မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်ကာ တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ထို့နောက် လှူဒါန်းမှု အစုစုအတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကို ဇန်နဝါရီ ၂၁ ရက်မှ ဧပြီ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရွှေစက်တော်ဘုရား ၃ မိုင်လမ်းပေါ်ရှိ လေ့တင်တံတားကြီးကိုလည်း ဘုရားဖူးပြည်သူများ၏ လှူဒါန်းငွေဖြင့် မန်းရွှေစက်တော်ဘုရားဖွင့်ပွဲနှင့် အတူ ဖွင့်လှစ်ခဲ့ပြီး ယနေ့ မန်းရွှေစက်တော်ရာ ဘုရားဖွင့်ပွဲနေ့တွင်လည်း အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**

# ညောင်ချောင်းသာကမ်းခြေ ဇန်နဝါရီ ၂၃ ရက်တွင် ဖွင့်မည်၊ အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားနေ

**ညောင်တုန်း ဇန်နဝါရီ ၂၁**

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ ညောင်တုန်းမြို့၏ အနောက်ဘက် (ရန်ကင်းစံရာကျေးရွာ)တွင် သဘာဝ သဲသောင်ပြင် ပေါ်ထွန်းလျက်ရှိပြီး အပန်းဖြေစရာ ရန်ကင်းသာ (ညောင်ချောင်းသာ)ကမ်းခြေသည် လွန်ခဲ့သော ခြောက်နှစ်ခန့်ကစ၍ ပေါ်ပေါက်လျက်ရှိရာ လူသိများ ထင်ရှားလာသော အပန်းဖြေကမ်းခြေ(ရေချိုးဆိပ်) နေရာတစ်ခုဖြစ်သည်။

**စည်စည်ကားကား ဖွင့်လှစ်နိုင်ရန်**

ယခင်နှစ်များထက် မတူညီဘဲ ကမ်းခြေသို့ ကားတိုက်ရိုက်ဆင်းနိုင်အောင် ကျယ်ပြန့်သော သဲသောင်ပြင်ပေါ်တွင် ရေကစားနိုင်အောင်၊ ဘေးအန္တရာယ်ကင်းအောင် အစီအမံများဖြင့် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ထို့အပြင် ဇန်နဝါရီ ၂၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်သစ် ဦးလှမိုးအောင် တက်ရောက်၍ စည်စည်ကားကား ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောသည်။

**ဘေးကင်းလုံခြုံအောင် စီစဉ်ထား**

"တစ်နှစ်ထက် တစ်နှစ်လာရောက်လည်ပတ်သူ ပိုမိုများပြားလာပြီး ဒီနှစ်မှာလည်း ကမ်းခြေသို့ လာရောက်အနားယူလည်ပတ်သူတွေ ကမ်းခြေအထိ ကားတိုက်ရိုက်ဆင်းလို့ရအောင် စီစဉ်ဆောင်ရွက်ထားပါတယ်၊ ဘေးအန္တရာယ်မရှိနိုင်အောင် ညီညာကျယ်ပြန့်တဲ့ သဲသောင်ပြင် အကျယ်ပေ ၃၀၀ ကျော်ခန့် ကျယ်ပြန့်တဲ့ ရေပြင်ပေါ်တွင် ရေကူးခပ်ဆော့ကစားနိုင်မယ် ဖြစ်ပါတယ်၊ နေ့စဉ် ကွပ်ကဲရေးစခန်းမှလည်း ဘေးကင်းလုံခြုံရေးအတွက် စဉ်ဆက်မပြတ် သတိပေးနှိုးဆော် အသိပေးကြေညာခြင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ထားရှိခြင်းများဖြင့် ဘေးကင်းလုံခြုံအောင် အစီအမံများဖြင့် သက်သောင့်သက်သာအနားယူနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ညောင်ချောင်းသာကမ်းခြေ ဘေးအန္တရာယ်ကင်းရှင်းရေး (ကြီးကြပ်) တာဝန်ခံ ဒုဦးစီးမှူးဦးအောင်နိုင်က ရှင်းပြသည်။

ယခုနှစ်တွင် သဘာဝသဲသောင်ပြင် ကမ်းခြေမှာ ပေ ၅၀၀ ခန့်ကျယ်ပြန့်သော သဲသောင်ပြင် မြေပေါ်တွင် အရန်သင့် စားသောက်ဖွယ်ရာ ဆိုင်ခန်း ၅၀ နေရာ အဆောက်အအုံငယ်များအား စနစ်တကျ သက်သောင့်သက်သာ ကောင်းမွန်စွာ အနားယူနိုင်အောင် ဆိုင်ခန်းနေရာများ စီစဉ်စတင်ဆောက်လုပ်ပေးထားကြောင်း သိရသည်။

ချောင်းသာ၊ ငွေဆောင်ကဲ့သို့ ကုန်ကျစရိတ် မများလှဘဲ အချိန်တိုအတွင်း သွားရောက်အပန်းဖြေနိုင်သည့် အဆိုပါရေချိုးဆိပ် (ညောင်ချောင်းသာ) ကမ်းခြေသို့ ညောင်တုန်းမြို့ ပတ်ဝန်းကျင်ဒေသများမှ ပြည်သူများနှင့် ရန်ကုန်မြို့နှင့် ပဲခူးမြို့မှ အများပြည်သူများ၊ နိုင်ငံခြား ကမ္ဘာလှည့်ခရီးသည်များပါ စတင် လာရောက်လည်ပတ်အပန်းဖြေလျက်ရှိပြီး စနေ၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် လာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**အပန်းဖြေအနားယူ**

ရန်ကုန်မြို့မှ ၃၄ မိုင်သာကွာဝေးပြီး အပန်းဖြေ လာရောက်လည်ပတ်မည်ဆိုပါကလိုင်သာယာ(ဒဂုံဈေး)အဝေးပြေးဂိတ် ရန်ကုန်မြို့မှ တစ်နာရီအချိန်တိုအတွင်း (နေ့ချင်းပြန်) သက်သောင့်သက်သာ၊ အကုန်အကျနည်းပြီး လာရောက်လည်ပတ်နိုင်သော အပန်းဖြေ အနားယူစရာ နေရာတစ်ခုဖြစ်ပြီး အပန်းဖြေ လာရောက်လည်ပတ်နိုင်ရန် ဖိတ်ခေါ်ရေးသားလိုက်ပေသည်။

**ထွန်းကျော်(ညောင်တုန်း)**



## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်မှ ၁၈ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဖေဖေနှင့် သမိုင်းအမှတ်တရများ | ဒေါက်တာခင်လက်ျာ | ၅၀၀၀ | ဇွန်ပွင့်စာအုပ်တိုက် |
| ၂ | တီထွင်ဖန်တီးရှင် ၁၀၀ | မိုးသိမ်း | ၃၀၀၀ | မဇ္ဈိမစာပေ |
| ၃ | ဂဏန်းသင်္ချာဆိုင်ရာ ပုံသေနည်းများကို အလွယ်တွက်ကြရအောင် | အောင်နိုင်သူ အယ်ဒီတာအဖွဲ့ | ၂၅၀၀ | မဇ္ဈိမစာပေ |
| ၄ | ရင်သွေးရတနာအလင်္ကာ ကလေးကဗျာများ | မြေလတ်မင်းလွင် | ၂၅၀၀ | Future kids |
| ၅ | အထပ်ထပ်အခါခါ | ခွန်းညိုသွေး | ၂၈၀၀ | ကောင်းဆုသာစာပေ |
| ၆ | သားနဲ့သမီး ဖတ်ဖို့စာ | အကြီးကိုကို(ကသာ) | ၃၅၀၀ | Global Peace Group |
| ၇ | လက်တွေ့အသုံးဝင်သော မိဘအုပ်ထိန်းမှု ကလေးသူငယ်များ၏ ပြဿနာဖြေရှင်းနည်းများ | မိုးဇော်ဦး | ၂၀၀၀ | စိတ်ကူးချိုချို |
| ၈ | ဇာတ်ညွှန်းပညာ | ဒါရိုက်တာဘုန်းဝေ | ၂၀၀၀ | မျိုးဆက်သစ် |
| ၉ | နှင်း | ဆွေရည်လင်း | ၂၀၀၀ | စိတ်ကူးချိုချို |
| ၁၀ | ရစ်ချက်ဘရန်စန် | the key collection | ၁၅၀၀ | the key collection |
| ၁၁ | ဝေါ့လ်ထ်ဒစ္စနေ | the key collection | ၁၅၀၀ | the key collection |
| ၁၂ | မြေအောက် မှတ်တမ်းများ | တင်ဦးခက် | ၂၀၀၀ | ကျော်မွှေးစာပေ |
| ၁၃ | ကျန်းဂီး ဝီရသူနှင့် ဝိုင်ရသူ | ဒွေးဝင်း၊ မင်းမင်းဇော်မောင် | ၂၅၀၀ | ယဉ်မျိုးစာပေ |
| ၁၄ | နှလုံးသား မာတိကာ ကဗျာများ | ဇော်နောင် | ၂၅၀၀ | ဇွန်ပွင့်စာပေ |
| ၁၅ | အချစ်ရိုင်းတို့၏အချစ်ဦး | ကိုသျှား (စက်မှုတက္ကသိုလ်) | ၁၅၀၀ | ရန်အောင်စာပေ |
| ၁၆ | ကဗျာမိုးကောင်းကင် | စိုးမြတ်နွယ် | ၃၀၀၀ | ဂျာနယ်လစ်စာပေ |
| ၁၇ | မြို့တော်ရန်ကုန်မှ ကြိုဆိုပါ၏ | မျိုးကိုမျိုး | ၂၀၀၀ | ဂျာနယ်လစ်စာပေ |
| ၁၈ | လက်ရွေးစင်ဝတ္ထုတိုများ | ချစ်ဦးညို | ၄၅၀၀ | မူဝံစာအုပ်တိုက် |
| ၁၉ | ပါမောက္ခချုပ်မိတ်ဆက် | လူအောင်-ဝမ်းတွင်း | ၁၀၀၀ | ယဉ်မျိုးစာပေ |
| ၂၀ | ပစ္စုပ္ပန်မှာ အထိုင်ချပါ | မြသန်းထွန်း | ၁၀၀၀ | ယဉ်မျိုးစာပေ |
| ၂၁ | ရာထူးဝင်ခွင့် အင်္ဂလိပ်စာ | ဆရာလင်း | ၃၅၀၀ | မျိုးဆက်သစ် |
| ၂၂ | မောင်ရှင်ဆိုင်းထမ်းရသစာစုများ | ခင်ခင်ထူး | ၃၀၀၀ | မူဝံစာအုပ်တိုက် |
| ၂၃ | လှပါတယ် မသီတာ | မောင်ဝဏ္ဏ | ၃၀၀၀ | ငါတို့စာပေ |
| ၂၄ | ရှေးမြန်မာမင်းတို့တည်ဆောက်ခဲ့သော ဆည်မြောင်းများ အပိုင်း(၃) တောင်တွင်းကြီး ဆည်မြောင်းသမိုင်း | ဒေါက်တာတိုးလှ- သမိုင်းပါမောက္ခ (ငြိမ်း) | ၇၅၀၀ | စိမ်းရောင်စိုစာပေ |
| ၂၅ | လွယ်အောင်လုပ်ပါလား | ကြည်သာဦး | ၂၀၀၀ | မူဝံစာအုပ်တိုက် |

*(ဆက်လက်ဖော်ပြပါမည်)*

# တစ်ဖက်နိုင်ငံမှပြန်လည်ဝင်ရောက်လာမည့်သူများ လက်ခံရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်ဆောင်ရွက်ထားမှု ရှင်းလင်းဆွေးနွေး



**စစ်တွေ ဇန်နဝါရီ ၂၁**
ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်သည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းလှိုင်၊ UN အဖွဲ့အစည်းများဖြစ်သည့် WHO၊ UNFPA၊ UNICEF၊ UNOPS မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ အထွေထွေရောဂါကု ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုသည်။ **(ယာပုံ)**

**လှည့်လည်ကြည့်ရှု**

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် စစ်တွေဆေးရုံကြီးဝင်းအတွင်း လေးထပ်ဆောင် ဆောက်လုပ်နေမှု အခြေအနေ၊ အရေးပေါ်လူနာဌာန တိုးချဲ့ဆောင် ဆောက်လုပ်နေမှု အခြေအနေ၊ ရောဂါရှာဖွေရေးဌာန၊ Radio Imaging Complex ခန်း၊ အောက်ဆီဂျင်စက်ရုံ၊ မျက်စိကုသဆောင်၊ သီးခြား လူနာကုသဆောင်နှင့် ဆေးရုံတက်ရောက်ကုသနေကြသည့် လူနာများ၊ ဓာတ်မှန် ဌာနတို့ကို လှည့်လည်ကြည့်ရှုရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာကြည်လွင်၊ ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ ဦးရွှေသိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဆေးရုံကြီး အစည်းဝေးခန်းမ၌ စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ်က မိမိတို့ ယခုလာရောက်ခြင်းသည် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီးတွင် ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများ တိုးတက်မှု အခြေအနေများနှင့် ဆေးရုံကြီးအတွက် ဆက်လက်ဆောင်ရွက်ပေးရမည့် အစီအစဉ်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ကျန်းမာရေးစောင့်ရှောက်မှုပေးရန်**

ယင်းနောက် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများနှင့် ပြန်လည်လက်ခံရေးစခန်းတွင် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှ ဆရာဝန်ကြီးများက လက်ခံရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆေးရုံအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် UN အဖွဲ့အစည်းများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို ဆွေးနွေးကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။ **တင်ထွန်း(မြန်/ဆက်)**

---

# ပြန်လည်လက်ခံတဲ့သူတွေကို ဂရုတစိုက်စောင့်ကြပ်ပြီး ကပ်ရောဂါအသွင်မဖြစ်အောင် ကာကွယ်ရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ စီစဉ်ထားပြီးဖြစ်

**တွေ့ဆုံမေးမြန်း - တင်ထွန်း( မြန်/ဆက်)၊ ဓာတ်ပုံ - ကံထွန်း (ဟံသာမြေ)**

**မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်အရ ဇန်နဝါရီ ၂၃ ရက်တွင် နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းတွင် လက်ခံရေးစခန်းများ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီဖြစ်ကြောင်း ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်က ပြောသည်။**

၎င်းက "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ပြန်လည်လက်ခံရေးစခန်းတွေမှာ ဝင်ရောက်လာမယ့် လူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့အတွက် အစီအစဉ်တွေကို စီမံဆောင်ရွက်ပြီးဖြစ်ပါတယ်၊ ပြန်လည်လက်ခံရေး အစီအစဉ်တွေကို လက်ရှိအနေအထားမှာ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ Program Manager တွေ၊ ညွှန်ကြားရေးမှူးတွေ၊ နောက်ပြီးတော့ ကျွန်တော်တို့နဲ့အတူ မိတ်ဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ UN အဖွဲ့အစည်းတွေဖြစ်တဲ့ WHO၊ UNFPA၊ UNICEF၊ UNOPS ကတာဝန်ရှိသူတွေ ပါလာပါတယ်၊ ဒီတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေဟာ ကျွန်တော်တို့နဲ့အတူ ပူးပေါင်းပြီးတော့ ပြန်လည်လက်ခံရေးစခန်းတွေမှာ ကျန်းမာရေး စောင့်ရှောက်မှုပေးမယ့် စီစဉ်ထားမှု အနေအထားတွေကို ဒီနေ့ နောက်ဆုံးအဆင့် နောက်ဆုံးစီစဉ်ထားတဲ့ အခြေအနေတွေကို စီမံခန့်ခွဲဖို့အတွက် လာရောက်ရခြင်းဖြစ်ပါတယ်။

**ကျန်းမာရေးဝန်ထမ်းအဖွဲ့စီစဉ်ဆောင်ရွက်**

"ပြန်လည်လက်ခံဖို့အတွက် အခုအချိန်မှာ သတ်မှတ်ထားတာတော့ စခန်းနှစ်ခု သတ်မှတ်ထားတာရှိပါတယ်၊ တောင်ပြိုလက်ဝဲစခန်းနဲ့ ငါးခူရစခန်းဆိုပြီးတော့ရှိပါတယ်၊ ပြန်လည်ဝင်ရောက်လာမယ့်သူတွေကို လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက သူတို့ရဲ့အစီအစဉ်အတိုင်း စိစစ်ဆောင်ရွက်နေသလို ကျန်းမာရေးအဖွဲ့တွေကို တာဝန်ချထားပေးပြီးတော့ ဆရာဝန်တစ်ဦး ဦးဆောင်တဲ့ ကျန်းမာရေးဝန်ထမ်း ၁၁ ဦးပါဝင်တဲ့ ကျန်းမာရေးဝန်ထမ်းအဖွဲ့တွေကို စီစဉ်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

"ပြန်လည်ဝင်ရောက်လာတဲ့သူတွေထဲမှာ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ စစ်ဆေးမှုတွေကို ပြုလုပ်သွားမှာဖြစ်ပါတယ်၊ အဲ့ဒီမှာ အဓိကထားပြီး စစ်ဆေးမယ့်အကြောင်းအရာကတော့ ပြန်လည်ပြီး ဝင်ရောက်လာတဲ့သူတွေထဲမှာ ကူးစက်ရောဂါတွေပါလာခြင်း ရှိ၊ မရှိ အဲဒါကိုအဓိကထားပြီး စစ်ဆေးပါမယ်၊ ဒါ့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲမှာနေခဲ့တဲ့ကာလမှာ ကာကွယ်ဆေးထိုးနှံခဲ့တဲ့ အခြေအနေတွေကို ပြန်လည်စစ်ဆေးပါမယ်၊ အဲဒီအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့နိုင်ငံအတွင်းမှာ လက်ရှိ ကာကွယ်ဆေးထိုးပေးနေတဲ့ ကာကွယ်ဆေး ၁၁ မျိုးရှိပါတယ်၊ အဲ့ဒီကာကွယ်ဆေး ၁၁ မျိုးကို ပြည့်စုံအောင် ကျန်းမာရေးဌာနက ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို ဆောင်ရွက်ပါမယ်၊ ဒါ့အပြင် ဝင်ရောက်လာတဲ့လူတွေနဲ့ ပတ်သက်ပြီးတော့ ကိုယ်အလေးချိန် တိုင်းတာတာတွေ၊ အရပ်အမြင့်တိုင်းတာတာတွေ၊ အာဟာရပြည့်ဝမှု ရှိ၊ မရှိ တိုင်းတာတာတွေကို ဆောင်ရွက်ဖို့ စီစဉ်ထားတာတွေရှိပါတယ်။

**ကာကွယ်ဆေးထိုးနှံပေးဖို့စီစဉ်**

"ဒါ့အပြင် အသက်အရွယ်ကြီးလာတဲ့သူတွေမှာ ပါလာမယ့် မကူးစက်တတ်တဲ့ရောဂါ၊ အထူးသဖြင့် နှလုံးရောဂါ၊ သွေးတိုးရောဂါနဲ့ ဆီးချိုရောဂါ အဲ့ဒီရောဂါတွေပါလာခြင်း ရှိ၊ မရှိ၊ ဖြစ်ခြင်း ရှိ၊ မရှိ စတာတွေကို စစ်ဆေးပါမယ်၊ နောက်ကိုယ်ဝန်ဆောင်မိခင်တွေပါလာခဲ့လို့ရှိရင် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုတွေ ဆောင်ရွက်ပေးဖို့ စီစဉ်ထားပါတယ်၊ ကိုယ်ဝန်ဆောင်မိခင်တွေကိုလည်း လိုအပ်တဲ့ ကာကွယ်ဆေးတွေထိုးနှံပေးဖို့ စီစဉ်ဆောင်ရွက်သွားဖို့ ဆောင်ရွက်ထားပါတယ်။



ဒေါက်တာသာထွန်းကျော်
ညွှန်ကြားရေးမှူးချုပ်
ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန

"ပြန်လည်လက်ခံရေးစခန်းဖြစ်တဲ့ ငါးခူရစခန်းမှာလည်း ဒီအတိုင်းဆောင်ရွက်သွားပါမယ်၊ ဆရာဝန်တစ်ဦး ဦးဆောင်ပြီးတော့ ကျန်းမာရေးဝန်ထမ်း ၁၁ ဦးပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ငါးခူရစခန်းမှာအခြေစိုက်ထားပြီးတော့ ပြန်လည်ဝင်ရောက်လာတဲ့လူတွေကို ကျန်းမာရေးနဲ့ ပတ်သက်တဲ့ စစ်ဆေးမှုတွေ၊ ကျွန်တော်တို့ဘက်က ဆောင်ရွက်ကြရမယ့် ကာကွယ်ဆေးထိုးတဲ့ လုပ်ငန်းတွေ၊ ဆေးကုသတဲ့လုပ်ငန်းတွေကို လုပ်ပါမယ်၊ ဒါကစခန်းမှာ ဆောင်ရွက်မယ့် အစီအစဉ်တွေပါ၊ ဒီပြန်လည်ဝင်ရောက်လာတဲ့သူတွေထဲမှာ ရောဂါပြင်းထန်စွာ ဖြစ်လို့ပဲဖြစ်ဖြစ်၊ အတွင်းလူနာအနေနဲ့ ကုသရမယ့် အခြေအနေမျိုးတွေဖြစ်ခဲ့ရင် အဲ့ဒီစခန်းတွေမှာ လူနာတင်ယာဉ်တွေကို အဆင်သင့်ထားပြီးတော့ မောင်တောဆေးရုံကို လွှဲပြောင်းကုသပေးဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။

"ဒီလက်ခံရေးစခန်းတွေကနေပြီးတော့ လှဖိုးခေါင်စခန်းကို ပြောင်းရွှေ့သွားတဲ့အခါလည်း လှဖိုးခေါင်စခန်းမှာ ဆရာဝန်တစ်ဦး ဦးဆောင်ပြီးတော့ ကျန်းမာရေးဝန်ထမ်း ၁၂ ဦးပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို စီစဉ်ထားပြီးဖြစ်ပါတယ်၊ အဲဒီလှဖိုးခေါင်စခန်းမှာ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုလုပ်ဆောင်နိုင်ဖို့ စီစဉ်ထားပါတယ်၊ အထူးသဖြင့် ကလေးငယ်တွေကို သံချဆေးတိုက်ကျွေးတဲ့အစီအစဉ်တွေ၊ မကူးစက်တတ်တဲ့ ရောဂါတွေဖြစ်တဲ့ သွေးတိုးရောဂါတွေ၊ နှလုံးရောဂါတွေ၊ ဆီးချိုရောဂါတွေကို ကျွန်တော်တို့ကုသဖို့ အစီအစဉ်တွေ၊ နောက်ပြီးတော့ အရေးအခင်းကာလမှာ ကာကွယ်ဆေးထိုးနှံဖို့ မပြည့်စုံခဲ့လို့ရှိရင် အဲ့ဒီလှဖိုးခေါင်ကယ်ဆယ်ရေးစခန်းမှာ ဆက်လက်ပြီးတော့ ထိုးနှံပေးနေတဲ့ ကာကွယ်ဆေး ၁၁ မျိုးကို ပြည့်အောင် ထိုးနှံဖို့စီစဉ်သွားပါမယ်။

**ကာကွယ်ရေးလုပ်ငန်း**

"အဲဒီတော့ ကာကွယ်ဆေးထိုးနှံနိုင်ဖို့အတွက် လှဖိုးခေါင်းစခန်းနဲ့ လက်ခံရေးစခန်းတွေမှာ အအေးလမ်းကြောင်းဆိုင်ရာ ပစ္စည်းတွေကိုလည်း စီစဉ်တပ်ဆင်ထားပြီး ဖြစ်ပါတယ်၊ ကာကွယ်ဆေးတွေကိုလည်း လုံလုံလောက်လောက် ပို့ထားပြီး ဖြစ်ပါတယ်၊ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ကာကွယ်ဆေးတွေကို ထိုးနှံနိုင်အောင်လည်း လိုအပ်တဲ့ပစ္စည်းကိရိယာတွေကို အပြည့်အစုံတပ်ဆင်ထားပြီး ဖြစ်ပါတယ်၊ ဒါ့အပြင်လက်ရှိ အနေအထားအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတဲ့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ WHO ပေးပို့တဲ့သတင်းတွေအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ရှိနေတဲ့အချိန်မှာ ကပ်ရောဂါအသွင်ဖြစ်ပွားတဲ့ ဆုံဆို့ရောဂါ ဖြစ်ပွားတဲ့ အနေအထားလည်း ကြားရပါတယ်၊ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါဖြစ်ပွားတဲ့ အနေအထားလေးတွေလည်း ကြားရပါတယ်၊ ဒါတွေအတွက် ပြန်လည်လက်ခံရေးစခန်းတွေမှာ ပြန်လည်လက်ခံတဲ့လူတွေအတွက် ကပ်ရောဂါအသွင်ဖြစ်ပွားမှု မရှိရအောင်၊ ကျွန်တော်တို့ဘက်က ကျန်းမာရေးဝန်ထမ်းတွေနဲ့ ဂရုတစိုက်စောင့်ကြပ်ကြည့်ရှုပြီးတော့ ကာကွယ်ရေးလုပ်ငန်းတွေလည်း ဆောင်ရွက်နိုင်ဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။

"ကုသရေးနဲ့ ပြည်သူ့ကျန်းမာရေးဌာနအနေနဲ့ လက်ရှိအချိန်တိုကာလအတွင်းမှာ လိုအပ်တဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ဘူးသီးတောင်နဲ့ မောင်တောမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေနဲ့ ဆောင်ရွက်ပါမယ်၊ ရေရှည်အတွက်ဆိုရင် ရခိုင်ပြည်နယ်အတွင်း ရှိတဲ့ တခြားမြို့နယ်တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေကိုလည်း ဘူးသီးတောင်၊ မောင်တော မြို့နယ်တွေမှာ အချိန်ပိုင်းတာဝန်ပေးပြီး ဆောင်ရွက်ဖို့အတွက် စီစဉ်ထားပါတယ်။

**အချိန်ပိုင်းတာဝန်ထမ်းဆောင်နိုင်**

"အကယ်၍ ပိုပြီးတော့ ကြာညောင်းလာမယ့် အခြေအနေဆိုရင် ရခိုင်ပြည်နယ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေအပြင် အခြားပြည်နယ်နဲ့တိုင်းတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေကိုလည်း ဒီလက်ခံရေးစခန်းတွေကို သွားရောက်ပြီးတော့ အချိန်ပိုင်းတာဝန်ထမ်းဆောင်နိုင်ဖို့အတွက် စီစဉ်ထားရှိပါတယ်၊ လက်ခံရေးစခန်းတွေမှာ တစ်နေ့ကို စခန်းတစ်ခုမှာ ၁၅၀၊ စခန်းနှစ်ခုဆိုတော့ ၃၀၀ လောက် လက်ခံမယ်လို့သိရတဲ့အတွက် ကျန်းမာရေးဝန်ထမ်းတွေနဲ့ လက်လှမ်းမီနိုင်ပါတယ်။

"တခြားတစ်ဖက်မှာ တိုင်းရင်းသားတွေအတွက် ကျန်းမာရေး စောင့်ရှောက်တာတွေ လစ်ဟာမှုမရှိနိုင်အောင်လည်း စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ပြောသည်။ ။

> **"အဓိကထားပြီး စစ်ဆေးမယ့်အကြောင်းအရာကတော့ ပြန်လည်ပြီး ဝင်ရောက်လာတဲ့ သူတွေထဲမှာ ကူးစက်ရောဂါတွေပါလာခြင်း ရှိ၊ မရှိ အဲဒါကိုအဓိကထားပြီး စစ်ဆေးပါမယ်၊ ဒါ့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲမှာနေခဲ့တဲ့ကာလမှာ ကာကွယ်ဆေးထိုးနှံခဲ့တဲ့ အခြေအနေတွေကို ပြန်လည်စစ်ဆေးပါမယ်၊ အဲ့ဒီအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့နိုင်ငံအတွင်းမှာ လက်ရှိ ကာကွယ်ဆေးထိုးပေးနေတဲ့ ကာကွယ်ဆေး ၁၁ မျိုးရှိပါတယ်၊ အဲ့ဒီကာကွယ်ဆေး ၁၁ မျိုးကို ပြည့်စုံအောင် ကျန်းမာရေးဌာနက ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို ဆောင်ရွက်ပါမယ်"**

# ရခိုင်ပြည်နယ်သတင်းများ

## မင်းဘူး-အမ်း-စစ်တွေကားလမ်း ရခိုင်ပြည်နယ်လမ်းဦးစီးဌာနမှ အဆင့်မြှင့်တင်ဆောင်ရွက်နေ



**မင်းဘူး-အမ်း-စစ်တွေ ကားလမ်းပိုင်း၌ ရခိုင်ပြည်နယ် လမ်းဦးစီးဌာနက ကွန်ကရစ်ခင်း ဆောင်ရွက်နေစဉ်။**

**စစ်တွေ ဇန်နဝါရီ ၂၁**

မင်းဘူး-အမ်း-စစ်တွေ ကားလမ်း (ရန်ကုန်-စစ်တွေ) ကားလမ်းသည် ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့ နယ်စပ်မိုင်တိုင် အမှတ် ၆၆/၇ မှ စစ်တွေမြို့ မိုင်တိုင်အမှတ် ၃၀၂/၄ အထိ ၂၃၅ မိုင် ၅ ဖာလုံ ရှိသည်။ လမ်းအကျယ်ချဲ့ခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ ကတ္တရာခင်းခြင်းတို့ကို ရခိုင်ပြည်နယ် လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

မင်းဘူး-အမ်း-စစ်တွေ ကားလမ်း (ရန်ကုန်-စစ်တွေ) ကားလမ်းကို ၁၉၉၆ ခုနှစ်မှ စတင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့သော ကားလမ်းဖြစ်သည်။ ကားလမ်းတစ်လျှောက်တွင် ပေ ၁၈၀ အောက် ကွန်ကရစ်တံတား အစင်း ၈၂၀၊ ဘေလီတံတား တစ်စင်းနှင့် ပေ ၁၈၀ နှင့်အထက် ကွန်ကရစ်တံတား ခြောက်စင်း၊ ဘေလီတံတား ရှစ်စင်း၊ ကြိုးတံတားနှစ်စင်း စုစုပေါင်း တံတား ၈၃၇ စင်း ပါဝင်သည်။

သို့ဖြစ်၍ ရခိုင်ပြည်နယ် လမ်းဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ အဆိုပါလမ်းနှင့် တံတားများ ပြန်လည်အဆင့်မြှင့်တင် ပြုပြင်ရေးကို ဆောင်ရွက်လျက်ရှိရာ ၁၈ ပေ အကျယ်ချဲ့၍ ကွန်ကရစ်ခင်းခြင်းကို ၇ မိုင် ၅ ဖာလုံ၊ ၂၃ ပေချဲ့၍ ကွန်ကရစ်ခင်းခြင်းကို ၄ ဖာလုံ ဆောင်ရွက်ထားရှိပြီး အကျယ် ၅ ပေ၊ အရှည်ပေ ၄၀ ရှိ ကွန်ကရစ်တံတား နှစ်စင်း၊ ပေ ၉၆၀ ရှိ ဒါးလက်ချောင်းတံတား တစ်စင်း၊ ပေ ၃၆၀ ရှိ တိမ်ညိုတံတား တစ်စင်းနှင့် ပေ ၁၈၀ အောက် ပတ်ကွေးတံတား တစ်စင်းတို့ကို ပြုပြင်ခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကုန်တွင် ကွန်ကရစ်လမ်း ၉၁ မိုင်၊ ကတ္တရာလမ်း (၁၈ ပေနှင့်အထက်) ၉ မိုင် ၃ ဖာလုံ၊ (၁၂ ပေအကျယ်) ၁၁၆ မိုင် ၂ ဖာလုံအထိ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

◆ *ကျော့ဖုံးမှ*

ကနဦးစာရင်းကောက်ယူပြီး လူသားချင်းစာနာမှု အကူအညီတွေ ပေးအပ်မှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ အဖွဲ့အနေနဲ့ ဇန်နဝါရီ ၃၀ ရက်အထိ မောင်တောနဲ့ ဘူးသီးတောင်မြို့နယ်တွေမှာ UEHRD လုပ်ငန်းစဉ်ကို အောင်မြင်အောင် လုပ်ဆောင်သွားမှာပါ”ဟု ၎င်းက ပြောသည်။

ယင်းအဖွဲ့သည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များရှိ ကျေးရွာများတွင် ထောက်ပံ့မှုများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့အဖွဲ့ အနေနဲ့ ရှေ့ဆက်ပြီး လုပ်ငန်းစဉ်တွေ ဖွဲ့စည်းပြီး မောင်တောနဲ့ ဘူးသီးတောင်မြို့နယ်အတွင်း ထောက်ပံ့မှုမရရှိသေးတဲ့ ကျေးရွာတွေမှာ ထောက်ပံ့မှုတွေ ဆက်လက်ဆောင်ရွက်သွားမှာပါ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အုပ်ချုပ်မှုဖြင့် တစ်နိုင်ငံလုံးရှိ စေတနာရှင်လူငယ်တွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းတွေ ပူးပေါင်းကာ UEHRD ရည်ရွယ်ချက်လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပါ”ဟု ဦးသန်းကျော်ဌေးက ပြောသည်။

စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့သည် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၅ ရက်မှစတင်၍ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ်တို့ဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီ အထောက်အပံ့များ ပေးအပ်လျက်ရှိရာ ယနေ့အထိ ကျေးရွာပေါင်း ၈၄ ရွာ၊ အိမ်ထောင်စု ၆၄၂၂ စု၊ လူဦးရေ ၃၅၄၀၈ ဦးတို့အတွက် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာထောက်ထားမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) ၏ ရည်ရွယ်ချက်များဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထိရောက်မှုရှိရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရာတွင် အားထည့်ဆောင်ရွက်ရန်နှင့် ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်ငြိမ်းချမ်းရေးကို ဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်များကို တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ-အောင်မင်း**



**စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့အဖြစ် စားသောက်ကုန်များ ပေးအပ်စဉ်။**

## လုပ်သား ၅၀၀ ကျော်အား ကျွမ်းကျင်မှုလက်မှတ်များ ပေးအပ်



**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ”သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA) ၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လုပ်သား ၅၀၀၀ စိစစ်အကဲဖြတ်ရေး လုပ်ငန်းစဉ်အရ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း စိစစ်အောင်မြင်ခဲ့သူများအား အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ဆောက်လုပ်ရေးဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) ၌ ကျင်းပရာ(**အပေါ်ပုံ**) ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့ တက်ရောက်အမှာစကား ပြောကြားပြီး ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များ ပေးအပ်သည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း အလုပ်အကိုင် ၁၃ မျိုးအတွက် ဖြေဆိုအောင်မြင်ခဲ့သည့် လုပ်သား ၅၄၁ ဦးအား အမျိုးသားအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ပေးအပ်ခြင်းနှင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ဌာနခြောက်ခုနှင့် စစ်ဆေးအကဲဖြတ်သူ ၁၇ ဦးတို့ကို အသိအမှတ်ပြု လက်မှတ်ပေးအပ်သည့်အခမ်းအနားဖြစ်ကြောင်း၊ ဧပြီလမှ ဒီဇင်ဘာလအထိ အလုပ်အကိုင် ၁၈ မျိုးအတွက် ၂၉၄၉ ဦးအား စစ်ဆေးအကဲဖြတ်နိုင်ခဲ့ပြီး အောင်မြင်သူ ၂၅၅၅ ဦးရှိသဖြင့် အောင်မြင်မှု ရာခိုင်နှုန်း ၈၆ ဒသမ ၇၁ ရာခိုင်နှုန်းရှိကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသအတွက် ရန်ကုန်မြို့တွင် ကျွမ်းကျင်လုပ်သားများကို အသိအမှတ်ပြု လက်မှတ်ပေးအပ်ခဲ့ရာ ယခုအကြိမ်သည် လေးကြိမ်မြောက်ဖြစ်ပြီး စုစုပေါင်း ၁၃၅၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အောက်ပိုင်းဒေသအတွက် အမျိုးသား ၅၀၈ ဦး၊ အမျိုးသမီး ၂၇၃ ဦး စုစုပေါင်း ၇၈၁ ဦးအား ကျွမ်းကျင်မှုလက်မှတ်များ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါကျွမ်းကျင်မှု လုပ်ငန်းများတွင် လက်သမား၊ သံချည်သံကွေး၊ အုတ်စီ၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ မော်တော်ယာဉ်စက်ပြင်၊ ဂဟေဆက် အစရှိသော လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချနိုင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများ ပါဝင်ကြောင်း၊ သက်မွေးပညာကျွမ်းကျင်မှုမှတစ်ဆင့် Professional အဆင့် တက်လှမ်းနိုင်ရေး NSSA မှ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ Assessment Centre မှ တာဝန်ရှိသူများ၊ Chief Assessor များ၊ Assessor များ၊ GIZ; Swiss contact စသော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ကျွမ်းကျင်လုပ်သားများ စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ခဲ့သည်။ **မြင့်မောင်၊ ဓာတ်ပုံ-တင်စိုး**

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အဝေးပြေးယာဉ်များအား ယာဉ်ကြံ့ခိုင်မှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၁**

ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ စည်းကမ်းတကျ မောင်းနှင်စေရေး၊ ယာဉ်ကြံ့ခိုင်ရေးအတွက် အဝေးပြေးယာဉ်လိုင်းများအား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်ခြင်းကို ဇန်နဝါရီလ ဒုတိယပတ်က နေပြည်တော် အခြေစိုက်ယာဉ်ဂိတ် ဘောဂသီရိကားကြီးကွင်းတွင် ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်ရုံး)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်ဌေးနှင့် မ.ထ.သမှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့ဖြင့် နေပြည်တော်ကို အခြေပြု၍ တစ်နိုင်ငံလုံးသို့ ပြေးဆွဲနေသော ခရီးသည်တင်အဝေးပြေးယာဉ်များကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့အပြင် နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ဂိတ်မှူးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို တစ်လလျှင်နှစ်ကြိမ် ပုံမှန်ကွင်းဆင်း၍ ဟောပြောလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# တနိုင်းမြို့နယ်၌ နှစ်ရက်ဆက်တိုက် မိုင်းပေါက်ကွဲမှုကြောင့် ဒေသခံလေးဦး ဒဏ်ရာရ

**တနိုင်း ဇန်နဝါရီ ၂၁**
ကချင်ပြည်နယ် တနိုင်းမြို့နယ်အနီးတစ်ဝိုက်၌ ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ရက် နှစ်ရက်အတွင်း ပယင်းတူးဖော်ရန်သွားသူနှင့် ငါးရှာရန်သွားသူ လေးဦး မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၉ရက်က တနိုင်းမြို့ပုန်ခုန်းရပ်ကွက်နေ မောင်ထားမီးပူး(၃၀နှစ်)သည် မိုင်းခွန်ကျေးရွာအနီး မိုင်းခွန်ပယင်းမှော်သို့ ပယင်းတူးဖော်ရန် သွားရောက်စဉ် နင်းမိုင်းတစ်လုံးနင်းမိပေါက်ကွဲသဖြင့် ဒဏ်ရာများရရှိခဲ့သည်။ အလားတူ ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီခွဲက တနိုင်းမြို့ကင်ဆားရာရပ်ကွက်နေ ဦးဂမ်အောင် (၃၆ နှစ်)သည် တနိုင်းမြို့နှင့် ခုနစ်မိုင်ခန့်အကွာရှိ နွမ်းဟောင်းအင်းသို့ ငါးရှာရန်သွားစဉ် နင်းမိုင်းနင်းမိ ပေါက်ကွဲသဖြင့် ဒဏ်ရာများရရှိခဲ့သည်။ ထို့အတူ ဇန်နဝါရီ၂၀ရက် နံနက် ၉ နာရီခွဲက တနိုင်းမြို့နယ် မိုင်းခွန်ရွာသစ်နေ ဦးဆန်ဒေါင်းဖုန်(၃၄ နှစ်)နှင့် မောင်ခါးလ်ဒန်းဒီး (၁၈နှစ်)တို့နှစ်ဦးသည် ပယင်းတူးဖော်ရန်သွားစဉ် နင်းမိုင်းပေါက်ကွဲခဲ့သဖြင့် ဦးဆန်ဒေါင်းဖုန်၊ မောင်ခါးလ်ဒန်းဒီးတွင် ဒဏ်ရာများ ရှိခဲ့သည်။ မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးကုသမှုခံယူရန် တနိုင်းဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကျောက်မျက်တူးဖော်ရေးကုမ္ပဏီနှစ်ခု၏ စွန့်ပစ်ရေကန်ပေါက်ကျမှုကြောင့် လေးဦးသေဆုံး



**ဖားကန့် ဇန်နဝါရီ ၂၁**
ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ကုဋ္ဌေကျေးရွာအနီး၌ ဇန်နဝါရီ ၂၀ရက် ည ၁၁ နာရီခွဲက ကျောက်မျက်တူးဖော်ရေးကုမ္ပဏီဟောင်းနှစ်ခုရှိ နွံရေကန်ပေါက်မှုကြောင့် အောက်ဘက်ရှိ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ တစ်ခု၏ လုံခြုံရေးဝန်ထမ်း လေးဦး ရွှံ့နွံများ နစ်မြုပ်၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် ကုဋ္ဌေကျေးရွာအနီးရှိ စိမ့်နေခြည်နှင့် မြဥယျာဉ် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီ လုပ်ကွက်အဟောင်းမှ ရွှံ့နွံရေကန်ပေါက်ပြီး အောက်ဘက်ရှိ သဘာဝ အကောင်းဆုံး ကုမ္ပဏီလုပ်ကွက်ဟောင်းအတွင်းသို့ နွံများစီးဝင်ခဲ့ရာ ကုမ္ပဏီလုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် နမ့်ဆန်မြို့နယ် ဘုရားကြီးကျေးရွာနေ ဦးသိန်းတန် (၃၂နှစ်)၊ ကြံခင်းမြို့နယ် ပိုးစုကြီးကျေးရွာနေ ဦးဝင်းကြိုင်(၄၅နှစ်)၊ မြောင်မြို့နယ် ကျောက်ပူးကုန်းကျေးရွာနေ ဦးချစ်ဖွယ်(၃၂)နှစ်၊ ဘုတလင်မြို့နယ် လက်ပံမြောက်ကျေးရွာနေ ဦးသိန်းနိုင်(၄၇နှစ်) တို့ လေးဦးမှာ ရွှံ့နွံများဖုံးအုပ်ခံရပြီး သေဆုံးခဲ့၍ ကုမ္ပဏီပိုင် မြေတူးယာဉ်များဖြင့် တူးဖော်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်**

# သမီးရည်းစားစုံတွဲထံမှ ဓားထောက်လုယက်သူများအား ဖမ်းဆီးရမိ

**မန္တလေး ဇန်နဝါရီ ၂၁**
မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ဒေဝန်းအနောက်ရပ်ကွက် ၃၅ လမ်း သင်္ဂဇာချောင်းအနီး၌ ဇန်နဝါရီလ ဒုတိယပတ်က ၃၆ယ/ ----- ဆိုင်ကယ်ဖြင့် စိုးမိုးလှိုင်သည် ရည်းစားဖြစ်သူနှင့် တွေ့ဆုံနေစဉ် ၎င်းတို့ အနီးသို့ ဆိုင်ကယ်နှစ်စီးဖြင့် လူသုံးဦးရောက်ရှိလာပြီး ဓားရှည်နှစ်လက်အား အသုံးပြု၍ စိုးမိုးလှိုင်ထံမှပါရှိသော ဆိုင်ကယ်နှင့် လက်ကိုင်ဖုန်းနှစ်လုံးအား လုယက်မှုဖြစ်ပွားခဲ့သည်။

လုယက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မန္တလေးခရိုင်မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ် ဗိုလ်ဗိုလ်အောင်ဦးစီး၍ အမှတ်(၆)နယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မင်းရာဇာဝင်းနှင့်အဖွဲ့သည် စုံစမ်းဖော်ထုတ်ခဲ့ရာ ဇေရဲ (ခေါ်) ဇေကြီး၊ ဌေးအောင်ကျော်(ခေါ်)တရုတ်ကြီးနှင့် မင်းခန့်(ခေါ်)အကြီးကောင်တို့ သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အမှတ်(၆)နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဌေးအောင်ကျော် (ခေါ်) တရုတ်ကြီး၊ ဇေရဲ(ခေါ်) ဇေကြီးတို့အား ချမ်းမြသာစည်မြို့နယ် အမှတ်(၁၀) မြို့မရဲစခန်း၌ လည်းကောင်း၊ အောင်မြေသာစံမြို့နယ် အမှတ်(၅)မြို့မရဲစခန်း၌ လည်းကောင်း စုစုပေါင်း အမှုသုံးမှုဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်စံမောင်**

# စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်၊ အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၂၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၆၄၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၉၇၅ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၆၁၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၂၀ ရက်က မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်ငယ် Van လေးစီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်၊ အဝတ်အထည်နှင့် အလှကုန် စုစုပေါင်းပစ္စည်းအမျိုးအစား ငါးမျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၆၄၄ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦး သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၂၁**
နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲ၌ ဇန်နဝါရီ ၂၁ ရက် ည ၇နာရီ ၄၅ မိနစ်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေတွင်းကုန်း မြို့မရဲစခန်းမှ နယ်ထိန်း စိုးမိုးအောင် သွားရောက်စစ်ဆေးရာ ယနေ့ ည ၇ နာရီ ၄၅ မိနစ်ခန့်က ခရေပင်လမ်းခွဲမှ ချောင်းဖျားကျေးရွာဘက်သို့ ချောင်းဖျားကျေးရွာနေသူ ဦးမင်းလွင် စီးနင်းလာသည့် ဆိုင်ကယ်နှင့် ချောင်းဖျားကျေးရွာဘက်မှ ခရေပင်လမ်းခွဲဘက်သို့ ဦးနေမျိုးဇော်မောင်းနှင်၍ နောက်မှ ချောင်းဖျားကျေးရွာနေသူ ဦးခင်စိုး စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိသဖြင့် နောက်မှ စီးနင်းလိုက်ပါလာသူ ဦးခင်စိုးမှာ အခင်းဖြစ်နေရာ၌ ပွဲချင်းပြီး သေဆုံးခဲ့ပြီး ဒဏ်ရာရသူနှစ်ဦးအား အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများဆေးရုံသို့ တင်ပို့ခဲ့သည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေတွင်းကုန်း မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# စလင်းမြို့နယ်၌ ယာဉ်တစ်စီး မီးလောင်

**စလင်း ဇန်နဝါရီ ၂၁**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ထူးပေါက်ကျေးရွာလမ်းခွဲအနီး ဇန်နဝါရီ ၁၉ ရက် ည ၇ နာရီခွဲက ဦးခင်မောင်လွင် ပိုင်ဆိုင်သော ခြံဝင်းအတွင်း၌ ရပ်ထားသော ယာဉ်အမှတ် 4E/---- နီဆန်းယာဉ် ဘက်ထရီရှော့ဖြစ်ကာ ကားခေါင်းပိုင်း မီးလောင်ခဲ့သည်။

**အချိန်နှင့် တစ်ပြေးညီ ငြိမ်းသတ်**

အဆိုပါ မီးလောင်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်မှူး ရဲမှူး တင်ထွန်း၊ စလင်း မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ဦးဌေးမော် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀ နှင့် အရန်မီးသတ် ၅၀၊ ဆင်ဖြူကျွန်းမြို့ မီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ဦးတိတုဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူ ၁၅၀ ခန့်တို့သည် အချိန်နှင့်တစ်ပြေးညီ ငြိမ်းသတ်ခဲ့ရာ ယင်းနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် မီးကိုလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် နီဆန်းယာဉ်ခေါင်းခန်းနှင့်အနီးရှိ အလုပ်သမားများနေထိုင်သည့် မြေစိုက်တဲ တစ်လုံးမီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ နီဆန်းယာဉ်မောင်း အောင်ကိုလတ် (၃၃ နှစ်)အား စလင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# အရက်အတူသောက်ရင်း စကားများ၍ တစ်ဦးသေဆုံး

**ရန်ကုန် ဇန်နဝါရီ ၂၁**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့)မြို့နယ်နေ ဦး----သည် ဇန်နဝါရီ ၂၀ ရက် နံနက် ၈နာရီက နေအိမ်၌ရှိနေစဉ် ၎င်းနှင့်ညီအစ်ကိုဝမ်းကွဲတော်စပ်သူ ကြည်လှိုင်(၄၆နှစ်)မှာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၂)ရပ်ကွက် ပေါ်ဦး (၁) လမ်းမပေါ်၌ ဒဏ်ရာများရရှိကာ လဲကျနေကြောင်း ကြားသိရသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ သွားရောက်ကြည့်ရှုခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းရာ ဇန်နဝါရီ ၁၉ ရက် ညနေ ၃နာရီခွဲက ဇေယျာလွင်၏ နေအိမ်တွင် အရက်သောက်ရင်း စကားများရန်ဖြစ်ခဲ့ရာ ဒဏ်ရာရရှိသူ ကြည်လှိုင်အား မြောက်ဥက္ကလာပဆေးရုံကြီးတွင် အတွင်းလူနာ (စိုးရိမ်ရ)အဖြစ်ကုသနေစဉ် ဇန်နဝါရီ ၂၀ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် သေဆုံးသွားခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူ ဇေယျာလွင်အား ရွှေပြည်သာမြို့နယ် (၁၅)ရပ်ကွက် ပန်းခြံ(၁၆)ရှိ ညီအစ်ကို ဝမ်းကွဲတော်စပ်သူ၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။ ၎င်းအားစစ်ဆေးရာ သေဆုံးသူ ကြည်လှိုင်သည် ဇေယျာလွင်၏နေအိမ်၌ အရက်အတူသောက်ရင်း စကားများကြစဉ် ၎င်းကအရက်ပုလင်းဖြင့် ရိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဇေယျာလွင်(၃၆နှစ်)အား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# သစ်ကားတစ်စီး မြောင်းအတွင်း ထိုးကျတိမ်းမှောက်၊ သုံးဦးသေဆုံး

**ပွင့်ဖြူ ဇန်နဝါရီ ၂၁**
ပွင့်ဖြူမြို့နယ်ရှိ မြောက်မုန်းမြောင်းမကြီးအတွင်း ဇန်နဝါရီ ၂၀ရက်က သစ်ကားတစ်စီး ထိုးကျတိမ်းမှောက်ခဲ့၍ လူသုံးဦးသေဆုံးခဲ့ကြောင်း ပွင့်ဖြူမြို့မရဲစခန်းမှသိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၀ ရက် နံနက်၃နာရီခွဲက မြောက်မုန်းမြောင်းမကြီးအတွင်း ကားတစ်စီးတိမ်းမှောက်ကြောင်း သတင်းအရ ပွင့်ဖြူမြို့မရဲစခန်းမှ ဒုရဲအုပ် ရဲမွန် သွားရောက်စစ်ဆေးခဲ့ရာ ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာဘက်မှ ရှောက်တောကျေးရွာဘက်သို့ မြောက်မုန်းမြောင်းမကြီး မြောင်းပေါင်အတိုင်း ကျော်ထက်ဦး(၂၃နှစ်) မဲဇလီကျေးရွာ ပွင့်ဖြူမြို့နယ်နေသူမောင်းနှင်၍ သစ်ခွဲသားများတင်ဆောင်လာသော ၁၄/-----ခြောက်ဘီးယာဉ်သည် ကနီကျေးရွာနှင့်မဒဲကျေးရွာအကြား မြောင်းပေါင်ထောင်တိုင်အမှတ်-၂၃ အနီး မြောက်မုန်းမြောင်းမကြီးအတွင်းသို့ ထိုးကျ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာနေ စိုးမင်းအောင်(၃၆နှစ်)၊ လယ်မကျေးရွာနေ မောင်အေး(၂၇နှစ်)နှင့် ကိုကိုအောင်(၂၇နှစ်) တို့မှာ အခင်းဖြစ်နေရာ၌ ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ယာဉ်မောင်း ကျော်ထက်ဦး နှင့် လယ်မကျေးရွာနေ ဇင်ကို(၁၇နှစ်)တို့မှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပက်သက်၍ ယာဉ်မောင်း ကျော်ထက်ဦးအား ပွင့်ဖြူမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**



# ကျွန်းစုမြို့နယ်၌ ပုလဲမင်းစစ်ဆင်ရေးဖြင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၁**
ပုလဲမင်းစစ်ဆင်ရေးအရ မူးယစ်တပ်ဖွဲ့စု(၃၅)မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် နံနက် ၅ နာရီခန့်က ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ အမှတ်(၁)ရပ်ကွက်နေ လှစိုး၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်းရှိကော်ပုံးအတွင်းမှ ဘိန်းစာမှုန့် ၂ ဒသမ ၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ စခန်းသစ်ကျေးရွာ အမှတ်(၂)ရပ်ကွက်နေ အောင်မင်းခိုင်အား ၎င်း၏နေအိမ်၌ ရှာဖွေဖမ်းဆီးရမိခဲ့သည်။

အလားတူ စခန်းသစ်ကျေးရွာ အမှတ်(၄)ရပ်ကွက် သာကေတ(၄)လမ်းနေ ကျော်သူရဝင်း၏ နေအိမ်ကိုရှာဖွေရာ ကျော်သူရဝင်းနှင့် တေဇတို့ကို အတူတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေး ၆၀၉၅ ပြား၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ငွေကျပ် ၆၈ ဒသမ ၈ သိန်းတို့ကိုလည်းကောင်း၊ ထို့အတူ စခန်းသစ်ကျေးရွာ အမှတ်(၄)ရပ်ကွက်နေ မောင်မျိုး(ခ)ကျော်မျိုးလွင်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းစာမှုန့် ၁၄ ကီလိုကို လည်းကောင်း၊ ဆက်လက်၍ စခန်းသစ်ကျေးရွာ အမှတ်(၂) ရပ်ကွက်နေ ဦးကျောက်ပုံ(ခ)ကိုနိုင်အေး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၄၇ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ပြုံချမ်း အိုလံပစ်အားကစားပြိုင်ပွဲတွင် မြောက်ကိုရီးယားနိုင်ငံသား ၂၂ ဦး ပါဝင်ယှဉ်ပြိုင်မည်

**ဆိုးလ် ဇန်နဝါရီ ၂၁**

မြောက်ကိုရီးယားနိုင်ငံသည် လာမည့်လတွင် တောင်ကိုရီးယားနိုင်ငံ ပြုံချမ်း၌ကျင်းပမည့် ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်၌ အားကစားနည်းသုံးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အားကစားသမား ၂၂ ဦးကို စေလွှတ်ရန် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတကာအိုလံပစ်ကော်မတီက ပြောကြားခဲ့ကြောင်း သိရသည်။

စနေနေ့တွင် ဆွစ်ဇာလန်နိုင်ငံ လော့ဆန်နီ၌ ပြုလုပ်ခဲ့သည့် အစည်းအဝေးအပြီးတွင် အိုလံပစ်ကော်မတီသို့ ထိုသို့ကြေညာခဲ့ကြောင်း သိရသည်။ အစည်းအဝေးတွင် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့မှ အိုလံပစ်ကော်မတီအာဏာပိုင်များ၊ နိုင်ငံတကာအိုလံပစ်ကော်မတီနှင့် ပြုံချမ်းအိုလံပစ်အားကစားပြိုင်ပွဲ ဖြစ်မြောက်ရေးကော်မတီတို့မှ အာဏာပိုင်များ အတူတကွ တွေ့ဆုံခဲ့ကြသည်။

မြောက်ကိုရီးယားသည် စကိတ်ပြိုင်ပွဲများနှင့် အိုက်စ်ဟော်ကီပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ အမျိုးသမီးအိုက်စ်ဟော်ကီပြိုင်ပွဲတွင် မြောက်ကိုရီးယားကစားသမား ၁၂ ဦးက တောင်ကိုရီးယားနှင့် ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၉ ရက်တွင်ကျင်းပမည့် အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့မှ ကိုယ်စားလှယ်များသည် ကိုရီးယားပေါင်းစည်း ညီညွတ်ရေးအလံအောက်တွင် တစ်စုတည်းအနေဖြင့် စုဝေးသွားကြမည်ဖြစ်သည်ဟု ဖော်ပြထားသည်။ ပေါင်းစည်းညီညွတ်ရေးအလံသည် ကိုရီးယားကျွန်းဆွယ်ကို ကိုယ်စားပြုသည်။

**အင်န်အိတ်ချ်ကေ**






## မြောက်ကိုရီးယား၏ ဒုံးကျည်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ဂျပန်ပိုမိုပေးအပ်သွားမည်

**တိုကျို ဇန်နဝါရီ ၂၁**

ဂျပန်အစိုးရသည် ဂျပန်နိုင်ငံ၏ စီးပွားရေးဇုန်အပြင်ဘက်သို့ ရည်ရွယ်ပစ်လွှတ်ခဲ့သည့် ဒုံးကျည်များအပါအဝင် မြောက်ကိုရီးယား၏ တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများအားလုံးနှင့်ပတ်သက်၍ ရဟတ်ယာဉ်နှင့် ရေယာဉ်များသို့ သတင်းအချက်အလက်များ စတင်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းဆောင်ရွက်မှုသည် အဆိုပါဒေသအတွင်း၌ ဖြစ်နိုင်ဖွယ်ရှိသည့် ဒုံးကျည်ခြိမ်းခြောက်မှု အန္တရာယ်မှန်သမျှနှင့်ပတ်သက်၍ သတင်းအချက်အလက်သိရှိလိုသည့် ငါးဖမ်းလုပ်သားများနှင့် အခြားသူများထံမှ တောင်းဆိုချက်များကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ထိုသို့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံတွင် အကယ်၍ မြောက်ကိုရီးယားနိုင်ငံက ဂျပန်နယ်နိမိတ် သို့မဟုတ် ဂျပန်ရေပိုင်နက်အတွင်းသို့ ကျရောက်နိုင်သည့် ဒုံးကျည်တစ်စင်းပစ်ခတ်ခဲ့လျှင် ပြည်သူလူထုအား သတိပေးနိုင်ရန်အတွက် J- Alert ဟု ခေါ်တွင်သည့် အရေးပေါ်သတိပေးစနစ်တစ်ခုရှိသည်။

မြောက်ကိုရီးယားက ဒုံးကျည်တစ်စင်းပစ်ခတ်ခဲ့လျှင် ရေယာဉ်များနှင့် ရဟတ်ယာဉ်တို့အတွက် သတိပေးချက်နှင့် သတင်းအချက်အလက်များကို ကန့်သတ်ထားကြောင်း သိရသည်။ အာဏာပိုင်များက ၎င်းတို့သည် တိုက်ချင်းပစ်ဒုံးကျည်မဟုတ်သည့် တာတိုပစ်ဒုံးကျည်များပစ်ခတ်မှုနှင့် မအောင်မြင်သည့် ဒုံးကျည်ပစ်ခတ်မှုများအတွက် ၎င်းတို့အနေဖြင့် အချက်အလက်ပေးအပ်နိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ကယ်လီဖိုးနီးယားမြောက်ပိုင်းတွင် အမျိုးသမီးတစ်သိန်းကျော်ခန့် လူထုစုဝေးမှုတွင် ပါဝင်

**ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၂၁**

ယခုနှစ်တွင် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်အာဏာလွှဲပြောင်းရရှိရေးနှင့် တရားဝင်ရပိုင်ခွင့်များအတွက် ပြုလုပ်သည့် အမျိုးသမီးများ၏ လူထုစုဝေးမှုတွင် အမေရိကန်အနောက်ဘက်ကမ်းခြေပေါ်ရှိ ကယ်လီဖိုးနီးယားမြောက်ပိုင်းမြို့ကြီးများ၏ လမ်းများပေါ်သို့ အမျိုးသမီး ၁၀၀၀၀၀ ကျော်ခန့် ချီတက်စုဝေးခဲ့ကြကြောင်း သိရသည်။

ကယ်လီဖိုးနီးယားမြောက်ပိုင်းရှိ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ဘဏ္ဍာရေးအချက်အချာမြို့ဖြစ်သည့် ဆန်ဖရန်စစ္စကိုသည် စနေနေ့ညနေခင်းတွင် အမေရိကန်ပြည်ထောင်စု အနောက်ဘက်ဒေသရှိ ဆန္ဒထုတ်ဖော်သူအမြောက်အမြားကို ဆွဲဆောင်ခဲ့သည်။ များပြားလှစွာသော လူအုပ်ကြီးသည် မြို့တော်ခန်းမအနီးရှိ Civic Center Plaza အနီးတွင် စုဝေးခဲ့ကြပြီး ဈေးလမ်းမပေါ်သို့ ချီတက်လာခဲ့ကာ ဆန်ဖရန်စစ္စကိုမြို့စွန်ရှိ Embarcadero အထိ ရောက်ရှိခဲ့ကြသည်။

ဆန္ဒဖော်ထုတ်သူများသည် ကျား မတန်းတူညီမျှ မရှိမှု၊ အမျိုးသမီးများ၏ ရပိုင်ခွင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်းရင်းသားလူနည်းစုအုပ်စုများအပေါ်တွင် သမ္မတဒေါ်နယ်ထရန့်၏ ပြောဆိုသုံးနှုန်းမှုများနှင့် မူဝါဒများကို ဝေဖန်လိုသည့် ၎င်းတို့၏ လိုလားချက်များကို ဖော်ပြရန်အတွက် စာတန်းပါဆိုင်းဘုတ်များကို ကိုင်ဆောင်ခဲ့ကြသည်။

ဆန်ဖရန်စစ္စကိုမြို့တော်ဝန်အဖြစ် တာဝန်ယူဆောင်ရွက်နေသည့် လန်ဒန်ဘရိဒ်ကလည်း အမျိုးသမီးများ၏ ဆန္ဒထုတ်ဖော်မှုကို အကြီးအကျယ်ထောက်ခံကြောင်း ဖော်ပြခဲ့ပြီး ဆန်ဖရန်စစ္စကိုမြို့တော်ခန်းမတွင် အမျိုးသမီးဆန္ဒထုတ်ဖော်သူ အုပ်စုတစ်စု၏ ဓာတ်ပုံကို တွစ်တာပေါ်တွင် ဖော်ပြခဲ့သည်။

ဖက်ဒရယ်အစိုးရသည် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ရွှေ့ပြောင်းသွားလာသူများကို သိက္ခာမရှိဟူ၍ တံဆိပ်ခတ်နှိပ်ရန် လုပ်ဆောင်မည့် အစီအစဉ်တစ်ရပ်အား အကောင်အထည်ဖော်ရန် ကြိုးပမ်းနေမှုကို ကျွန်ုပ်တို့အနေဖြင့် တိတ်ဆိတ်စွာ ထိုင်နေမည်မဟုတ်။ ကျွန်ုပ်တို့၏ အသံကိုနားထောင်ပါဟူ၍ ၎င်းက တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

**ဆင်ဟွာ**




## ကဘူးလ်ရှိ ဟိုတယ်တစ်ခုကို သေနတ်သမားများ ဝင်ရောက်တိုက်ခိုက်ရာ ခြောက်ဦးသေဆုံး

**ကဘူးလ် ဇန်နဝါရီ ၂၁**

အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်ရှိ ဟိုတယ်တစ်ခုတွင် သေနတ်သမားများက ဝင်ရောက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၀ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ သေဆုံးသွားသူများတွင် ပြည်ပနိုင်ငံသားတစ်ဦးပါဝင်ခဲ့သည်။

သေနတ်သမားများသည် စနေနေ့ည ၉ နာရီတွင် Intercontinental Hotel ကို ဝင်ရောက်ကာ အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ လုံခြုံရေးအင်အားစုများကလည်း အပြန်အလှန် သေနတ်ပစ်ခတ်ခဲ့ကြပြီး ၁၂ နာရီအကြာတွင် ဟိုတယ်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။




နိုင်ငံခြားရေးဝန်ကြီးဌာနအာဏာပိုင်များက သေနတ်သမား သုံးဦးလုံး သေဆုံးသွားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်ကလည်း တာလီဘန်စစ်သွေးကြွများ အဆိုပါဟိုတယ်ကို တိုက်ခိုက်ခဲ့ပြီး လာရောက်တည်းခိုသူဧည့်သည်များနှင့် ဟိုတယ်ဝန်ထမ်းများ အပါအဝင် ၁၂ ဦးတို့ သေဆုံးသွားခဲ့သည်။

ဟိုတယ်များနှင့် နိုင်ငံခြားသားများစုဝေးသည့် အခြားနေရာများတွင် တိုက်ခိုက်မှုများ ဖြစ်ပွားနိုင်သည့် အန္တရာယ်ရှိကြောင်း သတင်းအချက်အလက်များ ရရှိခဲ့ပြီးနောက် ကြာသပတေးနေ့တွင် ကဘူးလ်ရှိ အမေရိကန်သံရုံးက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ဟိုတယ်မှ သတင်းရင်းမြစ်များက ပြောကြားသည်မှာ ပုဂ္ဂလိကကုမ္ပဏီများသည် ယခုလတွင် လုံခြုံရေးဆောင်ရွက်မှုများရှိခဲ့ပြီး ခန္ဓာကိုယ်စစ်ဆေးခြင်းအပါအဝင် တင်းကျပ်သည့် ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ လက်နက်ကိုင်အုပ်စုသည် အစောင့်များတင်းကျပ်စွာချထားသည့် ယင်းအဆောက်အအုံထဲသို့ မည်သို့မည်ပုံဝင်ရောက်နိုင်ခဲ့သည်ကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း အာဖဂန်အစိုးရက ပြောကြားခဲ့သည်။

**ရိုက်တာ**

## ၃၀ ကီလိုမီတာရှိသည့် ဘေးကင်းဇုန်ကို ဆီးရီးယားရှိ အက်ဖရင်၌ တူရကီဖန်တီးမည်

**အစ္စတန်ဘူလ် ဇန်နဝါရီ ၂၁**

တူရကီသည် ဆီးရီးယားမြောက်ပိုင်း အက်ဖရင်ပြည်နယ်တွင် ဆောင်ရွက်နေသည့် စစ်ဆင်ရေး၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ၃၀ ကီလိုမီတာ (၁၉ မိုင်) ရှိသည့် ဘေးကင်းဇုန်တစ်ခုထူထောင်သွားရန် ရည်ရွယ်လျက်ရှိကြောင်း ဟာဘာတပ်ခ် အသံလွှင့်ဌာနက ဝန်ကြီးချုပ် ဘီနာလီယီလ်ဒီရင်၏ ပြောဆိုမှုကို ကိုးကားလျက် တနင်္ဂနွေနေ့က ဖော်ပြခဲ့သည်။

မကြာသေးမီက စစ်ဆင်ရေးဆင်နွှဲခဲ့မှုအတွင်း တပ်ဖွဲ့ဝင်တစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း ဟာဘာတပ်ခ် အသံလွှင့်ဌာနက ယီလ်ဒီရင်၏ ပြောစကားကို ဖော်ပြခဲ့သည်။ တစ်ချိန်တည်းမှာပင် တူရကီတပ်မတော်သည် အဆိုပါဒေသအတွင်း၌ မြေပြင်စစ်ဆင်ရေးတစ်ရပ်စတင်ကြောင်း အတည်ပြုကြေညာခဲ့သည်။

**ရိုက်တာ**

နိုင်ငံတကာ သတင်းတိုထွာ

## ၂၀၁၇ ခုနှစ် တစ်နှစ်လုံး၌ ဆွီဒင်နိုင်ငံတစ်ဝန်း သေနတ်ပစ်ခတ်မှုပေါင်း အကြိမ် ၃၂၀ ဖြစ်ပွား

**စတော့ဟုမ်း ဇန်နဝါရီ ၂၁**

၂၀၁၇ ခုနှစ် တစ်နှစ်လုံးတွင် ဆွီဒင်နိုင်ငံတစ်ဝန်း သေနတ်ပစ်ခတ်မှုပေါင်း အကြိမ် ၃၂၀ ဖြစ်ပွားခဲ့ကြောင်း၊ သုံးပုံတစ်ပုံကျော်မှာ မြို့တော် စတော့ဟုမ်းတွင်ဖြစ်ပွားခဲ့ကြောင်း မကြာသေးမီက ထုတ်ပြန်ခဲ့သော ဆွီဒင်နိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ယခင်နှစ်က သေနတ်ပစ်ခတ်မှုအများဆုံးဖြစ်ပွားခဲ့သော မြို့တော်စတော့ဟုမ်းတွင် စုစုပေါင်း အကြိမ် ၁၂၀ ခန့် ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါပစ်ခတ်မှုတွင် လူပေါင်း ၁၉ ဦး သေဆုံးကာ ၄၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါသေနတ်ပစ်ခတ်မှုများသည် တရားဥပဒေစိုးမိုးမှုနည်းသည့် ဒေသများတွင်ဖြစ်ပွားလေ့ရှိကြောင်း၊ ဒုစရိုက်ဂိုဏ်းအချင်းချင်း မူးယစ်ဆေးဝါးအငြင်းပွားမှုကြောင့် ထိုသို့တိုက်ခိုက်မှုများဖြစ်ပွားလေ့ရှိကြောင်း ဆွီဒင်နိုင်ငံက ရုပ်မြင်သံကြားတွင် ဖော်ပြခဲ့သည်။ သေနတ်ပစ်ခတ်မှုများကြောင့် မသက်ဆိုင်သူများပါ ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် ရဲတပ်ဖွဲ့များအနေဖြင့် နည်းလမ်းသစ်များကို ရှာဖွေပြီး ပိုမိုထိရောက်သော နည်းလမ်းသစ်များကို ရှာဖွေရမည်ဖြစ်ကြောင်း ဆွီဒင်နိုင်ငံရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် တရုတ်ရွှေ့ပြောင်းအလုပ်သမား ခုနစ်သန်းကျော် မွေးရပ်မြေသို့ ပြန်လာ

**ပေကျင်း ဇန်နဝါရီ ၂၁**

စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်နိုင်ရန် တရုတ်ရွှေ့ပြောင်းအလုပ်သမား ခုနစ်သန်းကျော်မွေးရပ်မြေသို့ ပြန်လာခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သော စာရင်းဇယားများအရ ဖော်ပြခဲ့သည်။

စွန့်ဦးတီထွင်လုပ်ကိုင်ခြင်းသည် တိုးတက်လာသော ခေတ်ရေစီးကြောင်းတစ်ခုဖြစ်သည်နှင့်အညီ ၁၁ ရာခိုင်နှုန်းသော ရွှေ့ပြောင်းအလုပ်သမားများသည် ၎င်းတို့၏ ဇာတိကျေးလက်မွေးရပ်မြေသို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် ၂၀၁၇ ခုနှစ် စတုတ္ထမြောက် လေးလပတ်တွင် ပြန်လည်ရောက်ရှိလာခဲ့ကြောင်း လူမှုဖူလုံရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနမှ သိရသည်။

ပြန်လည်လုပ်ကိုင်မည့် အဆိုပါ စီးပွားရေးလုပ်ငန်းများတွင် လယ်ယာစိုက်ပျိုးရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများစသည့် လုပ်ငန်းများပါဝင်ကြောင်း အဆိုပါဝန်ကြီးဌာန၏ စာရင်းဇယားများအရသိရသည်။

စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးချင်းစီသည် ကျေးလက်ဒေသတွင်း၌ လေးယောက်လျှင် တစ်ယောက်နှုန်း အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းကို ဖန်တီးပေးမည်ဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ကျေးလက်ဒေသ၏ စာရင်းဇယားများအရ ဘဏ္ဍာရေးနှင့် မြေယာကဏ္ဍတွင် အခက်အခဲများကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# ဒုတိယသက်တမ်းအတွက် ရွေးကောက်ပွဲဝင်ရာမှ ပြိုင်ဘက်မရှိဖြစ်နေတဲ့ အီဂျစ်သမ္မတ စီစီ

**ချူးစန္ဒီမွေး**



အာရပ်နွေဦးလှုပ်ရှားမှုကြောင့် ပြုတ်ကျသွားခဲ့ရတဲ့ အာဏာရှင် အစိုးရတွေ မနည်းပါဘူး။ အာဏာရှင်စနစ်ကို ဖြုတ်ချပစ်ဖို့ ကြိုးပမ်းပေါ်ပေါက်လာခဲ့ရတဲ့ ဒီလှုပ်ရှားမှုမှာ တူနီးရှားတစ်နိုင်ငံသာ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ခဲ့ပြီး ကျန်အာရပ်နိုင်ငံတွေကတော့ ပဋိပက္ခများစွာနဲ့ ရင်ဆိုင်နေရဆဲပါ။

အီဂျစ်နိုင်ငံဟာဆိုရင်လည်း အာရပ်နွေဦးလှုပ်ရှားမှုမှာ ပါဝင်ခဲ့တဲ့နိုင်ငံဖြစ်ပြီး ပဋိပက္ခတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ နိုင်ငံလည်းဖြစ်တယ်။ အုပ်ချုပ်သူအစိုးရဟာလည်း တည်ငြိမ်မှုမရှိဘဲ သမ္မတအပြောင်းအလဲတွေလည်း ဖြစ်ခဲ့ရတယ်။ လက်ရှိမှာတော့ အီဂျစ်မှာ စစ်တပ်က ကျောထောက်နောက်ခံပြုထားတဲ့ သမ္မတစီစီက အုပ်ချုပ်နေပြီး သူ့ရဲ့သမ္မတ သက်တမ်းဟာလည်း ကုန်ဆုံးတော့မှာပဲ ဖြစ်တယ်။

သမ္မတစီစီဟာ သူ့ရဲ့နောက်တစ်ကြိမ် သမ္မတသက်တမ်းအတွက် ရွေးကောက်ပွဲဝင်မယ်လို့ သောကြာနေ့နှောင်းပိုင်းက ကြေညာခဲ့ပါတယ်။ နောက်တစ်ကြိမ် သမ္မတသက်တမ်းအတွက် ပြင်ဆင်မှုအပေါ် မေးခွန်းထုတ်စရာတွေလည်း အများကြီးပေါ်ပေါက်လာပါတယ်။ အဗ္ဗဒယ်ဖက်တက်အယ်စီစီဟာ ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်ပြီး သမ္မတမိုဟာမက်မော်စီကို ဖြုတ်ချပြီးနောက် ၂၀၁၃ခုနှစ်မှာ အာဏာရလာသူလည်း ဖြစ်တယ်။

သမ္မတမော်စီဟာ လူကြိုက်မများပေမယ့် အစ္စလာမ်မစ် သမ္မတတစ်ဦးအဖြစ် ဒီမိုကရေစီ နည်းကျကျ ရွေးကောက်ခံထားရသူလည်း ဖြစ်တယ်။ သမ္မတမော်စီကို ဖြုတ်ချပြီးတာနဲ့ မစ္စတာစီစီရဲ့ အစိုးရအဖွဲ့ဟာ ဆန့်ကျင်ဆန္ဒပြသူတွေကို ဖမ်းဆီးထောင်ချခဲ့ပါတယ်။ လူရာပေါင်းများစွာကိုလည်း သတ်ဖြတ်ခဲ့ပါတယ်။ သူတို့အစိုးရကို ဝေဖန်သူတွေကိုလည်း အလွတ်မပေးခဲ့ပါဘူး။

အဲဒီလို နှိပ်ကွပ်မှုတွေ ပြုလုပ်ပြီး တစ်နှစ်အကြာမှာတော့ ရွေးကောက်ပွဲပြုလုပ်ခဲ့ပြီး မစ္စတာစီစီဟာ မဲအရေအတွက် ၇၉ ရာခိုင်နှုန်းနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရရှိပြီး အီဂျစ်သမ္မတဖြစ်လာခဲ့ပါတယ်။

အီဂျစ်နိုင်ငံမှာ နောက်တစ်ကြိမ် သမ္မတရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် မတ်လ ၂၆ ရက်နေ့ကနေ ၂၈ ရက်နေ့အထိ ကျင်းပမှာဖြစ်ပြီး တကယ်လို့ ပထမအကျော့ ရွေးကောက်ပွဲမှာ ဘယ်အမတ်လောင်းကမှ အနိုင်မရခဲ့ဘူးဆိုရင်၊ မဲတူနေမယ်ဆိုရင် ဧပြီလ နှောင်းပိုင်းမှာ နောက်ထပ်တစ်ကျော့ ရွေးကောက်ပွဲ ထပ်မံပြုလုပ်မှာပဲ ဖြစ်တယ်။

"မတ်လအတွင်းမှာ ကျင်းပမယ့် ရွေးကောက်ပွဲဟာ လွတ်လပ်မှုရှိပြီး ပွင့်လင်းမြင်သာမှုလည်း ရှိရပါစေမယ်" လို့ သမ္မတစီစီက ကတိပေးခဲ့ပါတယ်။ ရွေးကောက်ပွဲအတွက် ပြိုင်ပွဲဝင်သူတိုင်းဟာလည်း အခွင့်အရေး တန်းတူရစေရမယ်၊ မဲဆွယ်စည်းရုံးမှုတွေ ပြုလုပ်တဲ့အခါမှာလည်း တရားမျှတမှု ရှိစေရမယ်လို့ သမ္မတ စီစီက သူမိန့်ခွန်းပြောကြားစဉ်အတွင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒါပေမယ့်လည်း သမ္မတစီစီအတွက်တော့ ပြိုင်ဘက်ဆိုတာ မရှိသလောက်ပါပဲ။ သူ့အတွက် ပြိုင်ဘက်ကောင်းတစ်ဦးကတော့ ဗိုလ်ချုပ်ဟောင်းနဲ့ နိုင်ငံရေးသမားတစ်ဦးဖြစ်တဲ့ အာမက်ရှဖစ်ပဲဖြစ်တယ်။ ဒါပေမယ့် အာမက်ရှဖစ်ဟာလည်း ယခုလအတွင်းမှာပဲ ပြိုင်ပွဲကနေ နုတ်ထွက်သွားပါတယ်။ သူ့ကိုယ်သူ နိုင်ငံ့အရေးကိစ္စတွေကို စီမံခန့်ခွဲနိုင်တဲ့ အရည်အချင်းမရှိဘူးလို့ သတ်မှတ်ပြီး နုတ်ထွက်သွားခဲ့တာပဲ ဖြစ်တယ်။ ဒါပေမယ့်လည်း သူ့ရဲ့ ရှေ့နေတစ်ဦးပြောပြချက်အရတော့ သူရွေးကောက်ပွဲဝင်ဖို့ရာကနေ မဝင်တော့ဘဲ နုတ်ထွက်သွားရခြင်းမှာ အစိုးရဘက်က ဖိအားပေးလို့ ဆိုပါတယ်။ သူ့ကိုဦးတည်ပြီး စွပ်စွဲထားတဲ့ အကျင့်ပျက်ခြစားမှုတွေကို ပြန်လည်စုံစမ်းစစ်ဆေးမယ်လို့ ခြိမ်းခြောက်ခဲ့တဲ့အတွက် နုတ်ထွက်ခဲ့ရတာပဲ ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

ဒုတိယအင်အားကြီးတဲ့ ပြိုင်ဘက်တစ်ဦးကလည်း အစိုးရရဲ့ ဖိအားပေးခံရလို့ပါဆိုပြီး နုတ်ထွက်သွားခဲ့ပါတယ်။ သမ္မတစီစီရဲ့အဓိကပြိုင်ဘက် တစ်ဦးဖြစ်တဲ့ လက်ဝဲစွန်းရောက် ရှေ့နေတစ်ဦးဖြစ်သူ ခါလက်အာလီဟာလည်း အရည်အချင်းမပြည့်ဝသူတစ်ဦးလို့ စွပ်စွဲခံထားရပါတယ်။ သူဟာလွန်ခဲ့တဲ့နှစ်က ကိုင်ရိုတရားရုံးတော်အပြင်ဘက်မှာ မလျော်ကန်တဲ့ အပြုအမူပြုလုပ်ခဲ့တယ်လို့ စွပ်စွဲခံထားရသူလည်း ဖြစ်တယ်။

တကယ်လို့များ မတ်လ ၇ ရက်နေ့မှာ ပြုလုပ်မယ့် မစ္စတာအာလီရဲ့အသနားခံစာသာ မအောင်မြင်ခဲ့ဘူးဆိုရင်တော့ သမ္မတ စီစီအတွက် ပြိုင်ဘက်ဟာ တစ်ဦးတည်း ကျန်တော့မှာပါ။ မစ္စတာစီစီရဲ့ တစ်ဦးတည်းသော ပြိုင်ဘက်ဟာ ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်သူ ဆာမီအနန်ဖြစ်ပြီး သူဟာလည်း လူထုရှေ့က ပျောက်နေတာကြာပြီဖြစ်တဲ့ လူတစ်ယောက်လည်း ဖြစ်တယ်။

သမ္မတစီစီကတော့ သူ့အနေနဲ့ လေဘာတီတွေကို နှိမ်နင်းရတာဟာ အီဂျစ်ပြည် တည်ငြိမ်အေးချမ်းဖို့အတွက် လိုအပ်လို့ လုပ်ခဲ့ရတာပါလို့ ပြောလိုက်ပါတယ်။ အာရပ်နွေဦးတော်လှန်မှုကစလို့ ယိုင်နဲ့ခဲ့ရတဲ့ အီဂျစ်နိုင်ငံရဲ့ စီးပွားရေးဟာဆိုရင် အခုထိ နာလန်မထူနိုင်သေးပါဘူး။

ဒါပေမယ့်လည်း အာရပ်နွေဦးတော်လှန်မှုကိုတော့ အပြစ်တင်လို့ မရပါဘူး။ ဘာလို့လဲဆိုရင် အဲဒီတော်လှန်ရေးကြောင့်သာ အီဂျစ်ကို နှစ်ပေါင်း ၃၀ကျော်ကြာ အာဏာရှင်စနစ်နဲ့ အုပ်ချုပ်ခဲ့တဲ့ သမ္မတ ဟိုစနီမူဘာရက်ကို ဖြုတ်ချနိုင်ခဲ့တာဖြစ်တယ်။ အစွန်းရောက်တွေရဲ့ အကြမ်းဖက်မှုတွေကြောင့် လုံခြုံရေးပျက်ပြားခဲ့ရပြီး လူထုဆန္ဒပြပွဲတွေ ပေါ်ပေါက်ခဲ့ပေမယ့် သမ္မတစီစီရဲ့အစိုးရတက်လာတဲ့ အခါမှာတော့ အခြေအနေတွေ အားလုံးကို တည်ငြိမ်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ သူ့လက်ထက်မှာတော့ ဖရိုဖရဲဖြစ်နေတဲ့ တိုင်းပြည်ဟာ အတိုင်းအတာတစ်ခုအထိ ပြန်လည်ငြိမ်သက်ခဲ့ပါတော့တယ်။

မစ္စတာစီစီရဲ့ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေဟာ အလွန်ကြီးအောင်မြင်မှုမရှိပေမယ့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကတော့ သမ္မတစီစီကို ချီးကျူးခဲ့ပါတယ်။ ဒါ့အပြင် ဆိုင်းနိုင်းကျွန်းဆွယ်ကနေ အိုင်အက်စ်စစ်သွေးကြွတွေကို နှိမ်နင်းချေမှုန်းပေးတဲ့ သူ့ရဲ့အားထုတ်မှုအတွက် အနောက်တိုင်းက မဟာမိတ်တွေရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါပါတယ်။ ဒါကြောင့် သူ့မှာ အနောက်အုပ်စုရဲ့ ထောက်ခံမှုလည်းရှိတယ်လို့ ဆိုရမလိုပါပဲ။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အုပ်စုတွေက သမ္မတစီစီကို မနှစ်မြို့ကြပေမယ့် သူဟာလည်း သူ့အတိုင်းအတာနဲ့ သူတော့ အစွမ်းအစရှိသူတစ်ဦးလည်း ဖြစ်တယ်။ သမ္မတစီစီဟာ ပြစ်ချက် တစ်ခုသဖွယ် ဖြစ်နေတာကတော့ ၂၀၁၃ ခုနှစ်မှာ အတိုက်အခံတွေကို အပြင်းအထန် နှိမ်နင်းခဲ့တာပါပဲ။

လူရာပေါင်းများစွာ အသတ်ခံရပြီး ထောင်ပေါင်းများစွာ ဖမ်းဆီးထောင်ချခြင်းခံရပြီးတဲ့နောက်မှာတော့ လူ့အခွင့်အရေးအုပ်စုတွေဟာ သမ္မတ စီစီကို ဘယ်လိုမှ အမြင်မကြည်နိုင်တော့ပါဘူး။

ဒီကြားထဲမှာ ရွေးကောက်ပွဲအတွက် ပြိုင်ဘက်တွေဟာလည်း တစ်ဦးပြီး တစ်ဦး နုတ်ထွက်သွားကြပြန်တော့ မတ်လအတွင်းမှာ ကျင်းပမယ့် အီဂျစ်နိုင်ငံရဲ့ သမ္မတရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတပါ့မလားဆိုတာ မေးခွန်းထုတ်စရာပါပဲ။ စစ်မှန်တဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို အီဂျစ်နိုင်ငံအနေနဲ့ လျှောက်လှမ်းနိုင်ဖို့ဆိုရင် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတွေ အမြစ်တွယ်နေဖို့ လိုအပ်ပါတယ်။

လက်ရှိ အခြေအနေမှာတော့ သမ္မတ စီစီအတွက် ပြိုင်ဘက်မရှိသလို ဖြစ်နေတယ်။ ရွေးကောက်ပွဲကို ဒီအတိုင်း အသာလေးအနိုင်ရရှိသွားမယ်ဆိုရင်တော့ လူအများပြောစရာ ဖြစ်နေဦးမှာပါပဲ။ အီဂျစ်နိုင်ငံမှာ သမ္မတအပြောင်းအလဲဖြစ်မလား၊ ဒါမှမဟုတ် အရင်သမ္မတကပဲ အနိုင်ရရှိသွားမလားဆိုတာကတော့ မတ်လအတွင်းမှာပဲ အဖြေပေါ်တော့မှာပါ။ ။

**"အစွန်းရောက်တွေရဲ့ အကြမ်းဖက်မှုတွေကြောင့် လုံခြုံရေးပျက်ပြားခဲ့ရပြီး လူထုဆန္ဒပြပွဲတွေ ပေါ်ပေါက်ခဲ့ပေမယ့် သမ္မတစီစီရဲ့ အစိုးရတက်လာတဲ့ အခါမှာတော့ အခြေအနေတွေ အားလုံးကို တည်ငြိမ်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ သူ့လက်ထက်မှာတော့ ဖရိုဖရဲဖြစ်နေတဲ့ တိုင်းပြည်ဟာ အတိုင်းအတာတစ်ခုအထိ ပြန်လည်ငြိမ်သက်ခဲ့ပါတော့တယ်"**

*ကိုးကား - နယူးယောက်တိုင်းမ်*

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

သို့သော် အဆိုပါပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို ဆောင်ရွက်ရန် ဆက်လက်တာဝန်ရှိပြီး ထိုသို့ ဆောင်ရွက်ရန် ဆက်လက်ပျက်ကွက်နေခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၄၄၉ ပါ ပြဋ္ဌာန်းချက်များကို သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် ပေးချေခဲ့သည့်နေ့ရက်တွင် အကျိုးသက်ရောက်၍ ထိုသူသည် အဆိုပါပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာရောက်သည်။

(၃) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည့်အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သောပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခြင်းမပြုဘဲ အဆိုပါ ပြုလုပ်မှုသို့မဟုတ် အကြောင်းအရာကို လိုက်နာ ဆောင်ရွက်ခဲ့လျှင် ထိုသူအပေါ်သတ်မှတ်ဖော်ပြထားသောပြစ်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်သည် သို့မဟုတ်

(၄) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည့်အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သောပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေမှုမပြုခြင်း၊ အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်မှုမပြုခြင်း၊ အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ရန် တာဝန်ဆက်လက်ဖြစ်ပေါ်လျက်ရှိခြင်းများ ပေါ်ပေါက်ခဲ့လျှင် ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်သည်။

(င) သီးခြားပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် ပြစ်မှုတစ်ရပ် မဟုတ်သော သတ်မှတ်ဖော်ပြထားသော ပြစ်မှုတစ်ရပ်နှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ပုဒ်မခွဲ (က) အရ အကြောင်းကြားစာတစ်စောင်ကို ပေးပို့သည့်အခါ -

(၁) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ် အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သောပြစ်ဒဏ်ကို အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခဲ့လျှင် ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခြင်း မပြုနိုင်၊

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည်အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေမှုမပြုလျှင် ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်သည်။

(စ) သတ်မှတ်ဖော်ပြထားသော ပြစ်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ပေးပို့သည့် အကြောင်းကြားစာပါ ငွေပမာဏကို ထိုသူက ပေးချေခြင်းသည် သတ်မှတ်ဖော်ပြထားသောပြစ်မှုအား ကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ထိုသူသည် တာဝန်ရှိမှု တစ်ရပ်ရပ်ကို ကင်းလွတ်ခွင့်ပြုရာရောက်သည့်အနေဖြင့် ဆောင်ရွက်ခြင်း မပြုရ။

(ဆ) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁)၊ (၂) နှင့် ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၁) တို့တွင် ဖော်ပြပါရှိသည့်ကိစ္စရပ်များမှအပ ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ဤပုဒ်မပါကိစ္စရပ်များအတွက် သတ်မှတ်ဖော်ပြထားသော ပြစ်မှုများနှင့် စပ်လျဉ်း၍ တရားစွဲဆိုဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းအား ထိခိုက်စေခြင်းမရှိစေရ။

**တရားစွဲဆိုဆောင်ရွက်ခြင်းတွင် ကူညီဆောင်ရွက်မည့်သူများ**

၄၅၀။ (က) ဤပုဒ်မတွင် တရားပြိုင်ဟု ရည်ညွှန်းမည့် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားစွဲဆို ဆောင်ရွက်သည့်အခါ၊ သို့မဟုတ် မှတ်ပုံတင်အရာရှိက ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားစွဲဆို ဆောင်ရွက်သင့်ကြောင်း ထင်မြင်ယူဆသည့်အခါ မှတ်ပုံတင်အရာရှိသည် အောက်ပါပုဂ္ဂိုလ်များကို တရားစွဲဆို ဆောင်ရွက်မှုတွင် ကူညီဆောင်ရွက်စေနိုင်သည်-

(၁) တရားပြိုင်သည် လူပုဂ္ဂိုလ်တစ်ဦးဦးဖြစ်လျှင် တရားပြိုင်၏ အစုစပ်ဝင်၊ ဝန်ထမ်းသို့မဟုတ် ကိုယ်စားလှယ်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

(၂) တရားပြိုင်သည် ကော်ပိုရေးရှင်းတစ်ခုဖြစ်လျှင် တရားပြိုင်၏ အရာရှိ၊ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးဖြစ်ခဲ့သော သို့မဟုတ် တစ်ဦးဦးဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦး။

ထိုသို့ဆောင်ရွက်မည့်သူသည် တရားစွဲဆိုဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ၎င်းက သင့်လျော်သည့် အကူအညီများ အားလုံးကိုဆောင်ရွက်ပေးရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးသည် တရားစွဲဆို စစ်ဆေးဆောင်ရွက်မှုများတွင် တရားပြိုင်တစ်ဦးအဖြစ်ဖြင့်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦး၏ ရှေ့နေတစ်ဦးအဖြစ်ဖြင့်ဖြစ်စေ ဆောင်ရွက်ရန်အကြောင်းရှိသည်ဟု မှတ်ပုံတင်အရာရှိက ထင်မြင်ယူဆလျှင် ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့်အချက်ကို ပြုလုပ်ခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က)၊ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲငယ် (၂) တို့ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်တစ်ဦးဦးသည် ပုဒ်မခွဲ(က)အရ လိုအပ်သည့်အကူအညီများကို ပံ့ပိုးပေးရန် ပျက်ကွက်လျှင် ထိုသူသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ဆောင်ရွက်သည်ဖြစ်၍ ထိုသို့ဆန့်ကျင်ဆောင်ရွက်မှုအတွက် ထိုသူအပေါ် ထိုက်သင့်သည့် ပြစ်ဒဏ်ကို ထိခိုက်စေခြင်း မရှိစေဘဲ တရားရုံးသည် မှတ်ပုံတင်အရာရှိ၏ လျှောက်ထားမှုအရ အဆိုပါသတ်မှတ်ချက်များကို လိုက်နာစေရန် အမိန့်ချမှတ်နိုင်ပြီး ထိုအမိန့်တွင် သတ်မှတ်ထားသည့်အချိန်ကာလအတွင်းသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် ဆောင်ရွက်စေနိုင်သည်။

(ဃ) ဤပုဒ်မတွင် တရားပြိုင်နှင့်သက်ဆိုင်သည့် ကိုယ်စားလှယ်ဆိုသည့် စကားရပ်တွင် တရားပြိုင်၏ဝန်ထမ်း သို့မဟုတ် အရာရှိတစ်ဦးဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ တရားပြိုင်၏ ဘဏ်လုပ်ငန်းလုပ်ကိုင်သူ၊ တရားပြိုင်က စာရင်းစစ်အဖြစ် တာဝန်ပေးအပ်ထားသူ တစ်ဦးဦးလည်းပါဝင်သည်။

**မြွက်ဟကြေညာခြင်းများ၊ အမိန့်များနှင့် တားမြစ်မိန့်များ**

**တာဝန်များနှင့် စပ်လျဉ်း၍ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း**

၄၅၁။ (က) မှတ်ပုံတင်အရာရှိသည် ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေးပေးရန် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တင်ပြလျှောက်ထားနိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ကြောင်း ယုံကြည်လက်ခံနိုင်သော အကြောင်းရင်းများရှိသည်ဟု တရားရုံးက တွေ့ရှိလျှင် တရားရုံးသည် ပုဒ်မ ၁၉၀ အရ ချမှတ်နိုင်သော ပြစ်ဒဏ်တစ်ရပ်ရပ်အစား အောက်ပါအမိန့်ကို ချမှတ်နိုင်သည် -

(၁) ဤပုဒ်မအရ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာချက်တစ်ရပ်ကို ချမှတ်ခြင်းနှင့်

(၂) ပုဒ်မ ၄၅၂ အရ ပြစ်ဒဏ်အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်း သို့မဟုတ်

(၃) ပုဒ်မ ၄၅၃ အရ လျော်ကြေးပေးရန် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်း။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာသည့် အမိန့်တစ်ရပ်ကိုချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိက ပုဒ်မခွဲ (က)အရ လျော်ကြေးပေးရန် အမိန့်တစ်ရပ်ကိုချမှတ်ပေးနိုင်ရေးအတွက် တင်ပြလျှောက်ထားခြင်း မပြုလုပ်ပါက ကုမ္ပဏီသည် အဆိုပါ လျော်ကြေးပေးရန် အမိန့်တစ်ရပ်အတွက် တင်ပြလျှောက်ထားနိုင်သည်။

(ဃ) ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေးပေးရန်အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တရားစွဲဆို စစ်ဆေးဆောင်ရွက်မှုများကို ထိုသို့ ဆန့်ကျင်ဆောင်ရွက်သည့်အချိန်ကာလမှ ခြောက်နှစ်ထက်မပိုသော ကာလအတွင်း စတင်တရားစွဲဆိုဆောင်ရွက်နိုင်သည်။

(င) တရားရုံးသည် သက်ဆိုင်ရာဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း ဆန့်ကျင်ဆောင်ရွက်မှုအားမြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေးပေးရန် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တရားစွဲဆို စစ်ဆေးဆောင်ရွက်မှုများကို ကြားနာသည့်အခါ တရားမမှုခင်းများအတွက် သက်သေခံနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်။

(စ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ပြုလုပ်မှုတစ်ရပ်ကြောင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးထိုပြုလုပ်မှုသည် ဆန့်ကျင်ဆောင်ရွက်သည့် ပြုလုပ်မှုနှင့် တစ်ထပ်တည်း တူညီနေလျှင်တရားရုံးသည် ထိုသူအပေါ်တွင် ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေးပေးရန် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းမပြုရ။

**ပြစ်ဒဏ်အမိန့်များ**

၄၅၂။ (က) တရားရုံးသည် အောက်ပါအချက်များကိုတွေ့ရှိရလျှင် ထိုသို့ပြုလုပ်ဆောင်ရွက်သူကိုဒဏ်ကြေးငွေ သိန်း ၁၀၀ အထိ ငွေဒဏ်တစ်ရပ်ရပ်အား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည် -

(၁) ပုဂ္ဂိုလ်တစ်ဦး၏ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်းကို ပုဒ်မ ၄၅၁ အရပြုလုပ်ခဲ့လျှင်နှင့်

(၂) ဆန့်ကျင်ဆောင်ရွက်ခြင်းသည် -

(ကက) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ၏ အကျိုးစီးပွားကို များစွာထိခိုက်စေလျှင် သို့မဟုတ်

(ခခ) ကုမ္ပဏီ၏ မြီရှင်များသို့ ကုမ္ပဏီက ပေးချေရမည့် လုပ်ကိုင်ဆောင်ရွက်နိုင်မှုကို များစွာထိခိုက်စေလျှင်။

(ခ) တရားရုံးမှ ချမှတ်သော ပြစ်ဒဏ်သည် နိုင်ငံတော်၏ကိုယ်စား မှတ်ပုံတင်အရာရှိထံသို့ ပေးချေရမည့် တရားမကြွေးမြီတစ်ရပ် ဖြစ်သည်။ ထိုသူအပေါ်တင်ရှိနေသည့် ကြွေးမြီအားရရှိနိုင်ရေးအတွက် ထိုသူအပေါ်တွင် တရားမမှုစွဲဆိုဆောင်ရွက်ပြီး အမိန့်တစ်ရပ် ချမှတ်ထားသကဲ့သို့ မှတ်ပုံတင်အရာရှိသည် ထိုအမိန့်ကို အတည်ပြုဆောင်ရွက်နိုင်သည်။

**လျော်ကြေးပေးရန်အမိန့်များ**

၄၅၃။ (က) ပြစ်ဒဏ်အမိန့်တစ်ရပ်ကို ပုဒ်မ ၄၅၂ အရ လျှောက်ထားခဲ့ခြင်း သို့မဟုတ် ချမှတ်ခဲ့ခြင်းမရှိခဲ့လျှင် တရားရုံးသည် အောက်ပါအချက်များကို တွေ့ရှိရပါက ကုမ္ပဏီအနေဖြင့် ထိခိုက်နစ်နာခဲ့သည်များအတွက် ပုဂ္ဂိုလ်တစ်ဦးက ကုမ္ပဏီသို့ လျော်ကြေးပေးစေရန် အမိန့် ချမှတ်နိုင်သည်-

(၁) ထိုသူ၏ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်းကို ပုဒ်မ ၄၅၁ အရ ပြုလုပ်ခဲ့လျှင်နှင့်

(၂) ထိခိုက်နစ်နာမှုသည် ဆန့်ကျင်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့လျှင်။

(ခ) အမိန့်တွင် လျော်ကြေးပေးရမည့်ပမာဏကို သတ်မှတ်ဖော်ပြရမည်။

(ဂ) လျော်ကြေးပေးရန်အမိန့်တစ်ရပ် ချမှတ်နိုင်ရေးအတွက် ကုမ္ပဏီမှ ထိခိုက်နစ်နာခဲ့သည်များကို ဆုံးဖြတ်ရာတွင် တရားရုံးသည် ဆန့်ကျင်ဆောင်ရွက်မှု သို့မဟုတ် ပြစ်မှုကြောင့်ပုဂ္ဂိုလ်တစ်ဦးဦးကပြုလုပ်သည့် အကျိုးအမြတ်များကိုလည်း ထည့်သွင်းစဉ်းစား သုံးသပ်နိုင်သည်။

(ဃ) လျော်ကြေးပေးရန် အမိန့်တစ်ရပ်ကို တရားရုံး၏ စီရင်ဆုံးဖြတ်ချက်တစ်ရပ်ကဲ့သို့ အတည်ပြု ဆောင်ရွက်နိုင်သည်။

**တားမြစ်အမိန့်များ**

၄၅၄။ (က) အောက်ပါကိစ္စရပ်များပေါ်ပေါက်လျှင်-

(၁) ဤဥပဒေအား ဆန့်ကျင်ဆောင်ရွက်မှု တစ်ရပ်ဖြစ်သည့် သို့မဟုတ် ဖြစ်နိုင်သည့် တစ်ဦးတစ်ယောက်၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ဤဥပဒေအရ ဆောင်ရွက်သည့်အခါ၊

(၂) ဤဥပဒေအား ဆန့်ကျင်ဆောင်ရွက်မှု တစ်ရပ်အတွက် တစ်ဦးတစ်ယောက်ကို တရားစွဲဆိုဆောင်ရွက်သည့်အခါ သို့မဟုတ်

(၃) ဤဥပဒေအရ တစ်ဦးတစ်ယောက်ကို တရားမမှုခင်းတစ်ရပ် စစ်ဆေးဆောင်ရွက်သည့်အခါ။

ဤပုဒ်မတွင် သက်ဆိုင်သည့်ပုဂ္ဂိုလ်ဟု ခေါ်တွင်မည့် ပုဒ်မခွဲငယ် (၁)၊ (၂)နှင့် (၃) တို့တွင် ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ကြွေးမြီနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လျော်ကြေး သို့မဟုတ် အခြားကိစ္စရပ်အတွက်ဖြစ်စေ ငွေပေးချေရန်သော်လည်းကောင်း သို့မဟုတ် ပစ္စည်းအတွက် ပေးသွင်းရန်သော်လည်းကောင်း တာဝန်ရှိသော သို့မဟုတ် တာဝန်ရှိမည်ဖြစ်သော ဤပုဒ်မတွင် နစ်နာသောပုဂ္ဂိုလ်ဟု ခေါ်တွင်မည့် အခြားပုဂ္ဂိုလ်တစ်ဦး၏ အကျိုးခံစားခွင့်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထိုသို့ဆောင်ရွက်ရန်လိုအပ်ကြောင်း သို့မဟုတ် ထိုသို့ဆောင်ရွက်စေလိုကြောင်း တရားရုံးကဆုံးဖြတ်လျှင် တရားရုံးသည် မှတ်ပုံတင် အရာရှိကဖြစ်စေ၊ နစ်နာသူတစ်ဦးဦးကဖြစ်စေ တင်ပြလျှောက်ထားလာလျှင် ပုဒ်မခွဲ (ခ) ပါ အမိန့်တစ်ရပ် သို့မဟုတ် အမိန့်များကို ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)နှင့် စပ်လျဉ်း၍ တရားရုံးမှ အောက်ပါအမိန့်တစ်ရပ် သို့မဟုတ် အမိန့်များကို ချမှတ်နိုင်သည်-

(၁) ကြွေးမြီတင်ရှိနေသည့်ပုဂ္ဂိုလ်တစ်ဦးကို သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦးထံသို့ ကြွေးမြီအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ပေးချေခြင်းမှလည်းကောင်း၊ ကြွေးမြီတင်ရှိနေသည့် ပုဂ္ဂိုလ်၏ ညွှန်ကြားချက် သို့မဟုတ် တောင်းဆိုချက်အရ အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ ငွေပေးချေခြင်းမှလည်းကောင်း တားမြစ်သည့်အမိန့်၊

(၂) သက်ဆိုင်သည့်ပုဂ္ဂိုလ်၏ကိုယ်စား သို့မဟုတ် ၎င်း၏တွဲဖက်လုပ်ကိုင်သူတစ်ဦး၏ကိုယ်စားငွေကြေး သို့မဟုတ် အခြားပစ္စည်းများကို လက်ဝယ်ထားရှိသူတစ်ဦးကိုငွေကြေး သို့မဟုတ် အခြားပစ္စည်းကို ကိုယ်စားလက်ဝယ်ထားရှိခွင့်ပြုသူ၏ ညွှန်ကြားချက် သို့မဟုတ် တောင်းဆိုချက်အရ အခြားပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ငွေကြေးအားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေ ပေးချေခြင်းမှလည်းကောင်း၊ အခြားပစ္စည်းများကို လွှဲပြောင်းခြင်း သို့မဟုတ် ပိုင်ဆိုင်မှုကို ခွဲဝေပေးခြင်းမှလည်းကောင်း တားမြစ်သည့်အမိန့်၊

(၃) သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏တွဲဖက်လုပ်ကိုင်သူတစ်ဦးဦး၏ ငွေကြေးများကို တစ်ဦးတစ်ယောက်က နိုင်ငံတော်၏ ပြင်ပသို့ ယူဆောင်ခြင်းကိုဖြစ်စေ၊ ပို့ဆောင်ခြင်းကိုဖြစ်စေ တားမြစ်သည့် အမိန့်၊

(၄) သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏တွဲဖက်လုပ်ကိုင်သူတစ်ဦးဦး၏ ပစ္စည်းကို တစ်ဦးတစ်ယောက်က နိုင်ငံတော်၏ပြည်တွင်းတစ်နေရာမှ နိုင်ငံတော်၏ ပြင်ပတစ်နေရာသို့ ယူဆောင်ခြင်း၊ ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းကို တားမြစ်သည့်အမိန့်၊

(၅) ခန့်အပ်သည့်အမိန့် -

(ကက) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင် ထိုသူ၏ ပစ္စည်း သို့မဟုတ် ထိုသူ၏ ပစ္စည်းတစ်စိတ်တစ်ဒေသနှင့်စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့်အမိန့်အရ အခွင့်အာဏာများရရှိသည့် ပစ္စည်းလက်ခံ ထိန်းသိမ်းသူ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူအား ခန့်အပ်သည့် အမိန့် သို့မဟုတ်

(ခခ) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် ကုမ္ပဏီအပါအဝင် အဖွဲ့အစည်းတစ်ခုဖြစ်လျှင် ထိုသူ၏ပစ္စည်း သို့မဟုတ် ထိုသူ၏ ပစ္စည်းတစ်စိတ်တစ်ဒေသနှင့် စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့်အမိန့်အရ အခွင့်အာဏာများရရှိသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူ သို့မဟုတ် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်သည့် အမိန့်၊

(၆) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင် တရားရုံးက သင့်သည် ထင်မြင်သည့်အတိုင်း ထိုသူ၏ နိုင်ငံကူးလက်မှတ်နှင့် အခြားစာရွက်စာတမ်းများကို တရားရုံးသို့ တင်ပြစေရန် ချမှတ်သည့်အမိန့် သို့မဟုတ်

(၇) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင် ထိုသူကို တရားရုံး၏ ခွင့်ပြုချက်မပါရှိဘဲ နိုင်ငံတော်အတွင်းမှ ထွက်ခွာခြင်းကို တားမြစ်သည့်အမိန့်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဆည်ရေသောက်ဧရိယာပြင်ပတွင် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ခဲ့ခြင်းကြောင့် တောင်သူများ နွေစပါးသီးထပ် တိုးချဲ့စိုက်ပျိုးနိုင်မည်



ကမ္ဘာ့လူဦးရေမှာ နေ့စဉ်နှင့်အမျှ တိုးတက်လာလျက်ရှိသဖြင့် လူသားတို့ ရှင်သန်ရပ်တည်ရေးအတွက် စားဝတ်နေရေးလိုအပ်ချက်များလည်း ပိုမိုများပြားလာလျက် ရှိပါသည်။ လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ စားနပ်ရိက္ခာထုတ်လုပ်မှုအပိုင်းမှာလည်း လိုက်လျောညီထွေစွာ တိုးတက်ထုတ်လုပ်နိုင်ရန် လိုအပ်ပါသည်။ စားနပ်ရိက္ခာ ဖူလုံစေရေးအတွက် စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေသည်မရှိမဖြစ်သော အဓိကအကျဆုံး အခြေခံလိုအပ်ချက် ဖြစ်ပါသည်။

**ကြိုးပမ်းဆောင်ရွက်**

နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေရရှိရေးမှာ အဓိကအရေးပါသည့်အလျောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသလိုအပ်ချက်အပေါ်မူတည်၍ ရေရရှိရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူနှင့် အုတ်တွင်းမြို့နယ်အတွင်းရှိ ခပေါင်းဆည်ရေသောက်စနစ်တွင် စိစစ်ပြီး ဆည်ရေသောက်ဧရိယာ ၅၃၂၈၆ ဧကအတွက် နွေစပါးစိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရေး စီမံဆောင်ရွက်နေသည့်အပြင် မူလဆည်ရေသောက်ဧရိယာတွင် မပါဝင်သော ပြင်ပဧရိယာဖြစ်သည့် တောင်ငူမြို့နယ်အတွင်း ထန်းပင်ကောက်ကျေးရွာအနီး (ရန်ကုန် - မန္တလေး အမြန်လမ်းအရှေ့ဘက်ခြမ်း မိုင်တိုင် - ၁၅၀/၀) ရှိ တောင်သူ ၁၇ ဦး၏ စိုက်ကွင်းဧရိယာ ၉၉ ဧကတွင် SRI (System of Rice Intensification) နည်းစနစ်ဖြင့် နွေစပါးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေရရှိနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။

SRI (System of Rice Intensification) နည်းစနစ်ဖြင့် စပါးစိုက်ပျိုးခြင်းမှာ မျိုးလိုအပ်ချက်နှင့် ရေလိုအပ်ချက်နည်းပါးသည့်အပြင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးပြီး အထွက်တိုးသည့် အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်ဖြစ်သည့်အတွက် အရည်အသွေးမီ ထုတ်ကုန်သီးနှံများကို နိုင်ငံခြားပို့ကုန်အဖြစ် ကောင်းမွန်စွာတင်ပို့နိုင်စေမည် ဖြစ်သောကြောင့် စံနမူနာပြဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ အဆိုပါစိုက်ခင်းဧရိယာသို့ စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ခပေါင်းလက်ဝဲမြောင်းမကြီး တိုက်ရိုက်မိုင်နာမြောင်း အမှတ်(၅) မှနေ၍ ရေခေါ်မြောင်းတူးဖော်ကာ ရေစုကန်၊ ရေငြိမ်ကန်များဖြင့် ရေစုယူပြီး ရေစုပ်စက်ဖြင့်ရေတင်၍ ရေပေးမြောင်းများမှတစ်ဆင့် စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းကို စီမံဆောင်ရွက်ခဲ့ပါသည်။

ခပေါင်းဆည်ရေသောက်စနစ်၏ ပြင်ပဧရိယာရှိ SRI စိုက်ခင်းသို့ စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ခဲ့မှုအခြေအနေကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၅) မှ ဦးစီးအရာရှိ ဦးတိုးလင်းက "ထန်းပင်ကောက်ကျေးရွာ တောင်သူများက နွေစပါးစိုက်ပျိုးလို၍ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြလာတဲ့အတွက် ဆောင်ရွက်ပေးခဲ့ရတာဖြစ်ပါတယ်၊ ဒီနေရာဟာ ခပေါင်းဆည်ရေသောက်စနစ်ရဲ့ရေသောက်ဧရိယာအပြင်ဘက် မြေမျက်နှာပြင်မြင့်တဲ့နေရာဖြစ်လို့ ခပေါင်းလက်ဝဲမြောင်းမကြီး တိုက်ရိုက်မိုင်နာမြောင်းအမှတ် (၅) မှနေ၍ ရေခေါ်မြောင်း တူးဖော်ပြီး ရေစုကန်၊ ရေငြိမ်ကန်များ တည်ဆောက်၍ ရေစုယူကာ ရေစုပ်စက်များဖြင့် ထပ်ဆင့်ရေတင် ပေးဝေရတာဖြစ်ပါတယ်၊ ဆောင်ရွက်ပေးရတဲ့ လုပ်ငန်းတွေအနေနဲ့ကတော့ တိုက်ရိုက်မိုင်နာမြောင်း အမှတ် (၅) အလျား ပေ ၁၂၀၀ ကို မြောင်းချဲ့ပြုပြင်ခြင်း၊ ရေခေါ်မြောင်းအလျား ပေ ၁၈၀၀ တူးဖော်ခြင်း၊ ရေစုကန်နှင့် ရေငြိမ်ကန်တည်ဆောက်ခြင်း၊ အလျားပေ ၃၀၀၀ ရှိ ရေပေးမြောင်း တူးဖော်ခြင်းနှင့် မြင်းကောင်ရေ ၂၅ ရေစုပ်စက် ၂ လုံး၊ မြင်းကောင်ရေ ၂၀ ရေစုပ်စက် ၂ လုံး တပ်ဆင်ခြင်း စသည်တို့ဆောင်ရွက်ပြီး ရေစုပ်တင် ပေးဝေလျက်ရှိပါတယ်"ဟု ရှင်းပြသည်။

**အောင်မြင်မယ်ယုံကြည်**

ထို့အပြင် ထန်းပင်ကောက်ကျေးရွာနေ တောင်သူ ဦးဝင်းသိန်းက "ကျွန်တော်တို့ကျေးရွာက တောင်သူတွေနဲ့ ညှိနှိုင်းပြီး SRI စပါးစိုက်ပျိုးနည်းစနစ်နဲ့ လက်ရှိ ၁၀ ဧက စိုက်ပျိုးနေပါတယ်။ အရင်က နွေစပါးရေမရတဲ့အတွက် လယ်ကွင်းတွေက ခြောက်သွေ့နေတာ၊ သဲဆန်တော့ ပဲစိုက်ကြည့်တယ်၊ သီးပွင့်ဝင်ခါနီးရင် သေကုန်တယ်၊ အဆင်မပြေဘူး၊ အဲဒီနောက်မှာ ယခုလို ခပေါင်းဆည်က ရေရရှိလာတဲ့အတွက် စနစ်ကျနည်းပညာနဲ့ စိုက်တယ်၊ ပျိုးထောင်တယ်၊ အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ မိုးစပါးက တစ်ဧကကို တင်း ၆၀/၇၀ လောက်၊ နွေစပါးက တင်း ၁၅၀ လောက် ထွက်မယ်လို့ ထင်ပါတယ်။ အရင် ဒီနေရာတွေက ကုန်းမြင့်တော့ ရေရဖို့မလွယ်ဘူး၊ ရေရရှိအောင်၊ စိမ်းလန်းစိုပြည်အောင် လုပ်ပေးတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

စိုက်ပျိုးရေးကဏ္ဍ၏ အဓိကမျှော်မှန်းချက်မှာ အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ SRI နည်းစနစ် စပါးစိုက်ကွင်းသို့ စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းအားဖြင့် မိရိုးဖလာ သမားရိုးကျ စိုက်ပျိုးနည်းစနစ်မှ ခေတ်မီစိုက်ပျိုးနည်းစနစ်သို့ ကူးပြောင်းပြီး လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ကာ စားနပ်ရိက္ခာဖူလုံနိုင်စေမည့်အပြင် ပြည်ပသို့ အရည်အသွေးမြင့် လယ်ယာထုတ်ကုန်များ တိုးမြှင့်တင်ပို့လာနိုင်မည် ဖြစ်သောကြောင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်လျက် ရှိပါကြောင်း ရေးသားလိုက်ရပါသည်။

**သူရ (တောင်ငူ)**

# မြစ်ဝကျွန်းပေါ်ရှိ ငါးပိ၊ ငါးခြောက် ပင်ရင်းဈေးကွက်များတွင် ပစ္စည်းအဝင်နည်းနေ

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြစ်ဝကျွန်းပေါ်ဒေသရှိ ငါးပိ၊ငါးခြောက် ပင်ရင်းဈေးကွက် ကုန်ပစ္စည်းအဝင်နည်းနေ၍ ကုန်ပစ္စည်းဝယ်ယူရာတွင် အခက်အခဲများဖြစ်ပေါ်နေကြောင်း ရန်ကုန်မြို့ ဘုရင့်နောင် ငါးပိ၊ ငါးခြောက်ဈေးကွက်မှ သိရသည်။

မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများရှိ ပင်ရင်း ငါးပိဈေးကွက်များသို့ သွားရောက်ဝယ်ယူနေကြသည့် ကြားပေါက်ကုန်သည်များမှာ ကုန်ပစ္စည်းများ ဝယ်မရဖြစ်နေသဖြင့် ဒေသခံကုန်သည်များထံမှ ဈေးပိုပေးကာ ပြန်လည်ဝယ်ယူနေရကြောင်း ဘုရင့်နောင်ရှိ ငါးပိ၊ ငါးခြောက်ကုန်သည် ဦးအုန်းဆွေက ပြောသည်။

"မြစ်ဝကျွန်းပေါ်ဒေသက ပင်ရင်း ငါးပိ၊ ငါးခြောက် လုပ်ငန်းတွေဆိုတော့ အဲ့ဒီမှာ ပစ္စည်းအဝင်နည်းရင် ရန်ကုန်ဈေးကွက်ဘက် ပြန်လည်ဖြန့်ရောင်းတဲ့အခါ ဈေးတက်တာတွေ ဖြစ်လာတယ်၊ အရင်က ငါးဖမ်းရင် အနည်းဆုံး ငါးပိသာကျော်ရတာကနေ အခုနှစ်ပိဿာတောင် မရတော့ဘူးလို့ ဒေသခံငါးဖမ်းလုပ်ငန်းတွေကနေ သိရတယ်၊ ဒါကြောင့် ကုန်ဝယ်တာ အရင်ကထက် ဈေးပိုပေးရသလို ဒေသခံကုန်သည်တွေနဲ့လည်း ချိတ်ဆက်ပြီးတော့ ဝယ်ယူနေရတယ်"ဟု ၎င်းက ပြောသည်။

ဘိုကလေးနှင့် ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ ပင်လယ်ကမ်းခြေဒေသရှိ အရှေ့ဖျား၊ နောက်မီး၊ ခတ္တာကျွန်း၊ ဘုန်းကြီးသောင်၊ ဂေါ်ဒူစသည့် ရေလုပ်ငန်းကျေးရွာများသည် ပင်ရင်း ငါးပိဈေးကွက်များဖြစ်ပြီး ထိုဈေးကွက်များတွင် ကုန်ပစ္စည်းများသည် သန့်ရှင်းလတ်ဆတ်မှုရှိသည့်အပြင် ဈေးနှုန်းလည်း ချိုသာသည်။ ထို့ကြောင့် အထက်အညာဒေသများမှ အဆက်အသွယ်ရှိသည့် ကုန်သည်ပွဲစားများမှာ ပင်ရင်းဒေသ ဈေးကွက်များအထိ သွားရောက်ဝယ်ယူကြပြီး ရန်ကုန်မြို့ အပါအဝင် ဈေးကွက်များတွင် ရောင်းချပါက အမြတ်အစွန်း ပိုမိုရရှိကြသည့်အပြင် သန့်ရှင်းလတ်ဆတ်သည့် ကုန်ပစ္စည်းများကို ရောင်းချနိုင်သဖြင့် ပို၍လည်း ရောင်းချကြရသည်။ ယခုနှစ်တွင်မူ ပင်လယ်အတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် ငါးကုန်ကြမ်းရရှိမှု လျော့နည်းကာ ပင်ရင်းဈေးကွက်များတွင်ပင် ကုန်ပစ္စည်းရှားပါးလာခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ငါးပိ၊ ငါးခြောက် ပင်ရင်းဈေးကွက်များ၌ ကုန်ပစ္စည်းအဝင်နည်းနေခြင်းကြောင့် ဒေသခံကုန်သည်များပင်လျှင် မှျင်ငါးပိများ ဝယ်ယူနိုင်ရေးအတွက် ပင်လယ်ရေလုပ်ငန်းပိုင်ရှင်များကို ကြိုတင်ငွေများထုတ်ပေး၍ ကြိုဝယ်နေကြရကြောင်း သိရသည်။ ကမ်းခြေဈေးကွက်များတွင် ငါးပိ၊ ငါးခြောက်များမှာ အကောင်း၊အလတ်၊အညံ့အခြေအနေအပေါ်မူတည်ကာ ပိဿာချိန်တစ်ရာလျှင် ကျပ် ၈၀၀၀၀ ခန့်အထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**မြတ်သူ(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**



# တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်

**(ဇန်နဝါရီ ၁၅ မှ ၁၉ ရက်အထိ)**

ဒီတစ်ပတ်မှာတော့ မတ်ပဲက ဈေးကျဆင်းသွားပေမယ့် ပဲစင်းငုံနီက ဈေးပြန်တက်လာပါတယ်။ ဒီတစ်ပတ်မှာ ထပ်ပြီးဈေးတက်လာတာကတော့ စီပီပြောင်းဖြစ်ပါတယ်။ ကြက်သွန်နီကတော့ နယ်စုံဝင်လာတဲ့အတွက် တဖြည်းဖြည်း ဈေးကျဆင်းနေပါတယ်။

**မတ်ပဲ (FAQ/RC)**

မတ်ပဲ(FAQ/RC)က ဒီတစ်ပတ်မှာ ထပ်ပြီး ဈေးကျဆင်းသွားပါတယ်။ လက်ရှိမှာ မတ်ပဲဈေးက အတက်အကျမတည်ငြိမ်သေးတာကို တွေ့ရပါတယ်။ ပြည်တွင်းဝယ်လိုအားနဲ့ ပြည်ပဝယ်လိုအားရှိရင် အနည်းငယ်ဈေးပြန်တက်လာပြီး ဝယ်လိုအားလျော့သွားရင် ဈေးပြန်ဆင်းသွားပါတယ်။ တောင်သူတွေအနေနဲ့ တရားသေတွက်လို့မရတဲ့ အနေအထားမှာ ရှိနေပါတယ်။ မတ်ပဲအသစ်တွေကလည်း နယ်စုံကနေဝင်နေတဲ့အတွက် ဈေးမတည်ငြိမ်ပါဘူး။ နယ်စုံမှာလည်း ဈေးကျဆင်းနေတာ တွေ့ရပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း မြန်မာမတ်ပဲတွေက ဈေးကျနေပါတယ်။ ဆောင်းပဲတွေပေါ်လာတော့မှာဖြစ်လို့ လက်ကျန်ပဲတွေကို ဈေးကွက်အတွင်း ထုတ်ရောင်းနေတာက ဈေးကို ဒီထက်ကျဆင်းစေတာလည်း ဖြစ်ပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ မတ်ပဲတစ်တင်းကို ကျပ် ၅၀၀ ဈေးကျဆင်းသွားပြီး တစ်တင်းကို ကျပ် ၁၈၀၀၀ ပေါက်ဈေးရှိနေပါတယ်။ နေပြည်တော်မှာတော့ သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၅၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်မှာ ကျပ် ၅၀၀၀ ဈေးကျသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၁၈၃၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်မှာ ကျပ် ၇၀၀ လောက် ဈေးကျသွားပါတယ်။ ရန်ကုန်ကုန်စည်ဒိုင်မှာတော့ တစ်ပတ်အတွင်း ဈေး အတက်အကျရှိနေပေမယ့် ပြီးခဲ့တဲ့အပတ် ဈေးပိတ်ချိန်နဲ့ နှိုင်းယှဉ်လိုက်ရင် ဈေးအနည်းငယ် တက်လာပါတယ်။

**ပဲစင်းငုံနီ (RC)**

ပဲစင်းငုံနီကတော့ ဒီတစ်ပတ်မှာ ဈေးတက်လာပါတယ်။ ပြီးခဲ့တဲ့အပတ်က ကျဈေးနဲ့ ငြိမ်နေပေမယ့် ဒီတစ်ပတ်မှာ ဈေးပြန်တက်လာတာဖြစ်ပါတယ်။ မတ်ပဲလောက် အတက်အကျမကြမ်းဘဲ ဈေးက တဖြည်းဖြည်းတက်လာတာလည်း ဖြစ်ပါတယ်။ ပဲစင်းငုံနီက ပြည်တွင်းမှာသာ ဈေးတက်နေတာမဟုတ်ဘဲ အိန္ဒိယနိုင်ငံမှာလည်း ဈေးတက်နေပါတယ်။ ပြီးခဲ့တဲ့နှစ်က သိုလှောင်ပဲတွေ အများအပြားကျန်တဲ့အတွက် ဒီနှစ်မှာ လျှော့ပြီးစိုက်ပျိုးတာကြောင့် အထွက်နှုန်းလျော့နည်းပြီး ဈေးကကျဆင်းနိုင်ဖွယ် သိပ်မရှိဘူးလို့လည်း အိန္ဒိယကုန်သည်တွေက သုံးသပ်ထားပါတယ်။

ရန်ကုန် ကုန်စည်ဒိုင်မှာ ပဲစင်းငုံနီ တစ်တန်ကို ၃၈၀၀၀၀ ကျော်နဲ့ ဈေးတက်နေပေမယ့် နယ်ကုန်စည်ဒိုင်တွေမှာတော့ ဈေးကျဆင်းသွားပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၁၅၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၁၃၀၀ ဈေးကျသွားပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၁၆၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၁၅၀၀ လောက် ဈေးကျဆင်းသလို ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၁၀၀၀ ကျော် ဈေးကျဆင်းခဲ့ပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဆက်ပြီး ဈေးကျဆင်းနေပါတယ်။ နယ်စုံတွေကနေ ဆောင်းကြက်သွန်တွေ အလုံးအရင်းနဲ့ဝင်လာပြီး ကြက်သွန်အရည်အသွေးကလည်း ထင်သလောက်မကောင်းတဲ့အတွက် ဈေးကျဆင်းသွားတာဖြစ်ပါတယ်။ တောင်တွင်း၊ ရေနံချောင်း၊ ဆိပ်ဖြူ၊ မြစ်သား အစရှိတဲ့နယ်တွေက တစ်နေ့ကို အိတ် ၅၀၀ ကျော် ပုံမှန်ဝင်ရောက်နေတဲ့အတွက် ကုန်သည်တွေပေးခဲ့တဲ့ထင်မြင်ချက်က လွဲမှားသွားခဲ့ပါတယ်။

မြင်းခြံကုန်စည်ဒိုင်မှာ ကြက်သွန်နီ တစ်ပိဿာကို ကျပ် ၁၅၀၀ ကနေ ၁၉၀၀ ကြား ပေါက်ဈေးရှိပြီး တစ်ပိဿာမှာ ကျပ် ၅၀ လောက် ဈေးကျဆင်းသွားပါတယ်။ နေပြည်တော်မှာတော့ တစ်ပိဿာကို ၂၂၀၀ ကနေ ၂၈၀၀ အထိရှိပြီး ကျပ် ၂၀၀ လောက် ဈေးကျဆင်းသွားပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ကျပ် ၇၀၀ ကနေ ၁၄၅၀ ထိရှိပြီး တစ်ပိဿာမှာ ကျပ် ၅၀၀ ကျော် ဈေးကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်ပိဿာကို ၁၇၀၀ ကနေ ၁၈၀၀ ကြား ပေါက်ဈေးရှိပြီး တစ်ပိဿာမှာ ကျပ် ၈၀၀ လောက်အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။

**စီပီပြောင်း**

တရုတ်နိုင်ငံကို အဓိကတင်ပို့နေတဲ့ စီပီပြောင်းက ဒီတစ်ပတ်မှာ ဈေးတက်လာပါတယ်။ အတက်ဈေးနဲ့ ဈေးငြိမ်နေရာက ဒီတစ်ပတ်မှာတော့ ထူးထူးခြားခြား ဈေးမြင့်တက်လာတာဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ စီပီပြောင်းတွေကို လျော့နည်း စိုက်ပျိုးခဲ့တဲ့အတွက် ပြည်တွင်းလိုအပ်ချက် မြင့်မားနေပြီး မြန်မာနိုင်ငံကပြောင်းတွေကို အများအပြား ဝယ်ယူနိုင်တယ်လို့လည်း သုံးသပ်ထားပါတယ်။ လက်ရှိမှာတော့ တရုတ်နိုင်ငံဟာ မူဆယ်ကုန်စည်ဒိုင်ကနေတစ်ဆင့် မြန်မာဘက်က စီပီပြောင်းတွေကို အများအပြား ဝယ်ယူနေတဲ့အတွက် ဈေးက ဆက်တက်နေပါတယ်။ ပြီးခဲ့တဲ့နှစ် ကာလတူအခြေအနေမှာ စီပီပြောင်းတစ်ပိဿာကို ကျပ် ၃၀၀ နီးပါးသာ ပေါက်ဈေးရှိခဲ့ပြီး တောင်သူ တွေအရှုံးပေါ်ခဲ့ပေမယ့် ဒီနှစ်မှာတော့ တစ်ပိဿာကို ကျပ် ၅၅၀ ထိ ဈေးမြင့်တက်နေပါတယ်။

**နှမ်းညိုဈေးတက်**

နှမ်းညိုကတော့ ဒီတစ်ပတ်မှာလည်း ဈေးတက်လာပါတယ်။ ဈေးက အတက်အကျရှိပေမယ့် လက်ရှိမှာတော့ အတက်ဈေးနဲ့ ရှိနေပါတယ်။ လက်ရှိမှာ နှမ်းတွေ အနည်းငယ်အဝယ်ပြန်လိုက်တဲ့အတွက် ဈေးတက်လာတာဖြစ်တယ်လို့လည်း သိရပါတယ်။ ၄၅ ပိဿာဝင် တစ်အိတ်ကို ကျပ် ၂၀၀၀ ကျော်လောက် ဈေးမြင့်တက်ခဲ့တာဖြစ်ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ နှမ်းညိုတစ်တင်းကို ၁၀၀၀ လောက် ဈေးတက်ခဲ့ပြီး ပခုက္ကူမှာတော့ တစ်တင်းကို ကျပ် ၃၀၀၀ ကျော်လောက် ဈေးတက်ခဲ့ကာ တစ်တင်းကို ကျပ် ၃၅၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**နှမ်းနက်ဈေးတက်**

နှမ်းနက်ကလည်း ဒီတစ်ပတ်မှာ ဈေးတက်ခဲ့ပါတယ်။ နှမ်းနက်အသစ်တွေ အဝင်မရှိသေးတဲ့အတွက် လှောင်လက်တွေသာ အရောင်းအဝယ်လုပ်နေတာဖြစ်ပြီး အဝယ်လိုက်လာတဲ့အတွက် ဈေးအနည်းငယ်တက်လာခဲ့တာဖြစ်ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာလည်း နှမ်းနက်က တစ်တင်းကို ကျပ် ၂၀၀၀ လောက် ဈေးမြင့်တက်ခဲ့ပြီး တစ်တင်းပေါက်ဈေး ကျပ် ၃၉၀၀၀ ရှိလာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၃၀၀၀ ကျော် ဈေးတက်လာပြီး ပေါက်ဈေးက ကျပ် ၃၆၅၀၀ ရှိပါတယ်။

**ဝတ်ရည်မွန်(AMIA)**

# ပဲစင်းငုံအသစ်ပေါ်ချိန် ဈေးနှုန်းနှင့် ထွက်နှုန်းကျ၍ တောင်သူများအရှုံးပေါ်နေ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၁**

ပဲစင်းငုံအများဆုံးစိုက်ပျိုးသည့် စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးများအတွင်း၌ ပဲစင်းငုံများ စတင်ထွက်ပေါ်လာချိန်တွင် ဈေးနှုန်းများကျဆင်းနေကာ ထုတ်လုပ်မှုကုန်ကျစရိတ်ထက် လျော့၍ ပြန်လည်ရရှိနေသဖြင့် တောင်သူများ အရှုံးပေါ်နေကြောင်း မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်ရှိ ပဲစင်းငုံစိုက်တောင်သူများက ပြောသည်။

"ပဲစင်းငုံတစ်တင်းကို ကျပ် ၁၃၀၀၀ ကျော်ပဲရှိတော့ တောင်သူတွေ စိုက်စရိတ်ရှုံးနေပြီ၊ မြို့ပေါ်ပွဲရုံတွေကလည်း သန့်စင်တဲ့ပဲစင်းငုံကိုမှ ၁၃၀၀၀ ကျော် ပေးဝယ်တာ၊ အဲ့ဒီလို မဟုတ်ရင် ၁၀၀၀၀ လောက်ပဲရတော့ အောက်ဈေးနှုန်း ဖြစ်လာတယ်၊ တစ်ဧကစိုက်စရိတ်က ကျပ်တစ်သိန်းနဲ့အထက် ရှိတာကို၊ အခု စိုက်ပြီးသားအခင်းတွေကလည်း ရိတ်သိမ်းခတွေတက်လာတော့ ဘယ်လိုမှ မကာမိဘူးဖြစ်နေတယ်"ဟု ကျောက်ပန်းတောင်းမြို့နယ် စံကျော့ကျေးရွာမှ တောင်သူဦးအောင်အောင်က ပြောသည်။ ပဲစင်းငုံအထွက်နှုန်းမှာလည်း တစ်ဧကလျှင် ၁၀ တင်းခန့်သာ ထွက်ရှိနေခြင်းကြောင့် အထွက်နှုန်းလည်း လျော့နည်းကျဆင်းနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြို့ပေါ်ရှိ ပွဲရုံများသို့ တစ်နေ့လျှင် ပဲစင်းငုံ ၇၅ တင်းမှ တင်း ၉၀ ကြား နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အသစ်တစ်တင်းလျှင် ကျပ် ၁၃၀၀၀ မှ ကျပ် ၁၃၅၀၀ ကြား၊ အဟောင်း တစ်တင်းလျှင် ကျပ် ၁၁၀၀၀ မှ ကျပ် ၁၁၆၀၀ ကြား ဈေးပေါက်နေကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ ပဲစင်းငုံစိုက်ပျိုးရန် လျာထားဧက ၅၅၀၀၀၀ ကျော်ရှိခဲ့ပြီး လျာထားချက်ထက်ကျော်လွန်၍ ဧက ၆၀၀၀၀၀ ကျော်အထိ စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၀၈ ရာခိုင်နှုန်းအထိ စိုက်ပျိုးနိုင်ခဲ့သည်။ ကန့်ဘလူခရိုင်၌ ဧက ၁၅၀၀၀၀ ကျော်ဖြင့် အများဆုံးစိုက်ပျိုးနိုင်ခဲ့ပြီး မုံရွာခရိုင်၌ ဧက ၁၃၀၀၀၀ ကျော်ဖြင့် ဒုတိယအများဆုံး စိုက်ပျိုးထားသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ပသို့ ပဲစင်းငုံ အမေရိကန် ဒေါ်လာ ၁၅၉ ဒသမ ၇၈၈ သန်းကို တင်ပို့ခဲ့ကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၁၈၇ သန်းသာ တင်ပို့နိုင်ခဲ့ခြင်းမှာ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအား လျော့ကျမှုကြောင့်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ပဲစင်းငုံ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယမှ မတ်ပဲနှင့် ပဲစင်းငုံဝယ်ယူမှု ကန့်သတ်ချက်ကြောင့် ပြည်တွင်းပဲစင်းငုံဈေးများ တောက်လျှောက်ကျဆင်းလျက်ရှိရာ ပဲတစ်တန်ဈေးနှုန်းသည် ထုတ်လုပ်မှုစရိတ်အောက်ဖြစ်သော ကျပ်သုံးသိန်းအောက်သို့ ကျဆင်းသွားပါက အစိုးရက ကျပ် ၁၅ ဘီလီယံအသုံးပြုကာ ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောဆိုထားသည်။

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူများမှ စိုက်ပျိုးထွက်ရှိလာမည့်ပဲ(ပဲစင်းငုံ)များ ဝယ်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ရန်၊ ပဲကြာဆန်ပြုလုပ်ရာတွင် မတ်ပဲ အချိုးအစားတစ်ခု ထည့်၍ ထုတ်လုပ်နိုင်မှုရှိမရှိ စမ်းသပ်ဖော်ထုတ်ရန်၊ ပဲအသုံးပြုမှုများသည့်ဌာနများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကောလိပ်တက္ကသိုလ်များ၊ လူ့ဒါန်းရေးနှင့် ကယ်ဆယ်ရေးများတွင် ပဲစင်းငုံကို ဝယ်ယူအသုံးပြုရေးအတွက် လာမည့်ဘဏ္ဍာနှစ်တွင် သက်ဆိုင်သည့် ဌာနဆိုင်ရာအကြီးအကဲများကို တင်ပြကာ ဝယ်ယူနိုင်ရေးဆောင်ရွက်သွားရန် စသည့်အချက်များကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)**

# ရော်ဘာခြံရှင်ငယ်များ၏ မြေလုပ်ပိုင်ခွင့်များပေးအပ်နိုင်ရေး ဥပဒေ အကြံပြုချက်များ ပြုစုတင်ပြသွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရော်ဘာခြံရှင်ငယ်များ၏ မြေလုပ်ပိုင်ခွင့်များ ပိုမိုထိရောက်စွာပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့နှင့် ဌာနများပူးပေါင်း၍ ဥပဒေအကြံပြုချက်များ ပြုစုတင်ပြသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်မှ ရော်ဘာစိုက်သူများက ပြောသည်။

"သက်ဆိုင်ရာ အသင်းတွေ၊ သစ်တောဦးစီးဌာနတို့နဲ့ အရပ်ဘက် ဥပဒေပြုရေးအဖွဲ့တွေ ပါဝင်လုပ်ဆောင်နေတာတွေရှိတယ်၊ မြေပိုင်ဆိုင်မှုအရတော့ လုပ်ကွက်ငယ်ခြံပိုင်ရှင်တွေကို မြေအသုံးချခွင့် အပြည့်အဝပေးဖို့ပေါ့၊ နှစ်ရှည်သီးနှံလည်းဖြစ်တဲ့အတွက် သစ်တောဘက်ကနေ ခွင့်ပြုပေးတာတွေ လိုအပ်တယ်၊ နောက်လုပ်ကွက်ငယ်ခြံအချို့က ဟိုအရင်တုန်းကတည်းက သစ်တောဘက်ကနေ ငှားလုပ်တာ၊ စာချုပ်နဲ့ လုပ်ကိုင်ခွင့်တွေလုပ်တာတွေ ရှိတယ်"ဟု ပြည်နယ် ရော်ဘာခြံငယ် စိုက်ပျိုးသူကွန်ရက်ဝင် ဦးမွန်စိုင်းစိုးက ပြောသည်။

သစ်တောမူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်အညီ ပြန်လည်သုံးသပ်ရန် လိုအပ်နေပြီး ပြန်လည်သုံးသပ်ရာတွင် အခြားအရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဒေသခံများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။ ထို့အပြင် ဒေသခံတိုင်းရင်းသားများအား သစ်တောနှင့် သဘာဝအရင်းအမြစ်များကို တိုင်းရင်းသားဒေသခံများကိုယ်တိုင် ဦးဆောင်စီမံ အုပ်ချုပ်နိုင်သည့် အုပ်ချုပ်မှုစနစ်သစ်တစ်ခုအဖြစ် သစ်တောစီမံအုပ်ချုပ်မှုစနစ်တွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် သစ်တောများပြန်လည်ထူထောင်ရေး၊ သစ်တောများ စီမံအုပ်ချုပ်ရေးတွင် ဒေသခံပြည်သူများကိုယ်တိုင် ထိထိရောက်ရောက် ပါဝင်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရော်ဘာစိုက်ပျိုးခြင်းတွင်လည်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းတည်ထောင်ခြင်းကို နည်းစနစ် တစ်ခုအဖြစ် အသုံးပြု၍ သစ်တောမြေနှင့် သဘာဝအရင်းအမြစ်များကို အမှီပြုနေသော ဒေသခံပြည်သူ အစုအဖွဲ့များ၏ လုပ်ပိုင်ခွင့်မြှင့်တင်နိုင်သည့် နည်းလမ်းတစ်ခုအဖြစ် ဆက်လက်ဆောင်ရွက်ရန် ချမှတ်ထားကြောင်း သိရသည်။

ရော်ဘာကဏ္ဍ တိုးတက်ရေးအတွက် အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်ရေးစက်ရုံ တည်ဆောက်နိုင်ရေးအတွက် အဆိုပြုတင်ပြပေးရန် ဖိတ်ခေါ်ထားကာ ကုန်ကျစရိတ်ကိုလည်း ပြည်နယ်အစိုးရက အထိုက်အလျောက် မတည်ကျခံပေးရန် ဖိတ်ခေါ်ထားကြောင်းနှင့် ရော်ဘာစိုက်တောင်သူများအနေဖြင့် အရည်အသွေးမြင့်ရော်ဘာ ထုတ်လုပ်နိုင်ရေးမှာ အခက်အခဲရှိနေဆဲဖြစ်ကြောင်း မွန်ပြည်နယ် ရော်ဘာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ဆိုသည်။

"နိုင်ငံတကာ အရည်အသွေးဝင် RSS 1,2,3 တွေကို ၂၀ ဧကအောက်ပိုင်ဆိုင်တဲ့ ရော်ဘာစိုက်တောင်သူ တစ်ဦးချင်းစီက မထုတ်နိုင်ဘူး၊ ဘာ့ကြောင့်လဲဆိုရင် RSS 1,2,3 အဆင့် ထွက်ဖို့ဆိုရင် အနည်းဆုံး တစ်လ အချိန်ယူရတယ်၊ ခြံငယ်ပိုင်ရှင်တွေက ဒီနေ့ အစေးခြစ်ပြီး မနက်ဖြန်ပိုက်ဆံလိုချင်တယ်၊ ဒါကြောင့် မဖြစ်နိုင်ဘူး၊ ဧက ထောင်ချီပိုင်ဆိုင်တဲ့လူတွေက RSS 1,2,3 တန်းဝင် ရော်ဘာတွေ ထုတ်နေပြီးသားပဲ"ဟု အသင်းဥက္ကဋ္ဌက ဆက်ပြောသည်။

ရော်ဘာကို မြန်မာနိုင်ငံ တောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးကြပြီး မွန်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ငါးသိန်းနီးပါး ရှိသည်။ လက်ရှိအချိန်အထိ တစ်နိုင်ငံလုံးအနေဖြင့် ရော်ဘာစိုက်ဧက ၁၆ သိန်းရှိပြီး အပင်ပေါင်း ခုနစ်သန်းခန့်မှာ အစေးခြစ်ရမည့်အရွယ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**မြတ်သူ(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**





# ပဲခြွေလှေ့စက်အငှားလိုက်သူများ အဆင်ပြေ

**ဆားလင်းကြီး ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ တောင်သူများ ယခုနှစ်တွင် အဓိကစိုက်ပျိုးသော သီးနှံတစ်မျိုးဖြစ်သည့် ပဲစင်းငုံသည် ဈေးမကောင်းသေးဘဲဖြစ်နေသောကြောင့် တောင်သူများအနေဖြင့် အဆင်မပြေမှုများ ရှိနေကြသော်လည်း သီးနှံခြွေလှေ့စက် အငှားလိုက်သူများမှာမူ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံ သီးနှံခြွေလှေ့စက် ငှားရမ်းခြင်းအတွက် ၁ နာရီလျှင် ကျပ် ၅၀၀၀ ပေးရကြောင်း၊ ယခုနှစ် အစောပိုင်းက အချိန်အခါမဟုတ် ရွာခဲ့သည့်မိုးကြောင့် ပဲစင်းငုံသီးနှံ အထွက်နှုန်းလျော့ပြီး အသီးများ မအောင်မမြင်ဖြစ်သလို လေလွင့်ဆုံးရှုံးမှု များပြားခဲ့ကြောင်း၊ ယခင်နှစ်များတွင် ပဲစင်းငုံ ပေါက်ဈေးမှာ တစ်တင်းလျှင် ကျပ် ၃၅၀၀၀ ခန့်ရှိသောကြောင့် အလုပ်သမားဖြင့်ရိတ်သိမ်းခ၊ ခြွေလှေ့စက်အဖိုးအခများ ပေးချေရသော်လည်း အထိုက်အလျောက် အဆင်ပြေခဲ့ကြောင်း၊ ယခုနှစ်တွင်မူ ပဲစင်းငုံဈေးမှာ လတ်တလောတွင် ကျပ် ၁၃၀၀၀ ခန့်သာ ရနေသောကြောင့် အလုပ်သမားခ၊ ခြွေလှေ့စက်ငှားရမ်းခများ နုတ်လိုက်လျှင် အကျိုးအမြတ် မရှိသလောက်နည်းပါးကြောင်း ဒေသခံ ပဲစင်းငုံစိုက်တောင်သူတစ်ဦးက ပြောသည်။

ပဲစင်းငုံဈေးနှုန်း မကောင်းသော်လည်း သီးနှံများကို မရိတ်သိမ်းဘဲထားရန်လည်း မဖြစ်သဖြင့် စက်များကို မဖြစ်မနေ ငှားရမ်းရိတ်သိမ်းနေကြရသောကြောင့် သီးနှံခြွေလှေ့စက် အငှားလိုက်သူများမှာမူ အလုပ်အကိုင်မပြတ်ဘဲ ရှိနေကြပြီး တစ်နာရီလျှင် ကျပ်ငါးထောင်နှုန်းဖြင့် နေ့စဉ် လိုက်လံခြွေလှေ့ပေးနေရသောကြောင့် ခြွေလှေ့စက်အငှားလိုက်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# Re-export စနစ်ဖြင့် ကုန်သွယ်ရာတွင် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို သွင်းကုန်အတွက်သာ ပေးဆောင်ရတော့မည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

Re-export စနစ်ဖြင့် ကုန်သွယ်မှုပြုလုပ်ရာတွင် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို သွင်းကုန်အတွက်သာ ပေးဆောင်ရတော့မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခင်က ယင်းစနစ်ဖြင့်ကုန်သွယ်မှုပြုလုပ်ရာတွင် ကုန်စည်များကို ပြည်ပမှ တင်သွင်းလာချိန်တွင်လည်းကောင်း၊ ပြည်ပသို့ တင်ပို့ချိန်တွင်လည်းကောင်း ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကောက်ခံသွားရန်နှင့် ကုမ္ပဏီများက ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ အပြီးသတ်စည်းကြပ်မှု ဆောင်ရွက်ချိန်မှသာ ခုနှိမ်ခွင့်ကိစ္စရပ်များ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း သိရသည်။

လက်ရှိ စီးပွားရေးလုပ်ငန်းများခက်ခဲနေချိန်တွင် အလယ်အလတ်ကုမ္ပဏီများအတွက် သွင်းကုန်တွင် ကြိုတင်ခွန် ၂ ရာခိုင်နှုန်းနှင့် ပို့ကုန်တွင် ၂ ရာခိုင်နှုန်း ပေးသွင်းနေရခြင်းကြောင့် ငွေကြေးအခက်အခဲများဖြစ်ပေါ်နေ၍ အခွန်နှစ်ကြိမ်ကျသင့်မှု မရှိစေရေးအတွက် တင်သွင်းစဉ်ပေးဆောင်ပြီးသည့် အခွန်နှင့် ပြန်လည်တင်ပို့စဉ် ပေးဆောင်ရမည့်အခွန်တို့၏ ခြားနားချက်ကို ကောက်ခံသည့် အစီစဉ်ဖြင့် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ရှမ်းပြည်နယ် အခွန်ဦးစီးဌာနက မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ တာချီလိတ်(မယ်ယန်း)ဂိတ်၊ ချင်းရွှေဟော်(ဖောင်ဆိပ်)တို့သို့ အကြောင်းကြားစာ ပေးပို့ထားကြောင်း သိရသည်။

"ဒီစနစ်နဲ့ အရင်တုန်းကတော့ အဝင်မှာတစ်ကြိမ်၊ အထွက်မှာတစ်ကြိမ် ကောက်တယ်၊ တစ်ဖက်နိုင်ငံကို ပြန်ပို့တာဖြစ်လို့ နောက်ပိုင်းမှာ တစ်ကြိမ်ပဲကောက်တော့မယ်၊ ဒီစနစ်နဲ့အခွန်ကောက်တာ နိုင်ငံတော်ဘက်ကလည်း အခွန် ၄ ဒသမ ၅ ရာခိုင်နှုန်း ရတယ်၊ နောက်ဒီနိုင်ငံထဲက ကုန်သည်တွေ၊ ကားသမားတွေ၊ အလုပ်သမားတွေ အဆင့်ဆင့်အထိ အလုပ်အကိုင်ရစေတော့ နိုင်ငံတော်အတွက် အထိုက်အလျောက် အကျိုးရှိစေတယ်"ဟု ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းကပြောသည်။

ခြားနားချက်ကိုသာ ကောက်ခံမည့်အစီအစဉ်မှာ အလယ်အလတ်ကုမ္ပဏီများနှင့်သာ အကျုံးဝင်နေသကဲ့သို့ဖြစ်နေပြီး ကိစ္စရပ်တစ်ခုချင်း ဆောင်ရွက်နေပါကလည်း သက်ဆိုင်ရာအခွန်ရုံးများတွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သဖြင့် မည်သည့်ကုမ္ပဏီမဆို Re-export စနစ်ဖြင့် ကုန်စည်များ ကုန်သွယ်မှုပြုပါက သွင်းကုန်ခွန် ၂ ရာခိုင်နှုန်းကို ကြိုတင်ဝင်ငွေပေးဆောင်စေပြီး ပို့ကုန်ခွန် ၂ ရာခိုင်နှုန်းကို ပေးဆောင်စေခြင်းမပြုရန်လည်း ထိုအကြောင်းကြားစာတွင် ပါဝင်ကြောင်း သိရသည်။

"ကြိုတင်ဝင်ငွေခွန်က လုပ်ငန်းရှင်တွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ်၊ ကုန်ပစ္စည်း တင်သွင်းရောင်းချလို့ အဆင်ပြေမပြေ မသိသေးဘူး၊ အခွန်က ကြိုကောက်တာမျိုးဆိုတော့ ငွေကြေးအရင်းအနှီးမှာလည်း အခက်အခဲဖြစ်လာစေတယ်၊ အခု သွင်းကုန်ခွန်အတွက် တစ်ကြိမ်တည်းကောက်မယ်ဆိုရင် ဝန်တစ်ခုလျော့သွားတာပေါ့"ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဒေါက်တာမြတ်မင်းက ပြောသည်။



လက်ရှိအချိန်တွင် Re-export စနစ်ဖြင့် ကုန်သွယ်မှုပြုထားသည့် ကုန်ပစ္စည်း အမျိုးအစားပေါင်း ၂၀ ကျော်ရှိနေကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ-ဝတ်ရည်မွန်(AMIA)**

## မိုးစပါး ပေါ်ဦးပေါ်ဖျားအချိန်တွင် ဈေးတက်ခဲ့သော်လည်း စပါးလှိုင်လှိုင်ပေါ်ချိန် ဈေးအေးလျက်ရှိ

**ဖြူး ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း မြို့နယ်ခြောက်ခုအနက် ဖြူးမြို့နယ်သည် မိုးစပါးနှင့် ဆောင်းသီးထပ် ပဲမျိုးစုံတို့ကို အများဆုံးစိုက်ပျိုးလျက်ရှိသော မြို့နယ်တစ်ခုဖြစ်ပြီး ယခု ၂၀၁၇-၂၀၁၈ မိုးစပါးစိုက်ပျိုးရာသီအတွင်း မိုးစပါး ဧကတစ်သိန်းခွဲခန့် စိုက်ပျိုးခဲ့ကြပြီး သီးထပ် မတ်ပဲများကိုလည်း ဧကတစ်သိန်းကျော် စိုက်ပျိုးပြီးစီးသွားပြီဖြစ်သည်။

ယခုနှစ် စပါးများ ပေါ်ဦးပေါ်ဖျားအချိန်က ကုန်သည်ပွဲစားများအနေဖြင့် ကျေးရွာအရောက် ကွင်းဆင်းကြပြီး စပါးအခြောက် တင်း ၁၀၀ လျှင် ကျပ် ၅၂၀၀၀၀ ဈေးအထိ ဈေးပေး၍ ဝယ်ခဲ့ကြသော်လည်း ယခု စပါးများ လှိုင်လှိုင်ပေါ်ချိန်တွင် လာရောက်ဝယ်ယူသူ နည်းပါးလျက်ရှိပြီး စပါးဈေးများမှာလည်း အေးလျက်ရှိကြောင်း သိရသည်။ ဖြူးမြို့နယ်အတွင်း၌ လက်ရှိအချိန် စပါးဈေးမှာ တင်း ၁၀၀ လျှင် ကျပ် ငါးသိန်းခန့် ပေါက်ဈေးရှိသော်လည်း ဝယ်လက်နည်းပါးနေပြီး အရောင်းအဝယ် အေးလျက်ရှိကြောင်း ဖြူးဒေသခံ တောင်သူလယ်သမားများထံမှ သိရသည်။

**ဖြူးမြင့်ဦး**

# လွှတ်တော်ရုံးများ၏ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တစ်ခု

**မိုးကေနိုင်**

ကောင်းမွန်သောအုပ်ချုပ်မှုစနစ်တစ်ခုဟူသည် စွမ်းဆောင်ရည်ပြည့်ဝသောဝန်ထမ်းများဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိကာ ပြည်သူများ၏လိုအပ်ချက်များကို ပြည့်မီအောင်ဖြည့်ဆည်းပေးရသော စနစ်တစ်ခုဖြစ်သည်။ ဥပဒေမူဘောင်အတွင်းတွင် ဘက်လိုက်မှုမရှိဘဲ တရားမျှတမှု၊ ဥပဒေကိုလေးစားလိုက်နာမှုနှင့် ပွင့်လင်းမြင်သာမှုရှိရသည်။ အဂတိတရား ကင်းရသည်။ အလေးအနက်ထား၍ တုံ့ပြန်မှုရှိရသည်။ ပူးပေါင်းပါဝင်ခွင့် ရှိရသည်။ အများသဘောတူသောအရာကို အထူးအလေးထား လုပ်ဆောင်ရသည်။ ရလဒ်အပေါ် ဦးတည်လုပ်ဆောင်ရသည်။

**ပြည်သူ့လွှတ်တော်ရုံးဆန္ဒဖော်ထုတ်ပွဲ**

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်က ပြည်သူ့လွှတ်တော် (ဃ) ဆောင်တွင် ပြုလုပ်ခဲ့သော ပြည်သူ့လွှတ်တော်ရုံး အရာထမ်း၊ အမှုထမ်းများ၏ လစဉ်ပုံမှန်ဆန္ဒဖော်ထုတ်ပွဲတွင် ထူးခြားချက်အချို့ကို တွေ့မြင်ခဲ့ရပါသည်။ ၂၀၁၇ ခုနှစ် နှစ်ဟောင်းကုန်သည့် ဒီဇင်ဘာလအတွက် ဆန္ဒဖော်ထုတ်ပွဲဖြစ်သော်လည်း ၂၀၁၈ ခုနှစ် နှစ်သစ်ဆန်း ပထမဦးဆုံးသော ဆန္ဒဖော်ထုတ်ပွဲဖြစ်ခဲ့ပြီး ၎င်းအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကိုယ်တိုင် တက်ရောက် လမ်းညွှန်ဆွေးနွေးဖြေရှင်းပေးခဲ့မှုက ထူးခြားမှုပင်ဖြစ်ပါသည်။ အခြားအချက်တစ်ခုမှာ ဝန်ထမ်းများအားလုံး၏ တက်ကြွစွာ၊ စေတနာပါပါဖြင့် တင်ပြဆွေးနွေးမှုများက ဆန္ဒဖော်ထုတ်ပွဲကို ပိုမို အသက်ဝင်စေခြင်းပင်။

အမှန်တကယ်လည်း ဝန်ထမ်းများ၏ ဆန္ဒအစစ်အမှန်ကို ဖွင့်ဟဖော်ထုတ်နိုင်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စိတ်ကောင်းစေတနာပြင်းပြမှုကို အဖွင့်မိန့်ခွန်းဖြင့် ကြိုးစားပြသခဲ့မှုကို တွေ့ခဲ့ရပေသည်။ ယခင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်တက်ရောက်သော ဆွေးနွေးပွဲများတွင်လည်း ဝန်ထမ်းများ၏ဆန္ဒများကို တင်ပြနိုင်ခဲ့သည်ချည်း ဖြစ်ပါသည်။ သို့သော် နိုဝင်ဘာလအတွက်ပြုလုပ်သော ဆန္ဒဖော်ထုတ်ပွဲတွင်မူ ဝန်ထမ်းများထံမှအသံများ တိတ်ဆိတ်ခဲ့မှုက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်အကြီးအမှူးများအတွက် များစွာ စိတ်မကောင်းဖြစ်စေခဲ့ပါသည်။

**ကောင်းမွန်သောအုပ်ချုပ်မှု**

ဒီမိုကရေစီ၏ပြယုဂ်ဖြစ်သည့် လွှတ်တော်များတွင် တာဝန်ထမ်းဆောင်နေကြသူအားလုံးသည် အမှန်ကေန် အနည်းစုဆန္ဒကိုအလေးထားပြီး အများစု၏ဆန္ဒကို ထင်ဟပ်သော၊ ပွင့်လင်း မြင်သာမှုရှိသော၊ တာဝန်ယူတာဝန်ခံမှု ရှိသော၊ အဂတိတရားကင်းသော၊ အားလုံးပါဝင်သော၊ ဥပဒေကို လေးစားလိုက်နာသော၊ ညှိနှိုင်းဆွေးနွေးအဖြေရှာသော ကောင်းမွန်သောအုပ်ချုပ်ရေး လက္ခဏာရပ်များနှင့်အတူ Institutions များ အားလုံးအတွက် ဒီမိုကရေစီ၏ စံပြုပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် တာဝန်ရှိကြသူများဟု ခံယူထားကြမည်ဖြစ်ပါသည်။ ၎င်းအချက်များကို လွှတ်တော်ဥက္ကဋ္ဌ မိန့်ခွန်းတွင် အတိအလင်းမီးမောင်းထိုး၍ လမ်းညွှန်ဖိတ်ခေါ်မှုကို ထင်ထင်ရှားရှားတွေ့ရပါသည်။

ဝန်ထမ်းအဖွဲ့အစည်းတစ်ခုတွင် အချိန်ကာလတစ်ခု သတ်မှတ်၍ ဝန်ထမ်းများ၏ဆန္ဒအမှန်ကို ဖော်ထုတ်ခွင့်ပြုသည့် ဆန္ဒဖော်ထုတ်ပွဲများ လုပ်ဆောင်ကြရစမြဲဖြစ်ပါသည်။ မည်ကာမတ္တ အဖြစ်သဘောမျိုး ဆောင်ရွက်မှုမျိုး မဖြစ်စေဘဲ ဝန်ထမ်းများနှင့် ဌာနအဖွဲ့အစည်း တိုးတက်ရာတိုးတက်ကြောင်းအတွက် စေတနာမှန်ဖြင့်၊ ဝန်ထမ်းများကလည်း မိမိတို့အတွက် အခွင့်အလမ်းကောင်းတစ်ခုအဖြစ် မှတ်ယူ၍ သက်သာချောင်ချိရေးအတွက်လည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့်လည်းကောင်း ဦးတည် လုပ်ဆောင်ကြရပါမည်။

**ကောင်းမွန်သောလေ့ကျင့်မှု**

ဝန်ထမ်းအဖွဲ့အစည်း၏ တစ်လတစ်ကြိမ်ခန့်ကျင်းပသော ဆန္ဒဖော်ထုတ်ပွဲများတွင် ဝန်ထမ်းများသည် မိမိဆန္ဒ၊ ခံစားချက်ကိုထုတ်ဖော်ရန် ဝန်လေးတတ်ကြသည်။ အများရှေ့တွင် ထွက်၍ပြောဆိုရသည့် အလေ့အကျင့်နည်း၍ ရှက်တတ်ကြပါသည်။ မှားမည်စိုး၍ ကြောက်တတ် ကြသည်။ ဝန်ထမ်းများ၏ဖွံ့ဖြိုးမှုကိုရှေးရှုသော ကိုယ်ရည်ကိုယ်သွေးကို ဖော်ထုတ်လေ့ကျင့်ပေးခြင်းသည် ကောင်းမွန်သော စီမံခန့်ခွဲမှုတစ်ခုပင် ဖြစ်ပါမည်။

လွှတ်တော်ရုံးဌာနတစ်ခုတွင် ဆန္ဒဖော်ထုတ်ပွဲမတိုင်မီ ဌာနတွင်း အရာထမ်း၊ အမှုထမ်းများစုစည်း၍ တစ်ဦးချင်း၊ အဖွဲ့လိုက် ပြဿနာများကိုဖော်ထုတ်စေသည့် အလေ့အကျင့် လုပ်ပေးလေ့ရှိသည်ဟု သိရှိရသည်။ မိမိကိုယ်တိုင် ပြဿနာများကို ရှာဖွေစေခြင်း၊ စိစစ်ဖော်ထုတ်ခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် စဉ်းစားဖြေရှင်းစေခြင်း၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုသော အကြံဉာဏ်များကို တွေးခေါ် စဉ်းစားဖော်ထုတ်စေခြင်း အလေ့အကျင့်ကို ပြုလုပ်ပေးလေ့ရှိသည်ဟုလည်း သိရှိရပါသည်။

တစ်ခါတစ်ရံ ဆန္ဒဖော်ထုတ်ပွဲတစ်ခုလုံးတွင် ဖော်ထုတ်တင်ပြရန်လုံးဝမရှိ၍ ဆွေးနွေးဖြေရှင်းရန် မရှိခြင်းများလည်း ရှိနိုင်ပါသည်။ သို့သော် တစ်ဦးချင်းအခက်အခဲမရှိ၍ တင်ပြရန်မရှိလျှင်သော်မှ အဖွဲ့အစည်းကြီးတစ်ခုလုံးအတွက် တိုးတက်ရာ၊ တိုးတက်ကြောင်း တင်ပြရန် များစွာရှိတတ်ပေ၍ ဆွေးနွေးရန်အချက်တစ်ခုမျှမရှိခြင်းသည် ဖြစ်သင့်ဖြစ်ထိုက်သောအရာမဟုတ်ဟု ယူဆပါသည်။ တစ်ခါတစ်ရံလည်း ဌာနအကြီးအကဲအဆင့်ဆင့်မှ မိမိဌာနအလိုက် ကျေနပ်ဖွယ်ရာ ဖြေရှင်းဆောင်ရွက်ပြီးစီး၍ တင်ပြရန်မရှိသည်လည်း ဖြစ်နိုင်ပါသည်။ သို့သော် အချိန်ကန့်သတ်ချက်ဖြင့် အခါ အားလျော်စွာ ကျင်းပပြုလုပ်ရသော အခွင့်အရေးကို ဆုပ်ကိုင်ရယူတတ်ရန် အရေးကြီးပါသည်။

**အပြောင်းအလဲနှင့်ခေါင်းဆောင်မှု**

ကနဦးတင်ပြချက်တွင်ပါရှိသော ကောင်းမွန်သော အုပ်ချုပ်မှုတစ်ခု၏ ထူးခြားချက်ဖြစ်သည့် ပြည်သူ့လွှတ်တော်ရုံး ဆန္ဒဖော်ထုတ်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ လွှတ်တော်အရာရှိကြီးနှစ်ဦးက အကြံပြုချက် နှစ်ခုကို ဆွေးနွေးပေးခဲ့ခြင်းဖြစ်ပါသည်။ စာရေးသူအနေဖြင့် သတိပြုမိသည်မှာ ဆန္ဒဖော်ထုတ်ပွဲအစ၊ လွှတ်တော်ဥက္ကဋ္ဌ၏အဖွင့်မိန့်ခွန်းတွင် ဝန်ထမ်းများ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်ကို စေတနာပါပါ စေ့ဆော်တိုက်တွန်းမှုပြုခြင်း (Motivation) အပေါ် အရာရှိကြီး နှစ်ဦး၏ ဦးဆောင်နမူနာဖြင့် ကိုယ်တိုင်ဆန္ဒပြု အကြံပေးဆွေးနွေးခြင်းဖြင့် ဝန်ထမ်းများ၏ ပါဝင်အားထုတ်လိုမှုကို ဆွဲဆောင်မှုပြုပေးခြင်းပင် ဖြစ်ပါသည်။ ဝန်ထမ်းများ၏ ပါဝင်ပြောဆိုဆွေးနွေးလိုမှုကို ထိရောက်စေခဲ့သည်ကို တွေ့ရပါသည်။ အပြောင်းအလဲတစ်ခုကို ဆောင်ရွက်လိုလျှင် ကိုယ်ကိုယ်တိုင် ဦးဆောင်ပြမှုဆိုသည့် ခေါင်းဆောင်များကိုယ်တိုင် ရှေ့ကပါဝင်ဦးဆောင်မှုကို ပြသခဲ့သည်ဟုလည်း မှတ်ယူစရာဖြစ်ခဲ့ပါသည်။ ခေါင်းဆောင်များ၏ Motivation နှင့် leadership ထိရောက်ခဲ့ပါသည်။ ထိုနေ့ဆန္ဒဖော်ထုတ်ပွဲသည် လွန်စွာသက်ဝင်ခဲ့ပြီး အရာထမ်း၊ အမှုထမ်းများ ပါဝင်ဆွေးနွေးကြကာ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာများ၊ ကော်မတီရေးရာဆောင် အဆောက်အအုံများပြုပြင်ရန် ကိစ္စများ၊ ဝန်ထမ်းများ ဌာနတွင် လုပ်ငန်းခွင်တည်မြဲရေး၊ ယာဉ်အန္တရာယ်နှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးအဖြေရှာနိုင်ခဲ့ကြပါသည်။ ဝန်ထမ်းများ စိတ်ကျေနပ်ဖွယ်ရာလည်း ဖြစ်စေခဲ့သည်။

**လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်**

အချုပ်အားဖြင့် လွှတ်တော်တစ်ခုတွင် ဝန်ထမ်းများ၏ဆန္ဒဖော်ထုတ်ပွဲတစ်ခုသည် ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ခုတွင် အထူးအလေးပေး အာရုံစိုက်ဆောင်ရွက်သင့်သည့် အရာတစ်ခု ဖြစ်ပါသည်။ အများသဘောတူ ဖြစ်စေလိုသည့်အရာတစ်ခုကို အထူးအရေးပေး အလေးထား ဆုံးဖြတ်ချက်ချ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တွင် ဝန်ထမ်းများ၏ ပူးပေါင်းပါဝင်ခွင့်ကိုပေးခြင်းဖြင့် ရေရှည်တည်တံ့သော လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံလိုအပ်ချက်ကို ဆောင်ရွက်ခြင်းလည်း မည်ပါသည်။ အပြောင်းအလဲတစ်ခုတွင် ခေါင်းဆောင်များကိုယ်တိုင် ပါဝင်တာဝန်ယူ သရုပ်ဆောင်ပြသခြင်းဖြင့် ဝန်ထမ်းများ၏လုံခြုံမှုကို ဖန်တီးပေးကာ အဖွဲ့အစည်းကို ပိုမိုခိုင်မာလာစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

**"ဝန်ထမ်းအဖွဲ့အစည်းတစ်ခုတွင် အချိန်ကာလတစ်ခုသတ်မှတ်၍ ဝန်ထမ်းများ၏ဆန္ဒအမှန်ကို ဖော်ထုတ်ခွင့်ပြုသည့် ဆန္ဒဖော်ထုတ်ပွဲများ လုပ်ဆောင်ကြရစမြဲဖြစ်ပါသည်။ မည်ကာမတ္တ အဖြစ်သဘောမျိုး ဆောင်ရွက်မှုမျိုး မဖြစ်စေဘဲ ဝန်ထမ်းများနှင့် ဌာနအဖွဲ့အစည်း တိုးတက်ရာတိုးတက်ကြောင်းအတွက် စေတနာမှန်ဖြင့်၊ ဝန်ထမ်းများကလည်း မိမိတို့အတွက် အခွင့်အလမ်းကောင်းတစ်ခုအဖြစ် မှတ်ယူ၍ သက်သာချောင်ချိရေးအတွက်လည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့်လည်းကောင်း ဦးတည် လုပ်ဆောင်ကြရပါမည်"**

## အားကစားလေ့ကျင့်နိုင်မည့် ပစ္စည်းများ တည်ဆောက်နေ

**မလှိုင် ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့စည်ပင်သာယာပန်းခြံအတွင်း၌ ပြည်သူ့ကျန်းမာရေးအထောက်အကူဖြစ်စေရန် အားကစားပစ္စည်းများကို မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက တည်ဆောက်ထားရှိပေးမည်ဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သန့်ရှင်းသာယာရေး လူထုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သာမန်ပြုပြင်ခြင်းရန်ပုံငွေဖြင့် စည်ပင်သာယာပန်းခြံအတွင်း၌ ကလေး၊ လူကြီးများ အပန်းဖြေရင်း ကျန်းမာရေးအားကစားလှုပ်ရှားမှုများ လုပ်နိုင်အောင် အားကစားပစ္စည်းငါးမျိုးကိုထားရှိရန် လျာထားငွေကျပ် ၁၅ သိန်းဖြင့် စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။

အားကစားပစ္စည်းများ တည်ဆောက်ခြင်းကို ဇန်နဝါရီ ၁၆ ရက်မှ စတင် ဆောင်ရွက်နေပြီး လုပ်ငန်းများကို ဖေဖော်ဝါရီလ ပထမပတ်ခန့်အတွင်း ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း မလှိုင်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာန အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းထံမှ သိရသည်။

**ဘိုဘို(မလှိုင်)**

**သာယာဝတီမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် စံဟိုင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ခင်မျိုးဝေတို့က ဇန်နဝါရီလ ပထမပတ်အတွင်းက ကွင်းဆင်း စစ်ဆေးစဉ်။** သန့်ဇော်(ပြန်/ဆက်)



## သစ်တောကြိုးဝိုင်းများအနက်မှ ဧက ၁၅၀၀ ကို သဘာဝမျိုးဆက်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်

**မိုင်းယု ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်တာဝန်ခံ တောအုပ်ဦးကျော်အောင်အောင် ဦးဆောင်သော ဝန်ထမ်းများနှင့် လုပ်သားအင်အား ၇၂ ဦးတို့ ပါဝင်သောအဖွဲ့သည် မိုင်းယုမြို့ရှိ မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၏ သစ်တောကြိုးဝိုင်း ၃၁၂၅၃ ဧကအနက်မှ ဧက ၁၅၀၀ အား နောင်အနာဂတ်အတွက် သဘာဝတောထွက် အဖြစ် ရည်ရွယ်လျက် ဇန်နဝါရီ ၁၆ ရက်မှစတင်၍ သဘာဝမျိုးဆက်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ သဘာဝမျိုးဆက်ထိန်းသိမ်းမှုတွင် သဘာဝမျိုးဆက်ရေးယာ ၁၅၀၀ ဧကကို ၀ ဒသမ ၂၅ စံနမူနာကွက်များဖွဲ့၍ တန်ဖိုးရှိပါဝင်ပင်များ စာရင်းကောက်ယူတိုင်းတာ ခြင်း၊ အပင်များအောက်ခြေ ပေါင်းရှင်းခြင်း၊ ပင်ပူးခွာကိုင်းချိုင်ခြင်း၊ အပင်များပေါ်သို့ ရစ်ပတ်တွယ်ဆိုင်းနေသည့် နွယ်များအား ဖြတ်တောက်ခြင်း၊ ကျိုးပဲ့နေပြီး ပုံသဏ္ဌာန်မမှန်သည့် အပင်များအား ငုတ်အတက်များပြန်လည် ထွက်ရှိနိုင်စေရန် သစ်မျိုးများရွေးချယ်ကာ ငုတ်တက်ချွန်ခြင်း၊ နယ်နိမိတ်ဘုတ်တိုင်များ စိုက်ထူခြင်း၊ သဘာဝ မျိုးဆက်သစ်တောဝင်းအတွင်း မီးမဝင်စေရန် မီးတားလမ်း ဖောက်လုပ်ခြင်းစသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နေလျက်ရှိရာ ယင်းဧက ၁၅၀၀ အနက်မှ ဧက ၁၀၀၀ ကို လတ်တလော မျိုးဆက်ထိန်းခြင်း လုပ်ငန်းများဆောင်ရွက်ထားနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်၏ သတ်မှတ်ကာလအတွင်း စံချိန်စံနှုန်းပြည့်မီစွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ခြင်းအားဖြင့် သဘာဝအလျောက်ပေါက်ရောက်နေသည့် တန်ဖိုးရှိသစ်ပင် သစ်တောများကို ထိန်းသိမ်းပြီးဖြစ်သည့်အပြင် အပင်များကျန်းမာကြံ့ခိုင်လာပြီး နောင်အနာဂတ် သဘာဝတောထွက်များ အဖြစ်ရရှိစေရန် ရည်ရွယ်ထားလျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**



## ရဲလုပ်ငန်းစနစ်နှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြော

**နေပြည်တော် ဇန်နဝါရီ ၂၁**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် ဆောင်ရွက်မှုများနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ဒုတိယပတ်အတွင်းက ကိုးရွာသပြေကုန်းအုပ်စု ကိုးရွာသပြေကုန်းကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်ခဲ့ပြီး ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်က မှုခင်းကျဆင်းရေးအတွက် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် ဆောင်ရွက်မှုများ၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်လင်းထက်က မှုခင်းမဖြစ်ပွားစေရေးအတွက် မြို့နယ်အတွင်း လှည့်ကင်း၊ ရပ်ကင်း ဆောင်ရွက်နေမှုများကို ဒေသခံပြည်သူများအား ရှင်းလင်းဟောပြောခဲ့သည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။
(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။
(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။
(ဃ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိသူများ ဖြစ်ရမည်-

(၁) **ဝိဇ္ဇာဘွဲ့များ** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်နှင့်သုတပညာ)။
(၂) **ဝိဇ္ဇာဘွဲ့(နိုင်ငံခြားဘာသာ)များ** (တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ)။
(၃) **သိပ္ပံဘွဲ့များ** (ရုက္ခဗေဒ၊ ဇီဝနည်းပညာ၊ ကုန်ထုတ်ဓာတုဗေဒ)။
(၄) **စိုက်ပျိုးရေးသိပ္ပံပညာဘွဲ့**။
(၅) **တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့**။
(၆) **ဥပဒေဘွဲ့**။
(၇) **နည်းပညာဆိုင်ရာဘွဲ့များ** (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ၊ ချည်မျှင်နှင့်အထည်)။
(၈) **မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့**။

(င) ဘွဲ့လက်မှတ် **(မူရင်း)** နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။
(စ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။
(ဆ) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများအနေဖြင့် ၂၇ နှစ်ထိ လည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်ထိ လည်းကောင်း လျှောက်ထားနိုင်သည်။
(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။
(ဈ) တပ်မတော်မှလေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၁၇ ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များအား တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


NCX
HONDA
DOUBLE
WIN CELEBRATION
2018!
X2
By Honda NCX
SAMSUNG
BUY 1
GET 2
WIN
200,000,000 KYATS
DOUBLE BONUS CELEBRATION 2018
ဆိုင်ကယ်တစ်စီးဝယ်ယူသူတိုင်းအတွက် ကျပ်သိန်း ၂,၀၀၀ ကျော် တန်ဖိုးရှိ နှစ်ကြိမ်ကံထူးနိုင်မည့် ချက်ခြင်းပေါက် ဇလာမပါ ခဲခြစ်ကံစမ်း ဆုမဲများနှင့် ကံစမ်းမဲကူပွန်များ ရယူပါ။
Double Win Celebration 2018 ၏ ကံထူးရှင်စာရင်းများကို၂၀၁၈ ခုနှစ် ဧပြီလတွင်ကြေညာသွားပါမည်
အသေးစိတ် အချက်အလက်များကို မြန်မာတစ်နိုင်ငံလုံးရှိ NCX Myanmar ၏ Honda မော်တော်ဆိုင်ကယ် အရောင်းပြခန်းများတွင် စုံစမ်း မေးမြန်းနိုင်ပါသည်။

Shwe La Min
Congratulations on the Grand Opening of
Shwe La Min Hospital Mawlamyine!
Wishing for growth and success!
We are very proud to provide our Medical Gas Pipe Line System to your Hospitals
Based on the JAPAN INDUSTRIAL STANDARD (JIS).
"The medical gas must be clean, highly pure and supplied under stable pressure"
KITAJIMA
KGM










■ စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
● လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော..
UEC
တကယ–၁၃/၄၀/၀၆၇
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG - Grade 10
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP

၂၀၁၈ – ၁၉ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။
အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင် စောင့်ရှောက်သည်။ Air-con တပ် အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။
DAY CAMP – (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
မူလတန်း၊ အလယ်တန်း – English 4 - skills၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်။
■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
■ (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။
ကျောင်း ● အမှတ်(၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 09 7800 20647, 09 7938 93725, 09 7938 93726, 09 7910 10526
ကျောင်းသူဆောင် ● မြေအမှတ်(၁၅ A နှင့် B) စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● မြေအမှတ်(၄) စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

HONDA | NCX
HONDA
WAVE 100




295,000 ကျပ်
လူတိုင်း လက်ဝယ်ပိုင်ဆိုင်နိုင်ပါပြီ။
GL-AMMK
SUPPORTING CENTURY FINANCE
*စည်းကမ်းသတ်မှတ်ချက်များ
• ကနဦးပေးသွင်းငွေ ၂၉၅,၀၀၀ ကျပ်မှ စတင်ပေးသွင်းပြီး ကျန်ငွေကို လစဉ်အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်ပါပြီ။
(HONDA Wave 100 Drum Brake အမျိုးအစား)
• အသေးစိတ်အချက်အလက်များအတွက် နီးစပ်ရာ Honda NCX Showroom များသို့ သွားရောက်စုံစမ်းနိုင်ပါသည်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/လုပ်ငန်းရှင် ၁၀၀၀ဦးအနက် ၅၀ဦး၏စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်စာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှု (ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် ၅၀ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | အဓိကလုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| **သန်း ၂၀၀၀၀ အထက်** | | | | | |
| ၁ | Kanbawza Bank Ltd | အမှတ်(၆၁၅/၁)၊ ပြည်လမ်း၊ ၂ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| **သန်း ၁၀၀၀၀ အောက်** | | | | | |
| ၂ | Diamond Star Co.,Ltd | အမှတ်-၉၊ စီ-၂၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Manufacturing | |
| ၃ | Myawaddy Bank Ltd | အမှတ်(၁၅၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ ၈ ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၄ | Shwe Taung Development Co.,Ltd | အလုံတာဝါ၊ ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Construction | |
| ၅ | Myanma Economic Holdings Limited | အမှတ်(၁၈၉/၁၉၁)၊ မဟာဗန္ဓုလလမ်း၊ (၅)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Manufacturing | |
| ၆ | Myawaddy Trading Ltd | အမှတ်(၅၅/၆၁)၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၇ | PT Power Trading Co.,Ltd | အမှတ်(၂၃၅/ဘီ)၊ ရှုခင်းသာလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-2 | Trading | |
| ၈ | Thilawa Special Economic Zone Management Committee Co,.Ltd | စက်မှုဇုန်၊ သီလဝါအထူးစီးပွားရေးဇုန်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Services | |
| **သန်း ၅၀၀၀ အောက်** | | | | | |
| ၉ | Jing Hpaw Aung Jade & Jewellery Co.,Ltd | အမှတ်(၆၁၅/၁)၊ ပြည်လမ်း၊ ၂ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Manufacturing | |
| ၁၀ | Myanma Awba Group Co.,Ltd | အမှတ်(၃၃)၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Manufacturing | |
| **သန်း ၄၀၀၀ အောက်** | | | | | |
| ၁၁ | Global Treasure Bank Public Co.,Ltd | အမှတ်(၆၅၃/၆၉၉)၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၁၂ | Shwe Byain Phyu Co.,Ltd | တိုက်-၂၀၊ ရွှေပုံးညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၁၃ | Myanmar Economic Corporation | အလုံလမ်းနှင့် ကမ်းနားလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-2 | Trading | |
| ၁၄ | Asia Energy Co.,Ltd | အမှတ်(၂၉၇)၊ ရွှေတိဂုံဘုရားလမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၁၅ | Bhone Kyaw San Co.,Ltd | ရွာမ၊ ၁၀၅-မိုင်၊ မိုင်းယုကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်း | ပို့ကုန်/သွင်းကုန် | |
| **သန်း ၃၀၀၀ အောက်** | | | | | |
| ၁၆ | Ayeyarwady Bank | အမှတ်(၄၁၆)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၁၇ | Dagon Beverages Co.,Ltd | အမှတ်(၅၅၅/ဘီ)၊ အမှတ်(၄)လမ်းမကြီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Manufacturing | |
| ၁၈ | Shwe Taung Cement Co.,Ltd | အလုံတာဝါ၊ ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Manufacturing | |
| ၁၉ | Co-Operative Bank Ltd | အမှတ်(၃၃၄/၃၃၆)၊ ၂၃လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၂၀ | Aventine Ltd | အမှတ်(၁၂၆/အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-3 | Trading | |
| ၂၁ | Shwe Mè Co.,Ltd | အမှတ်(၁၀၂)၊ စင်ဒရယ်တာဝါ၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၂၂ | Benhur Trading Co.,Ltd | အမှတ်(၁/၃၁)၊ ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊ လှိုင်သာယာစက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၂၃ | Information Technology Central Services Co.,Ltd | အဆောက်အအုံ(၆)၊ အခန်း(၂)၊ MICT Park ၊ လှိုင်တက္ကသိုလ်လမ်း၊ ၁၁ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Services | |
| ၂၄ | Regency Material Trading Co.,Ltd | အမှတ်(၆)၊ အောင်ဆန်းအားကစားကွင်း(အရှေ့ဘက်)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၂၅ | Paing Family International Co.,Ltd | အမှတ်(၃-စီ)၊ ယုဇနလမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ | MTO-1 | Trading | |
| ၂၆ | Steel King Co.,Ltd | အမှတ်(၂၉၆)၊ ဘီ-၂၊ ဧရာဝဏ်လမ်းမကြီး၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၂၇ | First Private Bank Ltd | အမှတ်(၆၁၉-၆၂၁)၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၂၈ | Shwe Than Lwin Media Co.,Ltd | အမှတ်(၂၆၂)၊ ရာဇာဓိရာဇ်အိမ်ရာ၊ အောက်ပုဇွန်တောင်လမ်း၊ ၂ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Services | |
| ၂၉ | Myanmar Thilawa SEZ Holding Public Co.,Ltd | အမှတ်(၂၉)၊ UMFCCI တာဝါ၊ ၁၁ထပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| **သန်း ၂၀၀၀ အောက်** | | | | | |
| ၃၀ | International Beverages Trading Co.,Ltd | အမှတ်-၃၃၊ ပြည်လမ်း၊ ၆မိုင်ခွဲ၊ ၁၁ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၃၁ | Farmer Phoyarzar Co.,Ltd | အမှတ်(၁၈၇)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၃၂ | Myat Myittar Mon Gems & Jewellery Co.,Ltd | အမှတ် မ-၅၆/၅၇၊ ၆လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၃၃ | Construction & Housing Development Bank | အမှတ် ၆၀၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၃၄ | NCX Myanmar Co.,Ltd | အမှတ်(၃၃၃)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၃၅ | Shwe Than Lwin Highway Co.,Ltd | အမှတ်(၁၉၄၉-၁၉၅၀)၊ ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊ ၅ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Services | |
| ၃၆ | Myanmar Imperial Jade Gems & Jewellery Co.,Ltd | အမှတ်(၂၂)၊ ပြည်လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-2 | Gems | |
| ၃၇ | Myanmar Citizens Bank Ltd | အမှတ်(၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၃၈ | Min Dhama Co.,Ltd | အမှတ်(၁၀၃/၁၀၄)၊ ဘုရင့်နောင်လမ်း၊ စက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Construction | |
| ၃၉ | Small and Medium Industrial Development Bank Ltd | အမှတ်(၄၆)၊ ဦးထွန်းငြိမ်းလမ်း၊ ၁၀ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Banking | |
| ၄၀ | Thu Gyi Min Co.,Ltd | အမှတ်(ဂ-၂၂)၊ စုစည်းရပ်၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်း | ပို့ကုန်/သွင်းကုန် | |
| ၄၁ | Billion Soe Kaung San Co.,Ltd | အမှတ်(၉၀)၊ စောဖျင်နုလမ်း၊ ရှမ်းရွာမရပ်ကွက်၊ ကွမ်းလုံမြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်း | အိမ်ဆောက်ပစ္စည်းဆိုင် | |
| ၄၂ | Bhome Yaung Chi Co.,Ltd | အမှတ်(ခ/၉၉-စီ)၊ ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်း | ပို့ကုန်/သွင်းကုန် | |
| ၄၃ | Denko Trading Co.,Ltd | အမှတ်(၁)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၄၄ | Ayeyar Hinthar Trading Co.,Ltd | အမှတ်(၅၃၁)၊ အခန်း(၁၁၀၄၊ ၁၁၀၅၊ ၁၁၀၆)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-2 | Trading | |
| ၄၅ | Kyaw San Co.,Ltd | အမှတ်(ဒီ/၆၉)၊ ကန်သာယာလမ်း၊ FMI ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၄၆ | Auspicious Millennium Trading Group Co.,Ltd | အမှတ်(၁၅၄)၊ ဥယျာဉ်လမ်းသွယ်(၂)၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၄၇ | Mya Gae Trading Co.,Ltd | အမှတ်(၆-အေ)၊ ကံ့ကော်(၃)လမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |
| ၄၈ | Nay Pyi Taw Sibin Bank Ltd | အမှတ်-၉၊ သီရိကျော်စွာလမ်း၊ သီရိရတနာဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် | LTO | Banking | |
| ၄၉ | Shu San Industry Co.,Ltd | အမှတ်(၉)၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | MTO-1 | Trading | |
| ၅၀ | Max Energy Co.,Ltd | အမှတ်(၁၂၃)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | LTO | Trading | |

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/လုပ်ငန်းရှင် ၁၀၀၀ အနက် ၅၀ ၏စာရင်းအား ထုတ်ပြန်ကြေညာခြင်း ဖြစ်ပါသည်။ ကျန်ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်စာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှု(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင် ၅၀ စာရင်း**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | အဓိကလုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| | | **ကျပ်သန်း ၂၀၀၀၀ အထက်** | | | |
| ၁ | Dagon Beverages Co.,Ltd | အမှတ်-၅၅၅ဘီ၊ အမှတ်-၄ လမ်းမကြီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| | | **ကျပ်သန်း ၂၀၀၀၀ အောက်** | | | |
| ၂ | Myawaddy Trading Ltd | အမှတ်-၅၅/၆၀၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃ | Denko Trading Co., Ltd | အမှတ်-၁၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄ | PT Power Trading Co.,Ltd | အမှတ်-၂၃၅ ဘီ၊ ရှုခင်းသာလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-2 | Trading | |
| ၅ | Shwe Byain Phyu Co.,Ltd | တိုက် ၂၀၊ ရွှေပုံးညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၆ | International Beverages Trading Co.,Ltd | အမှတ်-၃၃၊ ပြည်လမ်း၊ ၆-မိုင်ခွဲ၊ ၁၁-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၇ | Asia Energy Co.,Ltd | အမှတ်-၂၉၇၊ ရွှေတိဂုံဘုရားလမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၈ | ဒေါ်မာမာဦး-ဦးဇော်ဝင်း(Royal Myawaddy Distillery Group) | အမှတ်-၉၁၊ မဉ္ဇူလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | Production | |
| ၉ | City Mart Holding Co.,Ltd | အမှတ်-၁-၁၁၊ ပဒုမ္မာကွင်းအရှေ့ဘက်၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| | | **ကျပ်သန်း ၁၀၀၀၀ အောက်** | | | |
| ၁၀ | Regency Material Trading Co.,Ltd | အမှတ်-၆၊ အောင်ဆန်းအားကစားကွင်း အရှေ့ဘက်၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၁ | Farmer Phoyarzar Co.,Ltd | အမှတ်၁၈၇၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၂ | Max Energy Co.,Ltd | အမှတ်-၁၂၃၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၃ | Myanma Economic Holdings Ltd | အမှတ်-၁၈၉/၁၉၁၊ မဟာဗန္ဓုလလမ်း၊ ၅-ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၁၄ | Myat Myittar Mon Gems & Jewellery Co.,Ltd | မ-၅၆/၅၇၊၆-လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၁၅ | Great Genesis Gems Co.,Ltd | အမှတ်-၈၈၆/၈၈၈၊ ပြည်လမ်း၊ ၉-မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-2 | Gems | |
| ၁၆ | Benhur Trading Co.,Ltd | အမှတ်-၁/၃၁၊ ပန်းတည်းဝန်ဦးရွှေဘင်လမ်း၊ လှိုင်သာယာစက်မှုဇုန်-၁၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၇ | Shwe Me` Co.,Ltd | အမှတ်-၁၀၂၊ စင်ဒရယ်တာဝါ၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၈ | Sein Lom Taung Tan Gems Co.,Ltd | အမှတ်-၅၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-2 | Gems | |
| ၁၉ | Mya Gae Trading Co.,Ltd | အမှတ်-၆-အေ၊ ကံ့ကော်-၃လမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၂၀ | Kyaw San Co.,Ltd | အမှတ်-ဒီ/၆၉၊ ကန်သာယာလမ်း၊ FMI လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| | | **ကျပ်သန်း ၅၀၀၀ အောက်** | | | |
| ၂၁ | Wai Aung Gabar Gems Co.,Ltd | အမှတ်-၁၉၊ မပိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-3 | Gems | |
| ၂၂ | Myanmar Economic Corporation | အလုံလမ်းနှင့် ကမ်းနားလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-2 | Trading | |
| ၂၃ | NCX Myanmar Co.,Ltd | အမှတ် -၃၃၃၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| | | **ကျပ်သန်း ၄၀၀၀ အောက်** | | | |
| ၂၄ | Auspicious Millennium Trading Group Co.,Ltd | အမှတ် -၁၅၄၊ ဥယျာဉ်လမ်းသွယ်-၂၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၂၅ | Jing Hpaw Aung Jade & Jewellery Co.,Ltd | အမှတ် -၆၁၅/၁၊ ပြည်လမ်း၊၂-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၂၆ | Ayeyar Hinthar Trading Co.,Ltd | အမှတ် -၅၃၁၊ အခန်း-၁၁၀၄၊ ၁၁၀၅၊ ၁၁၀၆၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-2 | Trading | |
| ၂၇ | Shwe Taung Development Co.,Ltd | အလုံတာဝါ၊ ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Construction | |
| ၂၈ | Yadanar Yaung Chi Gems Co.,Ltd | အမှတ်-၁၁၃/ဘီ၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေပြည်သာစက်မှုဇုန်-၄၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-3 | Gems | |
| ၂၉ | Ayar Jade Co.,Ltd | အမှတ်-၅၁၊ အခန်း-၈၀၁၊ ရွှေဟင်္သာတာဝါ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၃၀ | Myan Shwe Pyi Tractors Ltd | အမှတ်-၁၆၊မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၁ | New Day Energy Co.,Ltd | အမှတ်-၂/၆၊ ကမ္ဘာအေးဘုရားလမ်း၊ ၁၀-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၂ | Nilar Yoma Trading Co.,Ltd | PSH3/-11၊ အမှတ် -၃၄၊ ပန်းလှိုင်လမ်းနှင့်ဗဟိုလမ်းထောင့်၊ ဟုမ်းလမ်းဘူတာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၃ | Steel King Co.,Ltd | အမှတ် -၂၉၆၊ ဘီ-၂၊ ဧရာဝဏ်လမ်းမကြီး၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၃၄ | Shinning Star Light Gems & Jewellery Co.,Ltd | အမှတ် -၂၉၉၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-2 | Gems | |
| ၃၅ | Shwe Tun Co.,Ltd | အမှတ် -၂၄၂၊ ၃၃လမ်း၊ ၈၂×၈၃၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၃၆ | Myo Naing Nine International Trading Co.,Ltd | အမှတ်-၂၃/၂၄၊ အခန်း ၁/၂/၃/၉/၁၀၊ မြေညီထပ်၊ ကျောက်စိမ်း-၃လမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၃၇ | Min Dhama Co.,Ltd | အမှတ်-၁၀၃/၁၀၄၊ ဘုရင့်နောင်လမ်း၊ စက်မှုဇုန်-၄၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Construction | |
| ၃၈ | Pahtama Group Co.,Ltd | အမှတ်-၃၉/အေ၊ ဘုရင့်နောင်လမ်း၊ ၂၇-ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၉ | Super Seven Stars Motors Industry Co.,Ltd | အမှတ်-၄၅/၅၀၊ မြဝတီမင်းကြီးလမ်း၊ အရှေ့ဒဂုံစက်မှုဇုန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၄၀ | Shu San Industry Co.,Ltd | အမှတ်-၉၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၄၁ | Than Taw Myat Co.,Ltd | အမှတ်-၈၊ ပန်းခြံအိမ်ရာ၊ ဒု-ထပ်၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Production | |
| ၄၂ | Six Winner Brothers Co.,Ltd | အမှတ်-၉၊ သီရိမွန်-၁၀လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၃ | Royal Great Asia Co.,Ltd | အမှတ်-၇၉/၈၁၊ အခန်း -၉/အေ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-2 | Trading | |
| ၄၄ | Victory Myanmar Group Co.,Ltd | အမှတ်-41/F၊ ရန်နိုင်ဆွေလမ်း၊ သာကေတစက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Production | |
| ၄၅ | Yadanar Kaung Kin Gems & Jewellery Co.,Ltd | အမှတ်-၂၅၊ အခန်း ၉၀၈၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-3 | Trading | |
| ၄၆ | Octagon International Services Co.,Ltd | အလုံတာဝါ၊ ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Services | |
| ၄၇ | Shwe Taung Cement Co.,Ltd | အလုံတာဝါ၊ ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
